www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နိဗ္ဗကျော်စွာ
ကိုးမြို့ရှင်၊ ပခန်းဦးမင်းကျော် (မြန်မာ့ရိုးရာပုံပြင်အမှတ် - ၅)
နိဗ္ဗကျော်စွာ
- ရန်ကုန်
ရွှေအိမ်မှူးစာပေ၊ ၂၀၀၉။
- ၂၀၄ စာ၊ ၁၂ စင်တီ x ၁၈.၅ စင်တီ။
(၁) ကိုးမြို့ရှင်၊ ပခန်းဦးမင်းကျော် (မြန်မာ့ရိုးရာပုံပြင်အမှတ် - ၅)

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၉၊ စက်တင်ဘာလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် | ၅၁၀၀၃၈၀၇၀၉ | နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၁၀၀၄၂၀၇၈၉ | တို့အရ
ဦးအောင်နိုင်၊ ရွှေအိမ်မှူးစာပေ
အမှတ် (၂၂၉)၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးမြင့်ဝေ
ကံသာပုံနှိပ်တိုက် (၁၈၂)၊ ၃၁ လမ်း၊ ပန်းဘဲတန်းတွင် ပုံနှိပ်သည်။

[redacted]

# အပိုင်း (၁)

# ကိုးမြို့ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို လူတွေက ကိုးမြို့ရှင်လို့ခေါ်ကြတယ်။ ပြီးတော့ သိပ်လည်း ရိုသေကြတာပဲ။ တည်ကြည်ဖြောင့်မတ်တယ်။ ရဲရင့်သစ္စာရှိတယ် ... တဲ့။

တကယ်တော့ လူတွေ လေးစားကြခြင်းရဲ့ အကြောင်းရင်းခံက ကျုပ် ဖခမည်းတော်ကြီးရဲ့ ကျေးဇူးတွေကြောင့်လို့ ထင်ပါတယ်။ ကျုပ်ဖအေက ဘုရင်မို့ သားကြီးဖြစ်တဲ့ ကျုပ်ဟာ အစဉ်အလာအရ အလိုအလျောက် အိမ်ရှေ့စံ ဖြစ်လာရပေမယ့် ဖခမည်းတော်ဘုရင်ကြီးဟာ ကျုပ်ကို တခြားအိမ်ရှေ့စံတွေနဲ့ မတူအောင် လောက်လောက်လားလား ချီးမြှင့်မြှောက်စားခဲ့ပါတယ်။ ကျုပ်ကို ကိုးမြို့၊ ကိုးတံခါး၊ ကိုးဓားနဲ့ ကိုးဖလားကို အပိုင်စားပေးခဲ့တယ်။

ကျုပ်မှာ နှမလေးတစ်ယောက် ရှိတယ်။ ပုလဲယဉ်တဲ့။ ပုလဲလေးလို ဖြူနုပြီး တကယ်ကို ယဉ်ကျေးဖွယ်ရာ အလှပိုင်ရှင်လေးပေါ့။ ကျုပ်နှမလေးကိုလည်းပဲ ဖခမည်းတော်ကြီးက အတော့်ကို မြတ်နိုးယုယတော်မူခဲ့ပါတယ်။



တခြားဘုရင်တွေဆို ဒီလို ဘယ်ဟုတ်ပါ့မလဲ။ သားအရင်း၊ သမီးအရင်းပေမယ့်လည်း ခပ်စိမ်းစိမ်းကြီး ရှိတတ်ကြတယ်။ အထူးသဖြင့် သားကိုဆိုရင် တစ်ချိန် ကိုယ့်ထီးနန်း လုလာနိုင်တဲ့သူမျိုးမို့လို့ အတော်သတိထားပြီး ဆက်ဆံတတ်တယ်။

ကျုပ်တို့ ဖခမည်းတော်ကြီးကတော့ ဒီလို မဟုတ်ပေါင်ဗျာ။ လူတွေကို အရမ်းယုံလွန်းပြီး သဘောလည်း ကောင်းလွန်းတယ်။ ဘာမှ သွေးမတော် သားမစပ်တဲ့ မင်းကျော်စွာဆိုတဲ့ လူတစ်ယောက်ကိုတောင် သားအဖြစ် မွေးစားသတဲ့။ ပြီးတော့ နေရာပေးလိုက်တာလည်း လွန်ရော။ တစ်ခါတလေတော့လည်း ကိုယ့်အဖေကို အဲသည်လောက် သဘောမကောင်းဘဲ ရှိစေချင်မိတယ်။

တကယ်တော့ ဇာတ်လမ်းရဲ့ အစအဆုံးကို ပြန်စဉ်းစားရင် အဲဒီလို သဘောကောင်း ယုံလွယ်မှုကပဲ ကျုပ်တို့ ဖခမည်းတော်ကြီးကို ဒုက္ခပေးနိုင်တာပါလို့ ပြောနိုင်ပါလိမ့်မယ်။

www.burmeseclassic.com



## အခန်း(၁)

ပန်းတောင်းပြည့်ရှင် မင်းစည်သူသည် ရာဇပလ္လင်ထက်မှနေ၍ အခစားဝင်ရောက်လာသော သားတော်နှစ်ပါးကိုကြည့်ကာ အရေးတကြီး အကြောင်းတစ်ရပ်ကို မိန့်မှတ်တော်မူလိုက်၏။

"သားတော် ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့ကို ခမည်းတော် တာဝန်တစ်ခုပေးချင်တယ်"

တာဝန်ဆိုသည့် စကားကြောင့် ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့သည် ခေါင်းများထောင်မတ်သွားသည်အထိ စိတ်ဝင်တစား ဖြစ်သွားကြသည်။ ခမည်းတော်ဆက်မိန့်မည့်စကားတို့ကို အသာနားစွင့်နာခံနေလျက်။



"ခမည်းတော်၏ ရာဇမဟာမိတ်လည်းဖြစ်၊ သစ္စာတော်ခံလည်းဖြစ်တဲ့ မိုင်းပြင်စော်ဘွားကို သားတော်တို့ သိတော်မူကြတယ်မဟုတ်လော"

"မှန်ပါ၊ သားတော်တို့ သိပါတယ်ဘုရား"

မိုင်းပြင်စော်ဘွားကြီးနဲ့ ပတ်သက်တဲ့ ကိစ္စပေပဲဟု ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့ သိလိုက်ကြပြီ။ ဘာအရေးပါလိမ့်ဟုလည်း အတွေးကွန့်မြူးကြည့်ရင်းက ခမည်းတော် ဆက်ပြောမည့် စကားတို့ကို နားစွင့်နေမိ၏။

"မိုင်းပြင်စော်ဘွားမှာ အခက်အခဲတစ်ခုရှိနေတယ်၊ အဲဒါက ကျိုင်းတောင်းစော်ဘွား စောသီဟက မိုင်းပြင်ကို လာရောက်တိုက်ခိုက်နေတာပဲ၊ အင်အားချင်းမမျှလို့ မိုင်းပြင်မြို့ ကျဆုံးလုလုဖြစ်နေတယ်လို့ မကြာခင်ကပဲ ခြေမြန်တော်စေလွှတ်၍ ခမည်းတော်ထံ အကူအညီတောင်းခံခဲ့တယ်၊ ဒီအရေးကို သားတော်တို့

www.burmeseclassic.com

www.burmeseclassic.com



ထမ်းရွက်ရမယ်၊ ဒါကြောင့် ယခုပင် တပ်ချီ
ကာ မိုင်းပြင်သို့ သွားရောက်ကူညီကြချေတော့
သားတော်တို့"

ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့သည် ဖခမည်းတော်၏အမိန့်အား မဆိုင်းမတွပင် သံပြိုင်ပြန့်နာခံလိုက်၏။

"အမိန့်တော်မြတ်ကို နာခံလျက်ရှိကြောင်းပါ
ခမည်းတော်ဘုရား"

"အမိန့်တော်ကို ဦးလည်မသုန် ထမ်းရွက်ပါ
မည် ဘုရား"

မင်းကြီး မင်းစည်သူက ဖျတ်လတ်တက်ကြွရဲရင့်နေဟန်အပြည့်ရှိသော သားတော်နှစ်ပါးကိုကြည့်၍ သဘောတကျ ပြုံးတော်မူသည်။

"အိမ်း ... အိမ်း ... သားတော်တို့ဟာ
ရဲစွမ်းသတ္တိနဲ့ ပြည့်စုံကြသူများ ဖြစ်တယ်၊ ဒါ
ကြောင့် ခမည်းတော်ပေးအပ်တဲ့ အမိန့်တော်ကို
ကျေပွန်အောင် ထမ်းဆောင်နိုင်ကြမယ်လို့ ယုံ



ကြည်ပါတယ်ကွယ်၊ ကဲ ... ကဲ၊ အချိန်မလင့်
သေးခင် အမြန်ဆုံး စီစဉ်စရာရှိတာတွေ စီစဉ်
ပြီး သွားကြချေတော့၊ သားတော် မင်းကျော်စွာ
သားတော်ရဲ့ တပ်အင်အားကို အမြန်ဆုံးဖြည့်
ပါ၊ တပ်အင်အားကို လိုသလောက်သုံးကြ၊
တတ်နိုင်ရင် မိုင်းပြင်ကို စောစောရောက်နိုင်
သမျှ ရောက်အောင်သွားကြပါ၊ မိုင်းပြင်စော်
ဘွား စောခွန်ကြည်ဟာ ခမည်းတော်နဲ့ တ
ကယ့်ကို ချစ်ကြည်ရင်းနှီးမှုရှိတဲ့သူဆိုတော့
သူ့အရေးကို သားတော်တို့ အစွမ်းကုန်ကူညီ
လိုက်ကြပါကွယ်"

မင်းကြီးက မိုင်းပြင်စော်ဘွားအတွက် အတော်ပူပန်နေဟန်ဖြင့် မိန့်မှာလေသည်။

"စိတ်ချတော်မူပါ ခမည်းတော်ဘုရား၊ သား
တော်တို့ အစွမ်းကုန် ကူညီတိုက်ထုတ်ပေးပါ
မယ်"

ကိုးမြို့ရှင်က တက်တက်ကြွကြွ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"စိုးရိမ်တော်မမူပါနှင့် ခမည်းတော်ဘုရား၊ မိုင်းပြင်မြို့ကို ရန်သူလက်တွင်းသို့ မကျရောက်စေရပါဘူး၊ သားတော်တို့ အစွမ်းရှိသလောက် ကြိုးစားပါ့မယ်"

မင်းကျော်စွာက ဝံ့ဝံ့ရဲရဲ အာမခံသည်။ မင်းကြီးက သားတော်နှစ်ပါး၏ စကားကြောင့် နှစ်သက်အားရစွာ ပြုံးတော်မူလိုက်ရင်း -

"သားတော်တို့စကား ကြားရတာ ခမည်းတော် နှစ်ထောင်းအားရမိတယ်ကွယ်၊ ငါ့သားတော်တွေအစွမ်းကို ငါ ယုံလိုက်ပြီ"

ဟု ကျေနပ်စွာ ပြောလိုက်လေတော့၏။

* * *

ခမည်းတော်၏ အမိန့်တော်ကို နာခံပြီး၍ စီစဉ်စရာရှိတာ၊ လုပ်ဆောင်စရာရှိတာတွေကို စီမံရန်အတွက်



ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့ ထွက်လာကြသည်။

"နောင်တော် ... စစ်အင်အားကို ဘယ်လောက် သုံးမယ်လို့ မှန်းထားလဲ"

နန်းတော်တွင်းရှိ အဆောင်ကွေ့တစ်ခုသို့ အရောက် မင်းကျော်စွာက ကောက်ကာငင်ကာ မေးသည်။ မင်းကျော်စွာသည် ကိုးမြို့ရှင်ထက် အသက်အရွယ် မတိမ်းမယိမ်းပေမယ့် ကိုးမြို့ရှင်အား နောင်တော်ဟုသာခေါ်၏။ သားအရင်းမဟုတ်သည့် သူ့အနေနဲ့ သားတော်ရင်း ကိုးမြို့ရှင်အား လေးစားသမှုနှင့် ခေါ်ခြင်းဖြစ်သည်ဟု ကိုးမြို့ရှင်က မှတ်ယူထားသည်။

"မင်းကျော်စွာကရော ဘယ်လောက် သုံးချင်လို့လဲ"

ကိုးမြို့ရှင်က မင်းကျော်စွာကို မင်းကျော်စွာဟုသာခေါ်သည်။ သူ့အနေနဲ့ ညီတော်ရင်း မဟုတ်သော မင်းကျော်စွာကို ညီတော်ဟု မခေါ်ချင်။ ခမည်းတော်ဘုရား မြှောက်စားလွန်းစွာ သားတော်အရာထားခဲ့သော မင်းကျော်စွာသည် အချိန်ပြည့် သောက်စားမူးနေသူ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ သေရည်နံ့ကလေး တသင်းသင်း ရှိဝေဝေ မျက်ဝန်းတို့က အရိအသေတန်လွန်းသည်ဟု ကိုးမြို့ရှင် ထင်သည်။

မင်းကျော်စွာက ဘယ်လောက်ပင် လိုက်လိုက် လျောလျော ဆက်ဆံတတ်ပေမယ့် သူကတော့ မင်းကျော်စွာကို ခပ်မှန်မှန် ခပ်တန်းတန်းသာဆက်ဆံသည်။ ယခုလည်း ခမည်းတော်က သူတို့နှစ်ယောက် ပူးတွဲဆောင်ရွက်ဖို့ အမိန့်တော်ချလိုက်ခြင်းမို့သာ ဤမျှအရေးတယူ ဆက်ဆံခြင်းပင်။

"ညီတော်ကတော့ စစ်အင်အား နှစ်ရာလောက်ဆို လုံလောက်မယ်လို့ထင်တယ်၊နောင်တော့် သဘောကရော"

မင်းကျော်စွာက ကိုးမြို့ရှင်ဘက်သို့လှည့်ကာ သဘောတော်ကို အရေးတယူ တောင်းခံသည်။ ထောင်းခနဲထသွားသော သေရည်နံ့ကြောင့် ကိုးမြို့ရှင်က သိသိသာသာပင် နှာခေါင်းရှုံ့လိုက်၏။ မင်းကျော်စွာက သူ့အဖြစ်ကို ရိပ်မိသွား၍ထင့် မသိမသာ ခေါင်းကိုငုံ့ကာ



နောက်သို့ဆုတ်၏။

"နှစ်ရာလောက် သုံးမယ်ဆိုရင်တော့ လုံလောက်ပါပြီ၊ မင်းကျော်စွာ ... သင်က စစ်အင်အားအတွက် လိုအပ်မည့် တပ်သားတွေကို စုရုံးလိုက်ပါ၊ ကျွန်ုပ်က အခြားစီစဉ်ဆောင်ရွက်စရာရှိတာတွေ စီစဉ်လိုက်မယ်"

"ကောင်းပါပြီ နောင်တော်"

မင်းကျော်စွာက ပါးစပ်ကို ကျယ်ကျယ်မဟဘဲ လေသံနှင့် ပြောလိုက်သည်။ ကိုးမြို့ရှင်က ခေါင်းကိုဆတ်ခနဲ တစ်ချက်ညိတ်ကာ ရှေ့မှ ထွက်ခွာလာခဲ့သည်။ စစ်ချီရာတွင် သုံးမည့်အသုံးစရိတ်အတွက် အသပြာထုတ်ရန် ဘဏ္ဍာတိုက်ဆီသို့ လှမ်းလာခဲ့သည်။ လှမ်းလာရင်းမှ မင်းကျော်စွာအကြောင်း စဉ်းစားမိကာ မျက်မှောင်ကြုတ်လိုက်မိသည်။

ခမည်းတော်ဆီ အခစားဝင်ရမည်ကို သိလျက်နှင့် မင်းကျော်စွာသည် သေရည်သောက်လာသည်ကို တွေးမိကာ စိတ်ထဲခုမျက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မင်းကျော်စွာကို သားတော်တစ်ပါးအဖြစ် ခမည်းတော်ဘုရားက သူကောင်းပြုခဲ့သည်ကို သူက သိပ်မကျေနပ်ချင်။

မင်းကျော်စွာ၏ ဖခင်မှာ ခမည်းတော်၏ အထူးချစ်ခင်ယုံကြည်ရသော အထိန်းတော် ဗလကျော်ဒင်ဖြစ်သည်။ အထိန်းတော်ကြီး ကွယ်လွန်ခဲ့သည်နှင့် ခမည်းတော်က မင်းကျော်စွာကို သားအရာထား မြှောက စားခဲ့သည်။ သူ့အဖို့ မင်းကျော်စွာအား ဘဝင်မကျချင်စရာ အချက်များစွာရှိသည်။ မင်းကျော်စွာသည် ဘုရင့်သားဖြစ်ပြီဆိုသည်နှင့် ရောင့်တက်လာခဲ့၏။ ဦးညို ဆိုသည့် အိမ်တော်ဝန်ကို ခန့်အပ်ကာ အချိန်ရှိသရွေ့ သောက်စားမူးယစ်နေသူ။ ဒါ့အပြင် လောင်းကစားနှင့် မိန်းမများပါ အပျော်ဖက်လိုက်သေးသည်။

ဒါပေမဲ့ မင်းကျော်စွာမှာ ကောင်းကွက်တစ်ကွက်တော့ ရှိပါသေးတယ်။ သူက မြင်းစီးအလွန်ကျွမ်းကျင်ပြီး တိုက်ရေးခိုက်ရေးမှာ သူမတူအောင် ထက်မြက်လှတယ်ဆိုတဲ့ အချက်ပဲ။



အဲဒီအချက်ကလေးကြောင့်ပဲ ခမည်းတော်က ဗိုလ်မှူးမင်းကျော်စွာအဖြစ်မှ သားတော်အဖြစ် အရာထားမြှောက်စားခဲ့တာနေမှာပေါ့။ ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ မင်းကျော်စွာဟာ ညီတော်တစ်ယောက်အဖြစ် ဘယ်တော့မှဖြစ်မလာစေရဘူး။ ဒါ သူ့ဆုံးဖြတ်ချက်။ သူ့ခံယူချက်။ သူ့အတွေးပဲ။

သင့်ကို ငါ့ရဲ့ညီတော်တစ်ပါးအဖြစ် ဘယ်တော့မှ မသတ်မှတ်ဘူးဆိုတာ သင်သိထားပါ မင်းကျော်စွာရဲ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့ ဦးဆောင်သော တပ်ဖွဲ့သည် ရှမ်းပြည်နယ်သို့ ကသုတ်ကယက် ချီတော်မူခဲ့ကြသည်။ မိုင်းပြင်သို့မရောက်မီ လမ်းတွင် ခရီးတစ်ထောက်နား စခန်းချသည်။

မိုင်းပြင်စော်ဘွားထံ တမန်တော်တစ်ဦး စေလွှတ်ကာ သူတို့ စစ်ကူရောက်လာပြီဖြစ်ကြောင်း အကြောင်းကြားစေလိုက်သည်။

မှောင်စလည်း ပျိုးပြီ။ လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်းလှခြင်းကြောင့်သာ သူတို့ စခန်းချနားမှသာ သင့်တော်ပေလိမ့်မည်ဟု ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။



ထုံးစံအတိုင်း မင်းကျော်စွာတစ်ယောက် သေရည်တမြမြနှင့် ဖြစ်နေပြီ။ ဒီပုံအတိုင်းဆို နံနက်ခရီးဆက်ရန် အဆင်ပြေနိုင်ပါဦးမလားဟု ကိုးမြို့ရှင်က တွေးသည်။

မင်းကျော်စွာကြည့်ရတာ အပူအပင်မရှိသလိုဘဲ။ အေးအေးလူလူ သေရည်သောက်ကာ ပျော်မြူးနေပုံရသည်။ သူကတော့ မိုင်းပြင်စော်ဘွား စောခွန်ကြည်အတွက် ပူပန်နေမိ၏။ သူပုန်တပ်ကို ဘယ်လိုများရင်ဆိုင်နေရရှာပါလိမ့်။ တော်တော်အရေးမလှ၍သာ သူတို့ထံ စစ်ကူတောင်းခဲ့ခြင်းဖြစ်မည်။ အားကိုးတကြီး အကူအညီ တောင်းခံလာသည့်အတွက် မဟာမိတ်နိုင်ငံ မိုင်းပြင်ကို ရန်သူ့လက်အတွင်းသို့ မကျစေလိုပေ။ ခမည်းတော်ကလည်း အားကိုးယုံကြည်လို့သာ သူတို့နှစ်ဦးကို စေလွှတ်ခဲ့တာလေ။ ဒီအတွက် အစွမ်းကုန် ကာကွယ်တိုက်မည်ဟု သူဆုံးဖြတ်ထားသည်။ မင်းကျော်စွာကရော စစ်အခြေအနေအတွက် ဘာတွေ တွေးထားပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးမြို့ရှင်က ထိုသို့တွေးကာ မင်းကျော်စွာထံ လှည့်ကြည့်သည်။ မင်းကျော်စွာတစ်ယောက် လမ်းတွင် သတ်ဖြတ်လာသော ဒရယ်ကောင်ကြီးကို မီးဖိုတွင်ကင်ကာ သေရည်နှင့်မြည်းနေ၏။ ထိုမြင်ကွင်းမျိုးကို ကိုးမြို့ရှင်က မနှစ်မြို့စွာ မျက်မှောင်တစ်ချက်ကြုတ်လိုက်သည်။

ဘယ့်နှယ့်လဲ။ မင်းကျော်စွာတစ်ယောက် သူ့ကိုယ်သူ တောကစားထွက်လာသည်ထင်ပ။ ပျော်မြူးနေလိုက်တာ။ အနားတွင်လည်း သေရည်ဆက်သူက ဆက်၊ ဒရယ်သား နှာပေးသူက နှာပေးနှင့် စည်းစိမ်ခံ ဇိမ်ကျနေလိုက်တာ။ ဒင်းကို သွားပြောပြန်ရင်လည်းမနာလိုလို့ ပြောတယ်ထင်ဦးမယ်။ ဒင်းအချိုးတွေက မျက်စိစပါးမွေး စူးလိုက်တာ။ တောက် ...။

ကိုးမြို့ရှင် ထိုသို့တွေးရင်း စိတ်ပျက်ဒေါသထွက်လာရကာ မင်းကျော်စွာထံမှ အကြည့်တို့ကို ရုတ်ခြာလျက် အဝေးသို့ပို့ထားလိုက်သည်။

လရောင်သည် အချို့သစ်ပင်ထက်များဆီသို့



ခပ်ဖျော့ဖျော့ဖြာကျနေသည်။ လပြည့်ည မဟုတ်သည့်အတွက် ဝန်းကျင်ကို ဝိုးတဝါးသာ မြင်နေရ၏။ ညဉ့်လေသည် ကသုန်သုန်တိုက်ခတ်နေလျက်ရှိရာ လရောင်ဆမ်းထားသော သစ်ရွက်သစ်ခက်များ၏ တကျိုကျိုရိုက်ခတ်မြည်သံ၊ တိရစ္ဆာန် အကောင်ဗလောင်လေးများအော်မြည်သံ တစီစီကို ကြားနေရသည်။ တစ်ချက်တစ်ချက် ချေဟောက်သံတို့၊ မြွေတွန်သံတို့ကိုပါ ကြားရသေးသည်။ ကိုးမြို့ရှင်သည် စိတ်ပြေလက်ပျောက်ဖြစ်ရန် ဝန်းကျင်ကို အကဲခတ်ကြည့်ရှုနေတုန်း သူ၏နောက်နားဆီမှ ခြေသံတဖျတ်ဖျတ်ကို ကြားလိုက်ရ၍ လှည့်ကြည့်မိသည်။

"နောင်တော် ... ဘာတွေများ တွေးနေငေးနေတာတုန်း၊ ညီတော် လှမ်းကြည့်လိုက်တော့ ငူငူကြီး ထိုင်ငေးနေတဲ့ နောင်တော်ကိုတွေ့လိုက်ရတယ်၊ ဘာလဲ၊ နောင်တော်က မိုင်းပြင်ကတိုက်ပွဲကို ကြိုတွေးပူနေတယ် ထင်ပ"

အာလေးလျှာလေးသံကြီးဖြင့် ပြောသော

www.burmeseclassic.com



မင်းကျော်စွာကိုကြည့်ကာ ကိုးမြို့ရှင်တစ်ယောက် စိတ်ပျက်သွားမိသည်။ မင်းကျော်စွာက ဘာမှဂရုထားပုံမရဘဲ ကိုးမြို့ရှင်၏ ဘေးသို့ ဈွေ့ခနဲဝင်ထိုင်ကာ –

"နောင်တော်အတွက် ယူလာတာ၊ သုံးဆောင်တော်မူပါဦးလား"

လက်တွင် ကိုင်ထားသော ဒရယ်ကင်သားကို လှမ်းပေးကာ ပြောသည်။ ကိုးမြို့ရှင်က အနားတွင်ထိုင်ကာ သေရည်နံ့တထောင်းထောင်းထနေသော မင်းကျော်စွာကို ရွံ့မုန်းသလို တစ်ချက်ကြည့်ကာ ဆတ်ခနဲထရပ်လိုက်သည်။

"ဒီမှာ မင်းကျော်စွာ၊ ခုလာတဲ့ ခရီးဟာ သင့်ရဲ့ပျော်ပွဲစားခရီးများမှတ်နေသလား၊ ကိုယ့်ကိုယ်ကိုလည်း သတိထားဆင်ခြင်ပါဦးလေ"

ကိုးမြို့ရှင်၏ မာမာထန်ထန်ရှိလှသော စကားကို မင်းကျော်စွာက သဲဘောကျသလို တစ်ချက်ပြုံးလိုက်ကာ –

"နောင်တော်က ညီတော်ကို တော်တော်အထင်



သေးတာပဲ၊ ညီတော် သေရည်သောက်လို့ နောင်တော် သဘောတော်မကျဘူးထင်တယ်၊ အမျက်တော်မရှုပါနဲ့ နောင်တော်ရယ်၊ ညီတော်က သေရည်သောက်ထားပြီးရင် ရန်သူအယောက်နှစ်ဆယ်လောက်ကို တစ်ကိုယ်တည်း တိုက်ခိုက်နိုင်ပါတယ်၊ သေရည်သောက်ထားတဲ့အတွက် နံနက်ဖြန် မိုင်းပြင်အတွက် တိုက်ပွဲကို ထိခိုက်မှာ နောင်တော် စိုးရိမ်တော်မမူပါနဲ့၊ သေရည်ဆိုတာ ညီတော်ရဲ့ အားဆေး၊ ဟား ဟား … အားဆေးလေးတစ်ခွက်ပါ"

ကပျက်ကချော် အမူအရာနှင့် ပြောနေသော မင်းကျော်စွာရဲ့ အမူအရာကြောင့် ကိုးမြို့ရှင်တစ်ယောက် ထောင်းခနဲ ဒေါသထွက်သွားရသလို တစ်ခုခုပြောရန် ပြင်လိုက်စဉ် အဝေးဆီမှ ဒုန်းစိုင်းစီးနင်းလာသော မြင်းခွာသံကို ကြားလိုက်ရလေ၏။ ကိုးမြို့ရှင်ရော၊ မင်းကျော်စွာပါ အသံလာရာဆီသို့ ပြိုင်တူလှည့်ကြည့်မိကြသည်။ မြင်းစီးလာသူသည် သူတို့ရှိရာသို့ ဒုန်းစိုင်း

www.burmeseclassic.com

www.burmeseclassic.com



နှင်လာခြင်းပင်။ အနားသို့ရောက်မှ မိုင်းပြင်သို့ စေလွှတ်လိုက်သော တမန်တော်မှန်းသိလိုက်ရသည်။

"ဟဲ့ ... ဘာဖြစ်လာတာလဲ"

ကိုးမြို့ရှင်က စိုးထိတ်စွာဖြင့် လှမ်းမေးလိုက်၏။ တမန်တော်က မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ သူတို့ရှိရာသို့ အလျင်အမြန် အခစားဝင်လိုက်ပြီး -

"မိုင်းပြင်စော်ဘွားကြီး မိန့်မှာလိုက်သောသတင်းများ ပါ,ပါတယ်ဘုရား"

"ဘာတွေများ မိန့်မှာလိုက်သတုံး၊ အမြန်လျှောက်တင်ချေစမ်း မောင်မင်း"

ကိုးမြို့ရှင်က တမန်တော်အား အလောတကြီးပင် မေးလိုက်သည်။

"မိုင်းပြင်နယ်သည် ရန်သူ့လက်တွင်းသို့ ကျရောက်လုဆဲဆဲ အခြေအနေဖြစ်နေပါသည်ဘုရား၊ အခြေအနေ မကောင်းလှပါ၊ ဖြစ်နိုင်ရင် အရှင်တို့တပ်ကို မိုင်းပြင်နယ်သို့ အမြန်ဆုံးလာခဲ့စေချင်ကြောင်း မိန့်မှာလိုက်ပါတယ်၊မိုင်း



ပြင်စော်ဘွားကြီးမှာ ဒဏ်ရာအပြင်းအထန် ရထားပါတယ်ဘုရား"

တမန်တော်ရဲ့ တင်လျှောက်သံအဆုံးတွင် ကိုးမြို့ရှင်က မင်းကျော်စွာဘက် လှည့်ကာ "ကဲ ... ဘယ့်နှယ့်လုပ်မလဲ"ဟူသော သဘောမျိုးဖြင့်ကြည့်သည်။

"လမ်းပန်းဆက်သွယ်ရေး အခြေအနေရော ဘယ်လိုရှိလဲ မောင်မင်း"

မင်းကျော်စွာက မေးလိုက်သည်။

"လမ်းပန်းအခြေအနေက သိပ်တော့မကောင်းလှကြောင်းပါ၊ ရှေ့တွင် တောင်တန်းအထပ်ထပ်နှင့် လျှိုမြောင်ချိုင့်ဝှမ်းတွေကိုလည်း ဖြတ်ကျော် ရပါဦးမယ်ဘုရား"

"ကျုပ်ကတော့ အခုညတွင်းချင်းပဲ တပ်ချီချင်တယ်"

ကိုးမြို့ရှင်က သူ့ဆန္ဒကိုပြောရင်း မင်းကျော်စွာ၏ သဘောကို တောင်းခံသလိုနှင့်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ လုပ်ရတော့မှာပေါ့"

မင်းကျော်စွာကလည်း သဘောတူသလို ပြောလိုက်၏။

ထို့နောက် သူတို့သည် ညတွင်းချင်းပင် တောတောင်အထပ်ထပ်၊ လျှိုမြောင်ချိုင့်ဝှမ်း အသွယ်သွယ်ကို ဖြတ်ကျော်ကာ ကသုတ်ကယက်ပင် ချီတော်မူခဲ့ကြတော့သည်။

* * *

ထင်ထားသည်ထက်ပင် ပို၍ ဆိုးရွားခဲ့သည်။ မိုင်းပြင်သည် ရန်သူတို့လက်အတွင်း၌ ယဲ့ယဲ့သာကျန်တော့သည်။ ရှိသမျှအင်အားနှင့် ခုခံနေရှာ၏။

"ဒီပုံအတိုင်းဆို မကြာခင် ရန်သူ့လက်အတွင်း သက်ဆင်းရတော့မည်၊ ကဲ ... ဘယ့်နှယ့်လုပ်ကြမှာတုန်း၊ ကြံစမ်းပါဦး မင်းကျော်စွာ"

ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့ ခေါင်းချင်းဆိုင်



ဆွေးနွေးရပြီ။

"ဒီအတိုင်း ဒရကြမ်း ထိုးဝင်သွားလို့ မဖြစ်ချေသေးဘူး၊ အသာစီးရနေတဲ့ ရန်သူတွေ နောက်ဆုတ်ပြေးဖို့ အခွင့်အရေးပေးသလို ဖြစ်သွားမှာပေါ့၊ နောင်တော်နှင့် ညီတော် တစ်ဖက်စီ ညှပ်ပူးညှပ်ပိတ်တိုက်ကြအောင်၊ ဒါမှ ရန်သူကို အမိအရ လက်ဝယ်ဖမ်းမိနိုင်မှာ"

မင်းကျော်စွာက ဤကဲ့သို့ အကြံပေး၏။ ကိုးမြို့ရှင်ကလည်း လက်ခံသဘောတူသည်။

စီစဉ်ထားသည့်အတိုင်း ကိုးမြို့ရှင် ဦးဆောင်သောတပ်ဖွဲ့က မြို့၏အရှေ့ဘက်မှ ဝင်တိုက်သည်။ မင်းကျော်စွာက တောင်ဘက်မှတပ်ချီသည်။

ကျူးကျော်တိုက်ခိုက်လာသော ကျိုင်းတောင်းတပ်တို့သည် ဘွားခနဲပေါ်လာသော ရန်သူ့တပ်များ၏ ထိုးနှက်တိုက်ခိုက်မှုကို မတိမ်းမရှောင်နိုင်စွာ သွေးရူးသွေးတန်းဖြင့် ဆုတ်ခွာထွက်ပြေးရန် ကြိုးစားသည်။

သို့သော် သူတို့အကြံမှာ မအောင်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ကိုးမြို့ရှင်နှင့် မင်းကျော်စွာတပ်များ၏ ညှပ်ပူးညှပ်ပိတ် အတိုက်ခံရမှုကြောင့် မလှုးသာမလွန့်သာဖြင့် အတုံး အရုံး ကျဆုံးကြရရှာသည်။

စစ်ကူများ ရောက်ရှိလာပြီဖြစ်၍ မိုင်းပြင်တပ်များ အားတက်သွားကာ ခုနက ပြိုပျက်စပြုနေသော စိတ်များ ရုတ်ခြည်းနိုးကြားလာတော့၏။ အားကြိုးမာန်တက်ပင် ရန်သူတပ်များကို ခုခံတိုက်ခိုက်တော့သည်။

သူပုန်တို့သည် နေရာတိုင်းတွင် အရေးနိမ့်နေကြပြီ။ မိုင်းပြင်တပ်များက တစ်ဖက်၊ ကိုးမြို့ရှင်တပ်များက တစ်ဖက်၊ မင်းကျော်စွာ တပ်များကလည်း တစ်ဖက်၊ ဤသို့ သုံးဖက်သုံးတန် ညှပ်တိုက်ခံနေရာ အခြေအနေမှာမလှတော့။ နန်းပလ္လင်ကို လုနိုင်ဖို့ဝေးစွ။ မိမိအသက်ကို ဘယ်နားဝှက်ရမှန်း မသိတော့သည့် အခြေအနေတွင် မျက်ကလဲဆန်ပြာ ဖြစ်နေရရှာသည်။

ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့၏ အရည်အသွေးကလည်းပြောင်သည်။ ကြိုးစား၍ တိုက်ကြခိုက်ကြသည်။



နောက်ဆုံးတွင် ကျူးကျော်လာသူ ကျိုင်းတောင်းစော်ဘွား စောသီကို လက်ဝယ်ရလိုက်တော့သည်။ သို့သော် မိုင်းပြင်စော်ဘွား စောခွန်ကြည်တစ်ယောက်မှာတော့ မိမိဘက်မှ အနိုင်ရမှုကြီးကို မသိနိုင်တော့ပေ။ စစ်ကူများ မရောက်ခင်မှာဘဲ ကျဆုံးခဲ့ရရှာလေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

အမှန်တော့ ယခုချိန်သည် အောင်ပွဲအတွက် မြိန့်မြိန့်ကြီး ပြုံးပျော်နေရမည်ဖြစ်သည်။ ယခုမူ ထိုသို့ မဟုတ်ခဲ့။ ပျော်ရွှင်ဖွယ်ရာ ဖြစ်စေမည့်အချိန်တို့ကို ပူဆွေး ဝမ်းနည်းခြင်းတွေဖြင့် နေရာယူထားကြလေပြီ။

မိုင်းပြင်စော်ဘွား စောခွန်ကြည်၏ ဈာပနကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးသည်အထိ ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့မှာ အပူမအေးနိုင်သေး။ စော်ဘွားကြီး စောခွန်ကြည်တွင် ကျန်ရစ်ခဲ့သော လူမမယ်သားတော်နှစ်ပါးအတွက် သူတို့ အလွန်ပင် ကရုဏာသက်မိကြရသည်။

ခွန်ချို့နှင့်ခွန်သာဟူသော ဤကလေးနှစ်



ယောက်ကို သနားကရုဏာဖြစ်မိသည်မှစ၍ သံယောဇဉ်တွယ်မိသွားရပြီ။

ယခုဆို မိုင်းပြင်နယ်ကို အုပ်ချုပ်ရန်အတွက် ရှမ်းမှူးမတ်တို့က သူတို့သဘောတူသူကို ရွေးချယ်တင်မြှောက်ပြီးကြပြီလေ။

မင်းအသစ်၏ အုပ်ချုပ်မှုအောက်တွင် ဤလူမမယ်ကလေးနှစ်ယောက် ဘယ်လိုကြီးပြင်းကြမည်လဲ။ တစ်ချိန်ချိန်မှာ နန်းပလ္လင်ကို လုမည့်သူများဟု စော်ဘွားသစ်ကတွေးကာ ရန်ပြုလေမလား။

ထို့အတွက် ကိုးမြို့ရှင်နှင့် မင်းကျော်စွာမှာ ရတက်မအေးနိုင်တော့။ ထို့ကြောင့် နှစ်ယောက်သား ခေါင်းချင်းဆိုင် တိုင်ပင်ကြရပြီ။

"ကဲ … နောင်တော်၊ ဘယ်လိုလုပ်ကြမှာတုန်း၊ ကလေးနှစ်ယောက်ကို ဒီအတိုင်းထားခဲ့လို့ ဖြစ်ပါ့မလား၊ ညီတော်ကတော့ စိတ်ပူမိတယ်"

"ကျုပ်လည်း အဲဒီကိစ္စကို စဉ်းစားနေတာ၊

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်ကို နေပြည်တော်ကို ခေါ်သွားရင် ကောင်းမယ်ထင်တယ်၊ မင်းကျော်စွာ သဘောကရော”

“ညီတော်လည်း ဤသို့ စဉ်းစားမိပါတယ်၊ နောင်တော် သဘောမတူမှာစိုးလို့”

“ကဲ … ဒါဆိုရင် ကျုပ်တို့တွေ ကလေးနှစ်ယောက်ကို နေပြည်တော်ခေါ်သွားမယ့် အကြောင်း သွားပြောရအောင်”

ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့သည် နှစ်ဦးသား သဘောတူညီမှုရပြီမို့ ကလေးနှစ်ယောက်ကို တောင်းခံရန် လာခဲ့ကြသည်။

* * *

တိုက်တိုက်ဆိုင်ဆိုင်ပင် သူတို့ရောက်သည့်အချိန်၌ ညီလာခံကျင်းပနေသည်နှင့် ကြုံသည်မို့ တစ်ခါတည်း အများဗိုလ်ပါရှေ့၌ပင် ပြောကြားလိုက်တော့



သည်။

“ခွန်ချိုနှင့် ခွန်သာ ကလေးနှစ်ယောက်ကို ကျုပ်တို့ကို ခေါ်သွားခွင့်ပြုပါ၊ ကျုပ်တို့ ဒီကလေးနှစ်ယောက်ကို သားအရင်းလို ပြုစုစောင့်ရှောက်မှာပါ”

ကိုးမြို့ရှင်က ဦးဆောင်ပြောကြားလိုက်သည်။ ညီလာခံအတွင်းတွင် မှူးမတ်ဗိုလ်ပါ ဝန်ကြီးများ ခေါင်းချင်းဆိုင် တီးတိုးတီးတိုး ဖြစ်ကုန်ကြသည်။

“ကျုပ်တို့က ဒီသားတော်နှစ်ပါးကိုသံယောဇဉ်တွယ်သွားမိလို့ပါ၊ ကျုပ်တို့လက်အောက်မှာနေရင် ဒီကလေးတွေအတွက် ပိုပြီးသင့်တော်မယ်ထင်ပါတယ်၊ ဒါကြောင့် ကျုပ်တို့ကိုစောင့်ရှောက်ခွင့်ပြုပါ”

မင်းကျော်စွာကလည်း ဝင်ရောက်ပြောသည်။

စော်ဘွားသစ်သည် မည်သို့ဆုံးဖြတ်ရမည်မှန်းရုတ်တရက် စဉ်းစားမရ။ သူ့အနေနဲ့ တောင်းခံလာသူကိုလိုက်လျောလေလျှင်လည်း အကဲ့ရဲ့ခံရဦးမည်။ မလိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှောလျှင်လည်း သံသယအကြည့်တို့က လွတ်မည် မဟုတ်မှန်းသိသည်။ ဝေခွဲမရစွာနှင့်ပင် မှူးမတ်တို့၏ ဆန္ဒတော်ကိုသာ မေးမြန်းကြည့်လိုက်၏။

"အမတ်ကြီးတို့ သဘောကရော အဘယ်သို့ ရှိသနည်း၊ လျှောက်ကြပါဦး"

"ကျွန်တော်မျိုးတို့ သဘောကတော့ ခွန်ချိုနှင့် ခွန်သာ သားတော်နှစ်ပါးအတွက် မဟာမိတ် နိုင်ငံ ပန်းတောင်းပြည့်ရှင်မင်းမြတ် မင်းလှ စည်သူ၏ သားတော်နှစ်ပါး၏ တောင်းဆိုမှု ကို လက်ခံသင့်ပါကြောင်း လျှောက်ထားအပ် ပါသည်ဘုရား"

စော်ဘွားသစ်က အမတ်ကြီးတို့၏ လျှောက် တင်မှုကို ခေါင်းတဆတ်ဆတ်ညိတ်ကာ ဘဝင်ကျသလို ရှိသည်။ သူ့အဖို့ ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာ နည်းကိုသာ သုံးသင့်သည် မဟုတ်လား။

"အမတ်ကြီးတို့သဘောက ဒီလိုရှိနေမှတော့ ကိုယ်တော် သဘောတူတော်မူပါတယ်"



မှူးကြီးမတ်ရာများကို လှမ်းပြောလိုက်ရင်းမှ- "အကြည်တော်တို့ တောင်းဆိုမှုကို အကျွန်ုပ် လက်ခံပါတယ်"

စော်ဘွားသစ်က ထိုသို့ပြောလိုက်ရာ လက်မခံ လို့ကော ရမတဲ့လားဟု ကိုးမြို့ရှင်ကတွေးသည်။ စော် ဘွား စောခွန်ကြည်ရဲ့ နေရာကို သူတို့ကိုယ်တိုင် ကြည် ကြည်ဖြူဖြူ နန်းတင်ပေးခဲ့တာလေ။

ကလေးတွေရဲ့ နောင်ရေးအတွက် ပြုစုစောင့် ရှောက်ဖို့ ခေါ်တဲ့ သူတို့ကိုတောင် အဲဒီစော်ဘွားက ကျေးဇူးတောင် ကြိတ်တင်ချင်တင်နေဦးမှာ။

ဘာပဲဖြစ်ဖြစ် ကလေးတွေကို သံယောဇဉ်ရှိရှာ လွန်း၍ ပြုစုစောင့်ရှောက်ဖို့ ဆုံးဖြတ်ပြီးပြီ။

ဒီကိစ္စက ခမည်းတော်ကရော သဘောတူပါ့ မလား။

ဘာမှ သွေးမတော်သားမစပ် မင်းကျော်စွာကို တောင် မွေးစားသေးတာပဲ။ အဖမဲ့ရှာတဲ့ ဒီဖတဆိုး ကလေးနှစ်ယောက်ကို ခေါ်လာတာကိုတော့ သဘော

www.burmeseclassic.com

www.burmeseclassic.com



မတူစရာ မရှိပါဘူး။

ခမည်းတော်ဘုရားက သဘောမနောကောင်း လွန်းတဲ့ သူတစ်ယောက်ပဲလေ။ ကြည်ဖြူနိုင်မှာပါဟု ကိုးမြို့ရှင်တစ်ယောက် တွေးမိသည်။

"ကဲ ... အခုတော့ ဆောင်ရွက်စရာတွေ လည်း ဆောင်ရွက်ပြီးပြီမို့ ကျွန်ုပ်တို့ နံနက်ဖြန် မိုးသောက်တာနဲ့ ပြန်တော့မယ်"

မင်းကျော်စွာအသံကြောင့် အတွေးလွန်နေသော ကိုးမြို့ရှင်တစ်ယောက် သတိပြန်ဝင်လာခဲ့သည်။

မင်းကျော်စွာက နှုတ်ဆက်အသိပေးစကား တောင် ပြောနေပြီ။ သူ့ကိုလည်း ပြန်မယ့်အကြောင်း ဘာမှမပြောထားပါလား။ အေးလေ၊ မနက်ဖြန်ပြန်တာ ပဲ ကောင်းပါတယ်။ ဒီမှာ သူတို့ရောက်နေတာ တော် တော်ကြာခဲ့ပြီ မဟုတ်လား။

"အစစအရာရာ အားလုံးအတွက် ကျေးဇူး အထူးတင်ရှိပါကယ် အကြည်တော်၊ နောက် များမှာလည်း ကျွန်ုပ်တို့ပြည်ကို ချစ်ကြည်



ရင်းနှီးစွာ ဝင်ထွက်ပါဦး၊ မိုင်းပြင်နှင့် ပန်း တောင်းဟာ ရာဇမဟာမိတ်ပဲ၊ ကျွန်ုပ်လည်း အသင်တို့ပြည်ကို တိုင်းပြည်အခြေကျသွား ရင်တော့ ရောက်လာခဲ့ပါဦးမယ်"

စော်ဘွားသစ်ကလည်း ကြည်ရွှင်ပျစွာဖြင့် ပြောကြားသည်။

"ကောင်းပါပြီ အကြည်တော်"

မင်းကျော်စွာက ပြန်လည်ပြောကြားလိုက် သည်။

ကဲ ... ပြီးပြီ။ လုပ်ဆောင်စရာတွေတော့ ပြီးသွားပြီ။ နံနက်ဖြန် မိုးသောက်ရင်တော့ ပန်းတောင်းကို ပြန်ဖို့ ပြင်ရဦးမယ်။ နှုတ်ဆက်ခဲ့ပါတယ် မိုင်းပြင်ရေ။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၄)

ပန်းတောင်းပြည်သို့ ချောချောမွေ့မွေ့ပြန်ရောက်လာသော သားတော်နှစ်ပါးမှာ အောင်ပန်းကိုဆွတ်ခူးနိုင်ခဲ့သလို အမိန့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း ဘုရင်ကြီး မင်းစည်သူ နားလည်သဘောပေါက်မိသည်။

ဒါကြောင့်ပင် အောင်ပွဲရ သားတော်နှစ်ပါးအတွက် ပန်းကုံးစွပ် ဂုဏ်ပြုရန် နန်းတွင်းသူ ပျိုဖြူချောများအား နန်းဆောင်မုခ်ဝမှနေ၍ အသင့်ကြိုစောင့်စေခဲ့သည်။

မကြာမီပင် ၎င်း မျှော်လင့်စောင့်စားနေသောသားတော်နှစ်ပါးစလုံး သူ့ထံသို့ အခစားဝင်ရောက်လာခဲ့တော့သည်။

"သားတော်တို့ အမိန့်တာဝန်တော်ကို ကျေပွန်လာကြပြီဟု ခမည်းတော် မျှော်လင့်မိပါတယ်၊ မိုင်းပြင်နယ်သည် သူပုန်ရန်မှ အေးပြီမဟုတ်လား သားတော်တို့"

မင်းကြီး မင်းစည်သူက အမေးတော်ရှိလာပြီမို့ ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့သည် ရှိသေစွာခစားလျက်မှ အကြောင်းစုံ သံတော်ဦးတင်လျှောက်ကြတော့သည်။

"မှန်လှပါ ခမည်းတော်ဘုရား၊ ခမည်းတော်ပေးအပ်တဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါတယ် ဘုရား၊ ကျူးကျော်လာတဲ့ ကျိုင်းတောင်းစော်ဘွား စောသီဟရဲ့ တပ်တွေကိုအပြတ်ချေမှုန်းနိုင်ခဲ့ပါတယ်၊ သို့ပေမယ့် စိတ်မကောင်းစရာတစ်ခုကတော့ သားတော်တို့တပ်တွေ မရောက်ခင်မှာဘဲ မိုင်းပြင်စော်ဘွားစောခွန်ကြည်တစ်ယောက် ကျဆုံးသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပါ ဘုရား"

သားတော် ကိုးမြို့ရှင်၏ လျှောက်တင်သံအဆုံးမှာ မင်းကြီးစိတ်ထဲ ဝမ်းသာဝမ်းနည်းမှုကို တစ်ပြိုင်နက်တည်း ခံစားမိလိုက်ရတော့သည်။

အောင်ပွဲနှင့်အတူ ပြန်ရောက်လာသော သားတော်တို့အတွက် အလွန်ပင် နှစ်ထောင်းအားရ ဖြစ်မိရသလို တစ်ဖက်မှလည်း မဟာမိတ်ရင်း စော်ဘွားစောခွန်ကြည်အတွက် ကြေကွဲထိခိုက်မိသည်။

"သြော် ... စော်ဘွားကြီးတစ်ယောက် ကျဆုံးသွားခဲ့ပြီကိုး၊ ငါကိုယ်တော် စိတ်မကောင်းလိုက်တာ"

မင်းကြီးက တကယ်ပင် ရှေ့စိတ်တော် ထိခိုက်ကြေကွဲဟန်ဖြင့်ပြောသည်။ ကိုးမြို့ရှင်သည် ခမည်းတော်၏ မျက်နှာရိပ် မျက်နှာကဲကို ချက်ချင်းအကဲခတ်လိုက်သည်။ အင်း ... ခမည်းတော်ဘုရားကတော့ စော်ဘွားကြီးအတွက် သနားကရုဏာသက်နေပုံပဲ။ ခုချိန် ခွန်ချိုနှင့် ခွန်သာတို့အကြောင်း ပြောလိုက်ရင် အဆင်ပြေ



တန်ကောင်းရဲ့ဟု တွေးမိသည်။ ထို့ကြောင့် ခမည်းတော်ထံ ဆက်လက်ပြီး တင်လျှောက်လိုက်၏။

"ခမည်းတော်အား တင်လျှောက်စရာ ရှိပါသေး တယ်ဘုရား"

"ဘာများလဲ သားတော်၊ ဆက်တင်စမ်းပါဦး"

"ဒီလိုပါ ခမည်းတော်၊ ကွယ်လွန်တော်မူသွားတဲ့ စော်ဘွားစောခွန်ကြည်မှာ လူမမယ် သားတော်နှစ်ပါး ကျန်ရှိခဲ့ပါတယ်၊ ခွန်ချိုနှင့် ခွန်သာလို့ အမည်ခေါ်တွင်ပါတယ်ဘုရား၊ မိုင်းပြင်နယ်မှာလည်း စော်ဘွားသစ် တင်မြှောက်ပြီးခဲ့ပြီဖြစ်လို့ မျက်နှာငယ် ကျန်ရစ်ရမယ့် ဒီကလေးနှစ်ယောက်ရဲ့ ရှေ့ရေးအတွက် ရင်လေးမိရပါတယ်၊ ဒါကြောင့်မို့ လူမမယ်ကလေးနှစ်ယောက်ကို ပြုစုစောင့်ရှောက်ရန်အတွက် သားတော်တို့ကို ခွင့်ပြုတော်မူပါဘုရား"

"ဟေ"

မင်းကြီးသည် စူးစိုက် ရှေ့နားစေ့ဆင်ရင်းမှ

www.burmeseclassic.com

www.burmeseclassic.com



အုံသြကြီးစွာဖြင့် ရေရွတ်လိုက်သည်။

"အဲဒီကလေးနှစ်ယောက်ကို ရှေ့တော်သွင်းစေ"

မင်းကြီး၏ အမိန့်သံအဆုံးမှာ ကိုးမြို့ရှင်က မင်းချင်းတစ်ဦးကို မျက်ရိပ်ပြ ခိုင်းစေလိုက်သည်။ မင်းချင်းသည် ညီလာခံအတွင်းမှ ခပ်ယို့ယို့ ထွက်သွားလေ၏။

ခဏနေတော့ ခွန်ချို၊ ခွန်သာ ကလေးနှစ်ယောက်ကိုခေါ်လာကာ ဘုရင်ကြီးအား ခစားစေလိုက်၏။

လူမမယ်ရွယ် ကလေးနှစ်ယောက်ကိုကြည့်ရင်း မင်းကြီး မင်းစည်သူသည် သနားကရုဏာသက်သော မျက်ဝန်းများဖြင့်ကြည့်ကာ သက်ပြင်းချသည်။

"အင်း ... ကလေးနှစ်ယောက်ကတော့ သနားစရာပေပဲ၊ စော်ဘွားကြီး စောခွန်ကြည်ဆိုတာကလည်း ခမည်းတော်ရဲ့ မိတ်ရင်းဖြစ်တယ်ဆိုတော့ အခွေခင်ပွန်းကောင်း ပီသရမှာ



ပေါ့ကွယ်"

သားတော်နှစ်ပါးသည် ကလေးငယ်နှစ်ယောက်အပေါ် သံယောဇဉ်ရှိနေပြီဖြစ်မှန်း မင်းကြီး ရိပ်မိတော်မူသည်။ သူ့အနေနဲ့ သားတော်ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့နှစ်ယောက်အား ဒီကလေးနှစ်ယောက်ကို မွေးစားခိုင်းဖို့ဆိုသည်မှာ စဉ်းစားစရာအချက်တစ်ခု ရှိနေခဲ့သည်။

ထို့ကြောင့် သားတော်တို့ တောင်းဆိုလာသည်ကို ချက်ချင်း အဆုံးအဖြတ်မပေးနိုင်သေး။ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားဟန်ဖြင့် ငြိမ်သက်နေ၏။ ခဏကြာမှ အသံထွက်လာသည်။

"ဒီကလေးနှစ်ယောက်ကို ပြုစုစောင့်ရှောက်ဖို့အတွက်တော့ နောက်နေ့မှပဲ အမိန့်တော်ချမှတ်တော့မယ်၊ ဒီနေ့တော့ ခမည်းတော်လည်း စဉ်းစားစရာတွေ ရှိသေးတာမို့ ညီလာခံကို စောစောသိမ်းကြစို့ရဲ့"

မင်းကြီးက ထိုသို့ မိန့်တော်မူလိုက်ရင်း အတွင်းတော်သို့ လှမ်းကြွချီသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ညီလာခံ ပြီးဆုံးသွားပြီဖြစ်၍ အခစားရောက်လာကြသော မှူးမတ်၊ ဝန်ကြီးဗိုလ်ပါတို့သည် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

မင်းကြီး အတွင်းတော်သို့ဝင်ပြီး ခဏာတွင်းမှာပဲ ညီလာခံအတွင်း ကျွတ်စီကျွတ်စီအသံများ ဆူညံလာတော့၏။

"နောင်တော် ... ခမည်းတော်ဘုရားက ကလေးနှစ်ယောက်ကို မွေးစားခိုင်းမှာပါနော်၊ ခမည်းတော်သဘော ကြည်ကြည်သာသာ ရှိတယ်လို့ ညီတော်တော့ထင်မိတယ်၊ ဟုတ်တယ် မဟုတ်လား နောင်တော်ဘုရား"

မင်းကျော်စွာ ညီလာခံဆောင်အပြင်သို့ရောက်သည်နှင့် ကိုးမြို့ရှင်အား မေးပြော ပြောလိုက်သည်။

ကိုးမြို့ရှင်က လျှောက်လှမ်းနေရာမှ ခြေစုံရပ်ကာ မင်းကျော်စွာကို ကြည့်လိုက်ပြီး ...

"ဒါတော့ မနက်ဖြန်နံနက် ညီလာခံရောက်ရင် ခမည်းတော်ရဲ့ သဘောထား ဘယ်လိုရှိတယ်



ဆိုတာ သိရမှာပေါ့ မင်းကျော်စွာရယ်၊ ခမည်းတော်ရဲ့ဆန္ဒတော် ဘယ်လိုရှိတယ်ဆိုတာ ကျုပ်လည်း ကြိုမခန့်မှန်းတတ်ဘူး"

ဟု ပြတ်ပြတ်ပင် ပြောလိုက်ပြီး လှမ်းထွက်သွားလေတော့သည်။

မင်းကျော်စွာကတော့ ကိုးမြို့ရှင်ကို အံ့သြနားမလည်သလို ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

ကိုးမြို့ရှင်ရဲ့ ခပ်စိမ်းစိမ်း ဆက်ဆံတတ်မှုကို သူသည် နားလည်သဘောပေါက်လိုက်မိသလို မဲ့ပြုံးတစ်ချက် ပြုံးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ခွန်ချိုနှင့် ခွန်သာ ကလေးနှစ်ယောက်ကို ဘယ်သူ့ကို မွေးစားစေမည်ဟူသော ဆုံးဖြတ်ချက်ကို ချမှတ်ရန် မင်းကြီး မင်းစည်သူ အတော်ပင်စဉ်းစားရခက်နေသည်။ သားတော် ကိုးမြို့ရှင်နှင့် မင်းကျော်စွာ တို့နှစ်ဦးစလုံး ကလေးနှစ်ယောက်အပေါ် သံယောဇဉ်ကြီးမှန်း သူရိပ်မိနားလည်သည်။

အမှန်ဆို တစ်ယောက်တစ်ဦးစီ ခွဲဝေမွေးစားနိုင်းဖို့ကောင်းသည်။ သို့သော် သူစိုးရိမ်ပူပန်မိသည့် အချက်တစ်ခု ရှိနေခဲ့သည်။ သားတော် ကိုးမြို့ရှင်က ဖြောင့်မတ်တည်ကြည်သည်။ စိတ်သဘောထား သိမ်မွေ့နူးညံ့သည်။ နှလုံးရည်ရော၊ လက်ရုံးရည်ပါ ထူးချွန်



ထက်မြက်သူတစ်ယောက်။ သူကတော့ ကလေးတွေကို ထူးချွန်ထက်မြက် လိမ္မာမည့်သူလေးများဖြစ်အောင် စောင့်ရှောက်နိုင်မည်မှာ မလွဲဟု သူထင်မိသည်။

သို့သော် ပြဿနာရှိနေသည်မှာ မင်းကျော်စွာ။

မင်းကျော်စွာသည် အချိန်ရှိသရွေ့ မူးယစ်သောက်စားတတ်သူ တစ်ယောက်ဖြစ်သည်။ လောင်းကစားနှင့် အပျော်အပါးဘက်၌လည်း ခုံမင်တတ်သူ။ ထိုကဲ့သို့သော လူမျိုးတစ်ယောက်က ကလေးတွေကို ထူးချွန်လိမ္မာအောင် မည်ကဲ့သို့ စောင့်ရှောက်မည်နည်း။

သေချာတာတစ်ခုကတော့ အတုမြင်အတတ်သင် ဆိုသည့်အတိုင်း ဖအေလုပ်သူ ခြေရာနင်းကာ အကျင့်စာရိတ္တ ပျက်ပြားပေလိမ့်မည်။ ထိုသို့အဖြစ်မျိုးသူ အရောက်မခံနိုင်ပေ။

ကလေးတွေရဲ့နောင်ရေး စိတ်မအေးရသည်မို့ မင်းကျော်စွာအား မမွေးစားစေလိုပေ။

ဒါဆို ဘယ့်နှယ့်လုပ်မတုန်း။ ကလေးငယ်က နှစ်ယောက်၊ ခေါ်လာတဲ့သူကလည်း နှစ်ယောက်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းကို ကလေးနှစ်ယောက်လုံး မွေးစားစေခိုင်းလျှင် တစ်ဖက်သတ်ဆန်လွန်းရာ ကျပေရော့မည်။ ဒါဆို မင်းကျော်စွာလည်း ကျေနပ်မည်မဟုတ်။

ကဲ ... ဘယ့်နှယ့်လုပ်ရပါ့။ စဉ်းစားစမ်း။ အကြံထွက်စမ်း။

ဟာ ... ဟုတ်ပြီ။ သမီးတော် ပုလဲယဉ်ရှိနေတာပဲ။ အင်း ... ပုလဲယဉ်က မိန်းကလေးမို့ ကလေးတွေကို စောင့်ရှောက်ခိုင်းတာ ပိုပြီးသင့်တော်လိမ့်မယ် ထင်တယ်။

အင်းလေ ... ဒီလိုပဲလုပ်တာ ကောင်းပါတယ်။ မင်းကျော်စွာကိုတော့ ကျေနပ်လောက်အောင် ဆုတော် လာဘ်တော်တွေ ချီးမြှင့်ပေးလိုက်မယ်။

ဒီလိုဆိုရင်တော့ သူလည်း ကျေနပ်လောက်မှာပါ။

မင်းကြီး မင်းစည်သူတစ်ယောက် တစ်ကိုယ်တည်း လေသာဆောင်တွင် ထွက်စံကာ အတွေးနယ်ချဲ့သည်။ စဉ်းစားဆုံးဖြတ်စရာရှိနေသည်မို့ မင်းကြီးတစ်



ပါး ကောင်းကောင်းစက်တော်မခေါ်နိုင်သေး။

ညဉ့်လေသည် တသုန်သုန် တိုက်ခတ်နေသည်။ လဝန်းသည် ထိန်ထိန်ညီးညီး တောက်ပြနေသည်။ မင်းကြီးမှာ သဘာဝညအလှကို မခံစားနိုင်သေး။ အရေးတကြီး ဆုံးဖြတ်ချက်ကို မနက်ဖြန် ညီလာခံတွင် မိန့်မှတ်ရမည်မို့ အသေအချာအလေးအနက် စဉ်းစားနေမိသည်။

အတော်ကြာအောင် စဉ်းစားပြီး စိတ်လက်ပေါ့ပါးသွားမှပင် ညဉ့်အတော်နက်နေပြီမှန်း သတိပြုမိလိုက်တော့၏။

ဆုံးဖြတ်ချက်လည်း ချပြီးသွားပြီဖြစ်၍ စက်တော်ဆောင်အတွင်းသို့ လှမ်းဝင်လာခဲ့လေတော့သည်။

* * *

နောက်တစ်နေ့နံနက် ညီလာခံတွင် ကိုးမြို့ရှင်နှင့် မင်းကျော်စွာသည် ခမည်းတော် မိန့်မှတ်မည့် အမိန့်တော်ကို ရင်ခုန်စွာစောင့်ဆိုင်းနေမိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး မင်းစည်သူသည် ရာဇပလ္လင်ထက်မှ နေ၍ အခစားဝင်လာသော မှူးမတ်ဝန်ကြီးဗိုလ်ပါများ စုံမစုံ ဝေ့ဝဲကြည့်လိုက်ပြီးမှ သားတော်နှစ်ပါးဖြစ်သော ကိုးမြို့ရှင်နှင့် မင်းကျော်စွာထံ ကြည့်ရှုအကဲခတ်သည်။

သမီးတော် ပုလဲယဉ်ရော အခစားဝင်ရဲ့လား။

ဟု သိချင်စိတ်ကြောင့် သမီးတော် ပုလဲယဉ်ကို ရှာလိုက်တယ်။ လက်ဝဲထောင့်တွင် ခစားနေတဲ့ သမီးတော် ပုလဲယဉ်ကို တွေ့လိုက်ရတော့မှ မင်းကြီး ဘဝင်ကျသွားတော့တယ်။

လူစုံတက်စုံလည်း ရှိပြီမို့ မင်းကြီးက အမိန့်တော်ချမှတ်ရန် ပြင်လိုက်တော့တယ်။

"ကဲ ... အမိန့်တော် ချမှတ်မယ်၊ နာခံစေ"

မင်းကြီး စကားစလိုက်တယ်ဆိုရင်ပဲ အုပ်အုပ် အုပ်အုပ်နှင့် စီညံနေသော စကားသံများ မီးကို ရေနှင့် ဖြန်းလိုက်သလို တိတ်ဆိတ်ငြိမ်သက်သွား၏။ ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့သည် ကိုယ်ခန္ဓာများ မတ်ခနဲဖြစ်သွားသည်အထိ အာရုံစိုက် နားထောင်လိုက်ကြသည်။



"မိုင်းပြင်နယ်ဘက်မှ ကူညီတိုက်ခိုက်ပေးခဲ့တဲ့ သားတော် ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့၏ အောင်မြင်မှုအတွက် ငါကိုယ်တော် ဆုတော်လာဘ်တော်တွေ ချီးမြှင့်စေမယ်၊ သားတော်နှစ်ပါးသည် တစ်ဦးစီကို ရွှေစင် သုံးဆယ်စီနှင့် အသပြာ သုံးသိန်းစီ ရယူစေကွဲ့"

ကိုးမြို့ရှင်နှင့် မင်းကျော်စွာက ဝမ်းသာပီတိဖြစ်စွာပြုံး၏။

မင်းကြီးက ဆက်မိန့်သည်။

"သားတော် မင်းကျော်စွာကို ခမည်းတော်က ပခန်းမြို့ကို အပိုင်စားပေးသနားတော်မူမယ်"

ကိုးမြို့ရှင်က ခမည်းတော်စကားကို နားမလည်ဟန်ဖြင့် ခမည်းတော်အား မော်ကြည့်မိသည်။

"သားတော် ကိုးမြို့ရှင်ကို မြို့ကိုးမြို့တောင် အပိုင်စား ပေးသနားပြီးထားပြီဆိုတော့ သားတော်အတွက် တခြားတစ်ခု ပေးသနားတော်မူရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက ပြုံးရယ်နေလျက်က ဆက်မိန့်သည်။

"သားတော်နှင့် သမီးတော် ပုလဲယဉ်တို့က ခွန်ချိုနှင့် ခွန်သာကလေးကို သားအမှတ် မွေးစားခွင့် ပေးသနားတော်မူမယ်ကွဲ့"

ခမည်းတော်၏ မိန့်မှာသံအဆုံးမှာတော့ ကိုးမြို့ရှင်တစ်ယောက် အတိုင်းမသိ ဝမ်းသာသွားမိရသည်။ ခွန်ချိုနှင့် ခွန်သာကလေးကို သားအဖြစ်မွေးစားခွင့်ပြုမယ်တဲ့။ အို ... ဝမ်းသာလိုက်တာ။ ကြည့်စမ်း... ခုနတုန်းက မင်းကျော်စွာကို ပခန်းမြို့ကို အပိုင်စားပေးတာ ခမည်းတော်အပေါ် အထင်လွဲမိတော့မလို့။

အမယ်လေး ... တော်ပါသေးရဲ့။ ကျေးဇူးရှင်ဖခမည်းတော်အပေါ် ငါ မကောင်းမြင်မိတော့မလို့ပါလား။

ကိုးမြို့ရှင်က ချက်ချင်းပင် နောင်တရသွားမိသလိုဖြစ်ကာ ခမည်းတော်အား အလျင်အမြန်ပင် ကျေးဇူးတင်ကြောင်း လျှောက်ထားလိုက်တော့သည်။



"ကျေးဇူးကြီးမြတ်လှပါတယ် ခမည်းတော်ဘုရား၊ ခမည်းတော်ရဲ့ ချစ်ခင်ကြင်နာစွာအရေးပေးမြှောက်စားမှုကြောင့် သားတော် အတိုင်းမသိ ဝမ်းမြောက်ရကြောင်းပါဘုရား"

မင်းကျော်စွာသည် ပျက်ယွင်းနေသော မျက်နှာကို ကမန်းကတန်း အိန္ဒြေဆည်လိုက်ပြီးမှ မင်းကြီးအား ပြန်လည်လျှောက်တင်လိုက်၏။

"သားတော်လည်း ခမည်းတော်ရဲ့ ချီးမြှင့် ပေးသနားမှုကို အလွန်ပင် ဝမ်းမြောက်စွာဖြင့်လက်ခံပါတယ်ဘုရား၊ ခမည်းတော်ရဲ့ကျေးဇူးတော်ကို သားတော် ဘယ်လိုပင် ကျေးဇူးတင်ရမှန်း မပြောပြတတ်လောက်အောင်ပင် ဝမ်းမြောက်မိရကြောင်းပါ ဘုရား"

မင်းကျော်စွာ အတတ်နိုင်ဆုံး ထိန်းပြီးပြောလိုက်သော်လည်း ကြေကွဲထိခိုက် ဝမ်းနည်းသံတို့ ပါသွားမှန်း ကိုးမြို့ရှင် သတိထားလိုက်မိသည်။

မင်းကျော်စွာသည် ခွန်ချိုနှင့် ခွန်သာအပေါ်

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ရှိရှာ မှန်းသူသိသည်။ ဒါကြောင့် သူ့ကို မွေးစားခွင့်မပေးတော့ သူ ခံစားရရှာမှာပေါ့လေ။ ခမည်းတော်၏ ဆုံးဖြတ်ချက် မှန်သည်ဟု သူထင်မိသည်။

မင်းကျော်စွာလို လူမျိုးကို ကလေးတွေ မွေးစားနိုင်းဖို့ ခမည်းတော် ဘယ်ယုံကြည်ရှာပါ့မလဲ။

ဒါကို မင်းကျော်စွာလည်း သိပုံရသည်။ သူ့ပုံစံက ဘယ်လောက်ပင် ဟန်ဆောင်ကောင်းကောင်း ဝမ်းနည်း ခံစားနေပုံရသည်ဟု သူ ထင်မိသည်။ ဒါလည်း ဘယ်သူမပြု မိမိအမှုပဲ မဟုတ်လား။

အသင် မိုက်ခဲ့တဲ့အရာတွေအတွက် အသင် နောင်တရနေပြီလားဟု သူ စိတ်ထဲမှ မေးမိသည်။ ဟန်ဆောင်ကောင်းစွာပင် မင်းကျော်စွာသည် အပြုံးတစ်ခုကို ဆင်မြန်းထားနိုင်သေးသည်။

"သားတော်တို့ နှစ်သက်သဘောကျတယ် ဆိုရင် ခမည်းတော် ဝမ်းမြောက်လှပါဘိ"

"ခမည်းတော်ဘုရား ... သမီးတော်လည်း ခမည်းတော်အား ကျေးဇူးတင်ပါရစေ"



နှမတော် ပုလဲယဉ်က ခမည်းတော်အား လှမ်းလျှောက်၏။

"သမီးတော်လည်း ခွန်ချို့နဲ့ ခွန်သာကို မြင်မြင်ချင်း သားအရင်းလို ချစ်မြတ်နိုးတော်မူပါတယ်၊ အခု ခမည်းတော်က သမီးတော်ကို သူတို့လေးတွေကို သားအဖြစ် မွေးစားခွင့်ပေးတဲ့အတွက် သမီးတော်လည်း ကျေးဇူးတင်လွန်းလို့ပါ ဘုရား"

ခမည်းတော်က နှမတော်၏ စကားကြောင့် သဘောတကျ ပြုံးရယ်တော်မူပါတယ်။

"ကဲ ... တင်စေဗျာ၊ တင်စေဗျား"

ခမည်းတော်နဲ့ နှမတော်တို့ရဲ့ ကြည်နူးရွှင်ပျစွာရယ်မောနေတဲ့ မြင်ကွင်းကို မင်းကျော်စွာက မမှိန်မသုန် စိုက်ကြည့်နေလျက်က မျက်နှာမကောင်းလှတာကို လည်း သူတွေ့ဖြစ်အောင် တွေ့လိုက်မိသေးတယ်။

သူက တစ်ချိန်လုံး မင်းကျော်စွာရဲ့ အရိပ်အခြည်ကို စောင့်ကြည့်အကဲခတ်နေတာကို မင်းကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ရိပ်မိပုံမရပါဘူး။ သူ့အတွေးနဲ့သူ နစ်နေရှာရဲ့။

ဒါပေမဲ့ အဲဒီတုန်းကတော့ မင်းကျော်စွာရဲ့ အမူအယာကိုစောင့်ကြည့်ကာ သနားသလို ဘာလိုလို ဖြစ်ခဲ့သေးသည်။ ထိုသနားသွားသည့် စိတ်ကြောင့်ပင် မင်းကျော်စွာအပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံတော့ဖို့ သူဆုံးဖြတ်ခဲ့မိခြင်းပင်။ သို့သော် သူ့ဆုံးဖြတ်ချက်တို့ မှားသွားပြီမှန်းကိုတော့ နောက်များမှ သူ သိရှိခွင့်ရခဲ့ပါတော့၏။



## အခန်း(၆)

အချိန်သည် မြစ်တွင်းမှရေလိုပင် အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းသွားလေ၏။ ကိုးမြို့ရှင်နှင့် ပုလဲယဉ်တို့၏ အုပ်ထိန်းမှုအောက်တွင် ခွန်ချိုနှင့် ခွန်သာမှာ ထူးချွန်ထက်မြက်စွာ တစ်စတစ်စ အရွယ်ရောက်လာခဲ့ပေပြီ။ သူတို့မောင်နှမ၏ ချစ်ခြင်းမေတ္တာဖြင့် ဖွဲ့စည်းထားသော သံယောဇဉ်အဝန်းအဝိုင်းလေးသည် ကြည်နူးမွေ့လျော်ဖွယ် နွေးထွေးလုံခြုံလျက်။ သို့သော်…

တစ်ရက်တွင်တော့ သူတို့အား မင်းကြီး မင်းစည်သူက ထူးထူးခြားခြား အခေါ်လွှတ်လေ၏။

* * *

www.burmeseclassic.com



"ခမည်းတော်ဘုရား ... ဘာအရေးကိစ္စများလို့ပါလိမ့်"

ဟု နှမတော်ပုလဲယဉ် ရေရွတ်သည့်အတိုင်း သူလည်း စဉ်းစားနေမိ၏။

"ဘာတွေများ အရေးထူးပြီလဲ မသိဘူး နှမတော်ရဲ့"

နှမတော်အား ဖွင့်ဟပြောကြားမိသည်အထိ သူမှာ အခေါ်တော်ရှိသည့်အကြောင်းကို စဉ်းစား၍ မရနိုင်သေး။ ထိုသို့ သို့လော ... သို့လော တွေးရင်းတောရင်းပင် သူတို့မောင်နှမနှစ်ယောက် ခမည်းတော်ထံ အမြန်ဆုံး အခစားဝင်ခဲ့ကြတော့၏။ ညီလာခံအတွင်းသို့ ဝင်လိုက်သည်နှင့် မင်းကျော်စွာမှာ အလျှင်ဦးအောင်အခစားဝင်နေတာကို တွေ့လိုက်ရတော့သည်။

"သားတော်နဲ့ သမီးတော်တို့ ရောက်လာပြီကိုး"

ခမည်းတော်က လှမ်း၍ နှုတ်ခွန်းဆက်လေရာ-

"မှန်ပါ့ ခမည်းတော်ဘုရား"



ခမည်းတော်အား ရှိကြိုးသေဝပ်စွာ လက်အုပ်ချီ အရိုအသေပေးကာ ပြန်လည်ပြောကြားလိုက်ရသည်။ ထို့နောက် သင့်တော်ရာ၌ ခစားလိုက်ပြီး ...

"သားတော်တို့ကို အခေါ်တော်ရှိတာ ဘာအကြောင်းကြောင့်များပါလိမ့် ခမည်းတော်"

"အိမ်း ... ဒီလိုကွဲ့၊ ယခု ရှမ်းပြည်နယ်ဘက်မှာ သူပုန်ထ,နေကြောင်း သားတော် မင်းကျော်စွာက လျှောက်တင်လာတယ်ကွယ့်၊ ဒီအရေးအတွက် မြေးတော် ခွန်ချိုနှင့် ခွန်သာတို့ကို တိုက်ထုတ်နှိမ်နင်းစေရင် ကောင်းမယ်မဟုတ်လား သားတော်ရဲ့"

ရှမ်းပြည်နယ်မှာ သူပုန်ထတယ်တဲ့။ ဒီကိစ္စ သူလည်း မကြားမိရပါလား။ ဒါကို မင်းကျော်စွာက လျှောက်တင်လာတာတဲ့။ သူက ဘယ်လိုသိရတာတဲ့လဲ။ အင်းလေ ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ခုတလော သူ တိုင်းရေးပြည်ရာ အခြေအနေတွေနဲ့ တော်တော် အလှမ်းပျက်နေတာပဲ။ မင်းကျော်စွာတစ်ယောက် တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရေးပြည်ရေးရာကို ဖိဖိစီးစီးလုပ်နေတာ တွေ့ရတယ်။ သူပြောတာ ဟုတ်နိုင်မယ်ထင်တယ်။

အို ... ဒါပေမဲ့ သားတော်ခွန်ချိုနဲ့ ခွန်သာကို နှိမ်နင်းနိုင်းမယ်ဆိုပါလား။ ဒီလိုဆို မဖြစ်ချေသေးဘူး ထင်တယ်။ သားတော်တို့က ငယ်သေးတယ်။ အတွေ့ အကြုံကလည်း နုနယ်သေးတာပဲ။ မဖြစ်ဘူး။ မဖြစ်ဘူး။

"ခမည်းတော်ဘုရား ... သားတော်ခွန်ချိုနဲ့ ခွန်သာကို သူပုန်တွေ နှိမ်နင်းခိုင်းဖို့ဆိုတာ ဖြစ်နိုင်ပါ့မလားဘုရား၊ သူတို့တွေက ငယ်ရွယ် သေး တယ်လေ၊ နောက်ပြီး တိုက်ပွဲအတွေ့အကြုံကလည်း နုနယ်သေးတယ်၊ မဖြစ်ဘူးထင်တယ် ဘုရား"

"သားတော် ခွန်ချိုနဲ့ ခွန်သာတို့ဟာ ကလေး ပေါက်စနလေးတွေမှ မဟုတ်တော့တာဘဲ နှောင် တော်ရယ်၊ အရွယ်ရောက်ပြီး တိုက်ရည် ခိုက်ရည်ကောင်းတဲ့ ရဲစွမ်းသတ္တိရှိတဲ့ မင်းပျို မင်းလွင်လေးတွေဖြစ်နေပြီ၊ ဘာစိတ်ပူစရာရှိ



လဲ၊ နောက် ပြီး ရှမ်းပြည်နယ်ဆိုတာ သူတို့ရဲ့ မွေးရပ်မြေလေ၊ သူတို့ မွေးရပ်မြေကို သူတို့ ကိုယ်တိုင် ကာကွယ်စောင့်ရှောက်ရင် ပိုမ ကောင်းဘူးလား၊ ဒါမှ မျိုးချစ်စိတ်ဓာတ် ရှင်သန်စေမှာပေါ့၊ ပြီးတော့ ခွန်ချို ခွန်သာ တို့ဟာ တကယ့်လူတော် လူမော်လေးတွေပါ နှောင်တော်ရဲ့၊ စိုးရိမ်စရာ မရှိပါဘူး"

မင်းကျော်စွာ လေသံရှည်ကြီးဖြင့် ရှင်းပြသလို နှင့် ထောက်ခံသည်။ ခမည်းတော်ကလည်း ...

"ဟုတ်ပေတယ် သားတော်၊ ခွန်ချိုနဲ့ ခွန်သာ ကလေးကို သူတို့တိုင်းပြည်အတွက် ကာကွယ် စေချင်တယ်၊ သူတို့ရဲ့ အစွမ်းသတ္တိတွေ ခမည်း တော် ယုံကြည်လို့ ဒီလိုစေလွှတ်တာပေါ့ကွယ်၊ သားတော် စိုးရိမ်တော်မမူပါလေနှင့်၊ သား တော်နဲ့ သမီးတော်တို့ရဲ့ သွန်သင်ဆုံးမမှု ကြောင့် ဒီကလေးနှစ်ယောက် ထူးချွန်ထက် မြက်ပြီး လိမ္မာရေးခြားရှိလာတာ မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



သားတော် မြေးတော်တို့ရဲ့ အစွမ်းကို ယုံကြည်
လိုက်စမ်းပါကွယ်”

ခမည်းတော်ကပါ တက်တက်ကြွကြွ ပြောလာသည်မို့ သူ ဘာမျှမပြောနိုင်တော့ပေ။

“နောက်ပြီး သူပုန်ရန် အေးသွားရင်လည်း ရှမ်းပြည်နယ်မှာ သုံးနှစ်လောက် ဆက်လက် အုပ်ချုပ်ခိုင်းရမယ်၊ ဒါမှ သူပုန်တွေရန် ငြိမ်ဝပ်ပိပြားမှာ၊ အဲဒီအကြံမကောင်းပေဘူးလား သားတော်”

ခမည်းတော်ဘုရား၏ နောက်ဆက်တွဲစကားတို့ကြောင့် သူ အလွန်ပင် အံ့ဩသွားရတော့သည်။

“သုံးနှစ်တောင်မှလား ဘုရား”

“အင်းလေ ... သုံးနှစ်လောက် အုပ်ချုပ်မှ တိုင်းပြည် နေသားတကျ ပြန်လည်ဖြစ်စေမှာပေါ့၊ ဘာလဲ ... သားတော်က မြေးတော်လေးတွေကို အကြာကြီး ခွဲရမှာမို့လို့ စိုးရိမ်တယ် ထင်ပ၊ ဟုတ်သလော”



ခမည်းတော်က ကြည်ရွှင်စွာဖြင့် မေးသော်လည်း သူကတော့ ဘဝင်သိပ်မကျချင်ပေ။ သုံးနှစ်ဆိုတာ တော်တော်ကြာမှာ။ သားတော်လေးနှစ်ပါးကို သူ မခွဲ နိုင်တာတော့ အမှန်ပဲ။

“သုံးနှစ်ဆိုတာ ကြာလွန်းပါတယ် ခမည်းတော်၊ တစ်နှစ်လောက်ဆိုရင်ရော ဘုရား”

နှမတော်ပုလဲယဉ်ကလည်း သူ့လိုပင် ခံစားရှာ၍ ထင်။ ခမည်းတော်အား အချိန်ကပ်ဆစ်နေ၏။

“သြော် ... သမီးတော်ရယ်၊ သုံးနှစ်လောက် အုပ်ချုပ်မှ တိုင်းပြည်အခြေကျမှာဆိုတော့ မြေးတော်လေးတို့ကို မခွဲနိုင်လို့ မေးတော်မှုမှန်း သိပါတယ်၊ သို့ပေမယ့် တိုင်းရေးပြည်ရာအတွက် မဟုတ်ပေလား၊ သမီးတော် သည်းခံပါလော့”

ခမည်းတော်က နှစ်သိမ့်ဖျောင်းဖျသည်။ ဘယ်တတ်နိုင်မလဲ၊ ရှိစေတော့ပေါ့။

နှမတော်ကတော့ ဘာမျှထပ်မပြောတော့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း မျက်နှာတော် မကောင်းလှပေ။

မင်းကျော်စွာကို လှမ်းကြည့်လိုက်တော့ အသိ ရခက်စွာ ပြုံးနေသည်ကို တွေ့လိုက်ရသည်။ ထိုအပြုံးကို သူ့စိတ်ထဲ စနိုးစနောင့်ဖြစ်သွားရကာ မနှစ်သက်သလို ပင်။ ခေါင်းစဉ်တပ်ရခက်သော ထိုအပြုံးကို နားလည်ရ ခက်စွာပင် တအံ့တသြ ငေးစိုက်ကြည့်မိလျက်သားနှင့်။

* * *

"နှမတော်ကတော့ ဒီကိစ္စကို နည်းနည်းမှ သဘောမတူချင်ဘူး"

အဆောင်တော်သို့ ပြန်ရောက်တာနှင့် နှမတော်က သူ့သဘောထားကို ဖွင့်ဟတော့သည်။

"ကလေးတွေကို သုံးနှစ်တောင် ခွဲနေရမယ်ဆို တာ တရားသလား နောင်တော်ရဲ့၊ နှမတော် တော့ သားတော်တွေနဲ့ မခွဲနိုင်ဘူး"

"အို ... မယ်တော်ကလည်း သုံးနှစ်ဆိုတာ



ခဏလေးပါ၊ နွေ မိုး ဆောင်း သုံးခါပဲပြောင်း တာ မဟုတ်လား"

သားတော် ခွန်ချိုနှင့် ခွန်သာကတော့ ပျော်နေပုံ ရသည်။ သူ့မယ်တော်ကိုတောင် ပြန်လည်ကျီစားနေ သေးတော့တာ။

သူလည်း နှမတော်ကဲ့သို့ ခံစားနေရသည်။ သား တော်တို့ကို မခွဲနိုင်။ သားအရင်း မဟုတ်ပေမယ့် သားအရင်းလို ချစ်ခင်တွယ်တာ စောင့်ရှောက်လာခဲ့ရ သဖြင့် သံယောဇဉ်ထုထည်က ခိုင်ခံ့ကြီးမားနေခဲ့ပြီ။

ဝမ်းပန်းတနည်း ငိုရှိုက်နေသော နှမတော်ကို ဖျောင်းဖျနှစ်သိမ့်ရန် သူ့မှာ စကားမရှိ။ သူ့ကိုယ်သူပဲ အရင်ဖျောင်းဖျရပေဦးမည်ဖြစ်သည်။ နှမတော်နဲ့ သား တော်တို့ကိုကြည့်ရင်း သူ မျက်ရည်ဝေ့နေမိသည်။

"ဘာ နွေမိုးဆောင်း သုံးခါလဲ၊ ဒီမှာ မယ် တော်ဘယ်လောက်လွမ်းပြီး ကျန်ရစ်ခဲ့ရမ လဲဆိုတာတော့ မစဉ်းစားဘူး၊ ကိုယ့်ပြည်ကိုယ့် ရွာကို သွားရတော့မယ်ဆိုတော့ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေကြတယ်ပေါ့ ဟုတ်လား၊ ငါက မယ်တော်ရင်းမဟုတ်လို့ မခင်တွယ်တာနေမှာပေါ့"

နှမတော်က စိတ်ထိခိုက်ကြေကွဲစွာဖြင့် သားတော်တွေအပေါ် စကားနာထိုးနေပြီ။

"အို ... မဟုတ်တာ မယ်တော်ရယ်၊ သားတော်တို့က မယ်တော် ခံစားရသက်သာစေရယ်လို့ ကျိုးစားမိတာပါ၊ မယ်တော့်အပေါ် မယ်တော်အရင်းတမျှ သားတော်တို့ ချစ်ပါတယ်၊ သားတော်တို့ ဒီအသက်အရွယ်အထိ ပြုစုစောင့်ရှောက်လာခဲ့တဲ့ မယ်တော်နဲ့ ဖခမည်းတော်တို့ရဲ့ ကျေးဇူးတွေကို ဘယ်လိုပြန်ဆပ်ရမလဲဆိုတာ အမြဲတွေးတောကြံစည်နေခဲ့တာပါ၊ ဒီလိုမပြောပါနဲ့ မယ်တော်ရယ်"

"ဟုတ်ပါတယ် မယ်တော်၊ နောင်တော်ပြောတာ မှန်ပါတယ်၊ သားတော်တို့ဟာ အဘိုးတော်ဘုရင်ကြီး ပေးအပ်တဲ့တာဝန်ကို ကျေပွန်ချင်



တာပါ၊ မယ်တော်နဲ့ခွဲရလို့ ပျော်ရွှင်နေတာလည်းမဟုတ်ရပါ၊ မွေးဌာနေကို ပြန်ရမည်ဖြစ်၍ ပျော်ရွှင်နေခြင်းလည်း မဟုတ်ရပါ၊ သားတော်တို့အစွမ်းနဲ့ တိုင်းပြည်ရဲ့အကျိုးကို ထမ်းရွက်ခွင့်ရခြင်းကြောင့်သာ ပျော်ရွှင်မိသွားရတာပါ၊ ခမည်းတော်၊ မယ်တော်တို့နဲ့ ခွဲရမည့်အရေးအကြောင့် သားတော်တို့ ထိခိုက်ကြေကွဲမိပါတယ်၊ သားတော်တို့လည်း မယ်တော်တို့ကို ချစ်မြတ်နိုးပါတယ်ဘုရား"

ညီနောင်နှစ်ပါးက အက်ကွဲ ဆွေးမြေ့စွာပြောလေတော့ သူတို့မောင်နှမနှစ်ဦး၏ အသည်းဆိုင်ကို လှပ်ကာ ကိုင်ရမ်းလိုက်သည့်နှယ် နာကျင်ထိခိုက်သွားရတော့သည်။

"အို ... သားတော်တို့ရယ်၊ သားတော်တို့ကို မယ်တော် စိတ်ဆိုးလို့ ပြောတာမဟုတ်ပါဘူးကွယ်၊ မယ်တော်လေ ... သားတော်တို့ကို ခွဲရမှာကြောက်လို့ ပြောမိပြောရာတွေ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ပြော့မိတာ၊ မယ်တော့်ကို နားလည်ပေးကြပါ
နော် သားတော်တို့၊ အမလေး ... မယ်မယ့်
သားလေးရယ်''

နှမတော် ပုလဲယဉ်က သားတော်နှစ်ပါးကို ရင်ခွင်ထဲ အပ်ကာ ဝမ်းပန်းတနည်း ငိုကြွေးနေ၏။

ထိုမြင်ကွင်းကို သူ မကြည့်ရက်နိုင်စွာပင် မျက်နှာလွှဲလိုက်မိ၏။ ပါးပြင်ပေါ်မှ မျက်ရည်တစပေါက်ခနဲ ကြွေဆင်းကာ လက်ဖျံခုံပေါ်သို့ကျသည်။

လက်ဖျံပေါ်မှ မျက်ရည်စကိုကြည့်ရင်း သူ အသံမထွက်အောင် ကျိတ်ငိုမိသည်။

အဆောင်တော်တွင်းဝယ် ငိုသံတွေ ဆူညံနေ၏။

ကိုးမြို့ရှင်၏ ရင်တွင်းတွင် ရှိုက်သံတွေ ပဲ့တင်ထပ်နေ၏။

အတန်ကြာအောင် ငိုကြွေးလို့ ဝ,မှပင် မျက်ရည်များကို မသိမသာသုတ်၍ နှမတော် ပုလဲယဉ်ဘက် လှည့်ကာ -



''နှမတော် ... သားတော်တို့လည်း စိတ်ပင်
ပန်းလှရှာပါပြီ၊ နားပါစေတော့ကွယ်၊ နှမတော်
လည်း အနားယူလိုက်ပါတော့နော်''

နှမတော်က မျက်ရည်များကြားမှ ခေါင်းညိတ်လက်ခံသည်။

''ကဲ ... သားတော်တို့၊ အဆောင်တော်ဆီ
သွားပြီး နားကြချေတော့''

သားတော်နှစ်ပါးလည်း သူ့ကို ရိုကျိုးစွာ ဦးခိုက်လိုက်ပြီး အဆောင်တော်မှ ထွက်ခွာသွားတော့သည်။

''မောင်တော်ဘုရားလည်း နားတော်မူပါဦး
ဘုရား''

နှမတော် ပုလဲယဉ်က သူ့အား နားလည်သလို ကြည့်ကာ ပြော၏။

သူက နှမတော်အား ခေါင်းကို တစ်ချက်ညိတ်ပြကာ အဆောင်တော်မှ လှမ်းခွာခဲ့တော့၏။

သံယောဇဉ် အပူမီးသည် စိတ်ပင်ပန်းနွမ်းနယ်စေလွန်းသည်ဟု ယခုပင် သူ သိမြင်ခံစားလိုက်ရပြီ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်တော့သည်။

တရစ်ရစ် တွယ်ငင်လာတဲ့ ဒီသံယောဇဉ်ကြိုး တွေကြောင့်ပဲ သူတို့ ဘယ်လောက်တောင် ခံစားရဦးမှာ ပါလိမ့်။

နှစ်မွန်းရဦးမှာပါလိမ့်ဟု တွေးရင်း အဆောင် တော်သို့ အပြန်လမ်းသည် သူ့အတွက် နာကျင်ကြေကွဲ လွန်းလှလေတော့သည်။

နာကျင်ကြေကွဲစွာ ခံစားရင်းကပင် မင်းကျော် စွာ၏ နားလည်ရခက်သောအပြုံးတို့ အာရုံထဲ၌ ဖျပ်ခနဲ ပုံရိပ်လာထင်တော့သည်။

ထိုအပြုံး၏ နောက်ကွယ်တွင် ဘာတွေရှိမည် နည်း။

ထိုအမေးကို သူ့ဘာသာသူ ပြန်မေးရင်း အံ့သြ နားမလည်ရင်း၊ နာကျင်ကြေကွဲရင်းဖြင့် အတွေးတို့ ချာချာလည်လျက် ...။



## အခန်း(၇)

ကိုးမြို့ရှင် သံသယဖြစ်မိသော အပြုံး၏ အဓိပ္ပာယ်သည် မကြာခင်မှာပင် ဘွားဘွားကြီး ပေါ်လွင် လာခဲ့ပါတော့သည်။ သို့သော် ကိုးမြို့ရှင်အဖို့တော့ ကြေကွဲဝမ်းနည်းစွာ နားလည်သိရှိခဲ့ခြင်းလည်း ဖြစ်ပါ သည်။

ထိုညက သူတို့မောင်နှမနှစ်ယောက် ခွန်ချိုနှင့် ခွန်သာကို သတိရလွမ်းဆွတ်စိတ်ဖြင့် နန်းဆောင်အပြင် လရောင်အောက်တွင် လမ်းထွက်လျှောက်ကာ ထွေရာ လေးပါး စကားပြောဆိုနေခိုက်ဖြစ်သည်။

ထိုစဉ် နန်းဆောင်မကြီးဆီမှ မီးရောင်များ

www.burmeseclassic.com

www.burmeseclassic.com



လက်ခနဲ ဖြစ်သွားသည်ကို သူတို့ မြင်လိုက်ရသည်။

"နှမတော် ... နန်းမဆောင်ကြီးမှာ တစ်ခုခု ဖြစ်နေပြီ ထင်တယ်"

"အို ... ဟုတ်ပါရဲ့၊ မီးရောင်တွေ တလက်လက် ဖြစ်နေပါလား၊ ဘာဖြစ်တာလဲ မသိဘူး မောင်တော်ဘုရား"

သူတို့မောင်နှမ ထူးဆန်းအံ့ဩနေတုန်းမှာပဲ အဝေးဆီမှ အော်ဟစ်ပြောဆိုသံများနှင့်အတူ ဝရန်းသုန်းကား လူအုပ်ကြီးကို တွေ့လိုက်ရတယ်။ ဝရန်းသုန်းကား ဖြစ်သူတွေက သူတို့ရဲ့ ငယ်ကျွန်တော်တွေ၊ အထိန်းတော်တွေ၊ အဆောင်ကိုင်တွေ။

သူတို့တွေဟာ အူလျားဖားလျား ပြေးလာနေကြတယ်။ ဟိုပုန်း ဒီကွယ်နဲ့ အသက်ဘေးလုပြီး ပြေးလာကြရပုံ။

"အို ... ဘာဖြစ်လာကြတာလဲ၊ ဘာဖြစ်လာကြတာလဲ"

ကိုးမြို့ရှင်ဟာ ထိတ်လန့်တကြား မေးနေပေ



မယ့် ပြေးလာသူတွေကတော့ အမောတကြီး ဟောဟဲဆိုက်ကာ မဖြေနိုင်ကြသေး။

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ နန်းတွင်းမှာ ဘာတွေဖြစ်နေလဲ၊ ငါကိုယ်တော်ကို အမြန်လျှောက်ချေစမ်း"

ကိုးမြို့ရှင်က စိုးထိတ်ပူပန်စွာဖြင့် ထပ်မံ မေးသည်။

"ရန်သူတော်ပါဘုရား၊ ရန်သူတော်ပါ"

တစ်ယောက်က အမောတကောအသံဖြင့် အလျှင်စလို ပြောသည်။

"ဘယ်ကရန်သူတော်လဲ၊ သေချာလျှောက်စမ်းပါဟဲ့"

"နန်းတော်ကို ပုန်ကန်သူတွေ ဝင်စီးနေကြပါပြီ ဘုရား၊ မင်းကြီးနဲ့ မိဖုရားခေါင်ကြီးတို့ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရပါပြီဘုရား"

ကြားလိုက်ရသော စကားတို့က သူနား,နားကပ်၍ ဗုံးတစ်လုံး ဖောက်ခွဲလိုက်သည့်နှယ် အကြီး

www.burmeseclassic.com

www.burmeseclassic.com



အကျယ် တုန်လှုပ်သွားရတော့၏။

"ဘာ … ပြန်ပြောစမ်းပါ၊ ခမည်းတော်နဲ့ မယ်တော် လုပ်ကြံခံရပြီ ဟုတ်လား မောင်မင်း"

သတင်းပေး လျှောက်တင်လာသူက သူ့ရဲ့ အထိတ်တလန့်ဖြစ်သော အသံကြီးကြောင့် ဆတ်ခနဲ တုန်သွားကာ လန့်ဖြန့်သွား၏။ ထစ်ထစ်ငေါ့ငေါ့နှင့် ပြန်လည်ဖြေကြားသည်။

"မှန်ပါတယ် ကိုယ်တော်ကြီးဘုရား၊ မင်းကြီး မင်းစည်သူဘုရားနဲ့ မိဖုရားခေါင်ကြီး ကူနီအေဝီ တို့ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရပါပြီ ဘုရား"

"ပြောစမ်း၊ ပြောစမ်း၊ ပုန်ကန်လုပ်ကြံတဲ့ သူက ဘယ်သူတုန်း၊ မောင်မင်းသိလား၊ အမြန်ပြောစမ်း"

လျှောက်တင်သူက ထစ်ငေါ့စွာ အလန့်တကြား ပြောလိုက်သည်။



"ကိုယ်တော်လေး မင်း … ကျော် … စွာ"

"ဘာ"

ဒုတိယအကြိမ် ရေရွတ်မိသော "ဘာ" အသံ ကြီးက မိုးချုန်းသံတမျှ ကျယ်လောင်သွားရသည်။

ခန္ဓာကိုယ်တွင်းရှိ သွေးကြောများ ဆူဝေလာ သလို ဒေါသလှိုင်းများ တရိပ်ရိပ် တက်လာပြီ။ လက်သီး နှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ခဲထားမိသလို မေးကြောများ ထောင်သွားသည်အထိ အံကိုတင်း တင်းကြိတ်ထားမိသည်။

"အို … မောင်တော်ဘုရား၊ ဘယ်လို လုပ်ကြ မှာတုန်း၊ အဖြစ်တွေ ဆိုးပါပေါ့လား ခမည်း တော်နဲ့ မယ်တော်ရယ်၊ ကိုယ်မွေးတဲ့မျောက် ကိုယ့်ကို ပြန်ခြောက်ရတယ်လို့၊ အဖြစ်ဆိုးလှ ချည်လား ဘုရား"

နမတော် ပုလဲယဉ်က စိတ်ထိခိုက် ခံစားရစွာ ဖြင့် ဝမ်းပန်းတနည်း ငိုကြွေးနေရှာ၏။

"လူယုတ်မာ မင်းကျော်စွာ၊ ကျေးဇူးစောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှောက်ခဲ့တဲ့ ကျေးရွာကိုမှမထောက်၊ ဒင်းမို့ အကြံပက်စက်လေတယ်၊ တွေ့ကြသေးတာ ပေါ့ကွာ''

ကိုးမြို့ရှင်က မီးတွက်မတတ် စူးရှပြောင်လက်သော ဒေါသမျက်ဝန်းတို့ဖြင့် အံကြိတ် ကြုံးဝါးလိုက်သည်။ ပြီးနောက် အဆောင်တော်တွင်းသို့ ပြေးဝင်ကာ ဓားအိမ်မှ ဓားကိုဆွဲသည်။

''သတ်မယ်၊ သတ်မယ်၊ ဒင်းကို ငါကိုယ်တိုင် သတ်မယ်''

ဟု ရေရွတ်ကြုံးဝါးကာ နန်းမဆောင်ကြီးဆီသို့ ပြေးသွားရန် ပြင်သည်။

''အို ... မောင်တော်ဘုရား၊ မလုပ်နဲ့၊ မလုပ်ပါနဲ့''

''သတိထားတော်မူပါဘုရား၊ သတိထားတော်မူပါ၊ နန်းတော်တစ်ခုလုံး ရန်သူ့လက်အတွင်း မကြာခင် ကျရောက်ပါတော့မယ်၊ အခြေအနေကို ချင့်ချိန်စဉ်းစားတော်မူပါဦး ဘုရား''



''ကိုယ်တော်ကြီး မသွားပါနဲ့၊ ကိုယ်တော်လေး မင်းကျော်စွာက အသာစီးရနေပါပြီ၊ မကြာခင် မှာပဲ ကိုယ်တော်ကြီးတို့ကို ရန်ပြုဖို့ ရောက်ရှိလာပါတော့မယ်ဘုရား၊ ဒီကနေ အမြန်ဆုံး ကိုယ်လွတ်ရန်း ပြေးကြပါတော့ဘုရား၊ အမြန် ပြေးကြပါတော့''

ထိုသို့ သတိပေးတားမြစ်သံများဖြင့် ကိုးမြို့ရှင်အား ဝိုင်းဝန်း ဆွဲလွဲထားကြသည်။

ကိုးမြို့ရှင်က နှမတော် ပုလဲယဉ်၏ မျက်နှာတော်ကို လှမ်းကြည့်သည်။ တောင်းပန်တိုးလျှိုးသော နှမတော်၏ မျက်ဝန်းအကြည့်တို့ကို နားလည်မိလိုက်၏။ ဟုတ်ပေသားပဲ။ ငါသွားရင် အင်အားချင်းမမျှလို့ မင်းကျော်စွာ သတ်လို့သေရမှာပဲ။ ငါသေသွားရင် ငါ့နှမလေးကို ဘယ်သူစောင့်ရှောက်မှာလဲ။ လူယုတ်မာ မင်းကျော်စွာက ငါ့နှမကို မယားပြုကျင့်မှာ။ မွေးစား အဖေအမေကိုတောင် သတ်ဖြတ်ပြီး နန်းပလ္လင်လုယူရဲတဲ့ ဒင်းလိုကောင်မျိုးက ငါ့နှမကို မိဖုရားတော်ကောက်ဖို့ ဆို

www.burmeseclassic.com

www.burmeseclassic.com

တာ အလှယ်လေးပဲ။ ငါ့နှမလေး ဒင်းလို လူယုတ်မာရဲ့ လက်မှာ ရေတိမ်နစ်ရှာတော့မယ်။ မဖြစ်ဘူး။ မဖြစ်ဘူး။ ငါ သေလို့မဖြစ်ဘူး။ ငါ့နှမကို စောင့်ရှောက်ဖို့ ငါ့မှာ တာဝန်ရှိသေးတယ်။ ငါ့နှမအတွက် ငါ အသက်ဆက် ရှင်ရမယ်။ ငါ အသက်ဆက်ရှင်မှဖြစ်မယ်။

ကိုးမြို့ရှင်က အားမတန်လို့ မာန်လျှော့လိုက်သည့်ဟန်ဖြင့် ဆုံးဖြတ်ချက်ကို ရဲရဲချသည်။ ထို့နောက် နှမတော် ပုလဲယဉ်ကိုထမ်းကာ နန်းတော်နှင့် ဝေးရာဆီသို့ ကိုယ်လွတ်လက်လွတ် ထွက်ပြေးတိမ်းရှောင်လေတော့၏။



## အခန်း(၈)

ပန်းတောင်းပြည်ကြီးနှင့် ဝေးရာဆီသို့ သူတို့မောင်နှမနှစ်ဦး ထွက်ပြေးလာခဲ့ကြရပြီ။

မင်းကျော်စွာအပေါ် နာကြည်းဒေါသစိတ်၊ ခမည်းတော်နှင့် မယ်တော်တို့အတွက် ဝမ်းနည်းသောကစိတ်တို့ကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရ၍ သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိနေခဲ့၏။ သူတို့မောင်နှမနှစ်ဦး ဘယ်ဌာနေ၊ ဘယ်အရပ်ဆီသို့ ထွက်ပြေးတိမ်းရှောင်ရမလဲဆိုတာ ရုတ်တရက် စဉ်းစား၍မရနိုင်ခဲ့။

ခြေဦးတည့်ရာ ပြေးရင်းလွှားရင်း သူတို့ အလျှ[illegible] ပင်ပန်းနုံးချိနေကြပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တော် ... နှမတော်တို့ ဘယ်ကိုပြေး ကြမလဲဟင်"

နှမတော် မေးလာသော စကားကို သူ့မှာ ချက်ချင်းအဖြေမပေးနိုင်သေး။ ပုန်းခိုရာအရပ်ကို အပြေးအလွှားစဉ်းစားနေရသည်။

ခမည်းတော် မိတ်ဆွေတွေထဲက ဘယ်သူတွေများ ရှိမလဲ။ ဘယ်အရပ်ဆို သူတို့အတွက် အသင့်တော်ဆုံး ဖြစ်မလဲ။ စဉ်းစားစမ်း။

"နှမတော်တို့ ဘယ်ကိုထွက်ပြေးကြမှာလဲလို့ မေးနေတယ်လေ မောင်တော်ဘုရား"

"မောင်တော် စဉ်းစားနေပါတယ် နှမတော်ရယ်"

"အမြန် စဉ်းစားတော်မူပါဘုရား၊ နှမတော်တို့ ထွက်ပြေးတာသိလို့ နောက်က မင်းကျော်စွာတို့ လိုက်လာရင် အခက်မဟုတ်လား၊ နှမတော် တော့ ဒီလူယုတ်မာရဲ့လက်ထဲမှာ အသေမခံနိုင်ပါဘူး၊ ဒီလူယုတ်မာရဲ့လက်မှာ အမိခံရရင်



တော့ နှမတော်တော့ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိုက်မယ်"

နှမတော် ပုလဲယဉ်က မျက်ရည်များနှင့် အံကြိတ်ကာ ပြောနေသည်။

သူ စိတ်မကောင်းနိုင်တော့။ မင်းကျော်စွာရဲ့ အရက်ခိုးဝေနေတဲ့ မျက်နှာကြီး သူ့အာရုံထဲ ရုတ်တရက် ဝင်လာသည်။ ဒေါသအခိုးအငွေ့များ ခန္ဓာကိုယ်တွင်းမှ တိုးထွက်လာသလို ဖျင်းခနဲ ခံစားလိုက်ရသည်။

"တောက်"

ဒေါသအစိုင်အခဲတို့က အသံအဟုန်တစ်ခု အဖြစ် နှုတ်ခမ်းများမှ ခုန်ထွက်လာသည်။

နေဦး။ မင်းကျော်စွာကို ဒေါသထွက်နေလို့ မပြီးသေး။ လောလောဆယ် သူတို့အတွက် အရေးကြီးနေသည့် ပုန်းခိုစရာအရပ်တစ်ခု။

စဉ်းစားရင်း တွေးရင်းတောရင်း သူ့စိတ်အာရုံထဲ လင်းခနဲဖြစ်သွားသလို အမှတ်ရလိုက်၏။

"နှမတော် ... မောင်တော်တို့ ကျောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ရွာကို သွားရအောင်၊ အဲဒီရွာသူကြီးက ခမည်းတော်ရဲ့ မိတ်ဆွေဟောင်း သူကြီး ဦးသာမြတ် မဟုတ်လား''

''ဟုတ်မှန်ပါတယ်ဘုရား''

''ခမည်းတော်ရဲ့ မိတ်ဆွေရင်းချာဆိုတော့ မောင်တော်တို့ရဲ့ အခက်အခဲကို ကူညီနိုင်မှာပါ၊ နောက်ပြီး ကျောက်ထပ်ရွာဆိုတာ ပန်းတောင်းပြည်ကြီးနဲ့ အဝေးကြီးမဟုတ်လား၊ ဒါကြောင့် မင်းကျော်စွာ အလွယ်တကူရှာဖွေလို့ မရနိုင်လောက်ဘူးလို့ မောင်တော်ထင်မိတယ်''

''မောင်တော် ကောင်းသလိုသာ စီမံပါဘုရား၊ မောင်တော်ရဲ့ အစီအမံအောက်၌ နာခံရမည့် နှမတော်ဖြစ်ပါသည်ဘုရား''

နှမတော်လည်း သူ့အစီအစဉ်ကို လက်ခံပြီမို့ ကျောက်ထပ်ရွာ၌ ပုန်းရှောင်နေရန် သူတို့ ဆုံးဖြတ်ခဲ့ကြသည်။



ထို့နောက် သူတို့ ခရီးဆက်လက်နှင်ခဲ့ကြသည်။

ညအချိန်အခါမို့ ခရီးက အတော်ပင်ခက်ခဲကြမ်းတမ်းလှ၏။ ကြယ်ရောင်၊ လရောင်တို့ကို အမှီပြု၍ မောင်နှမနှစ်ဦးသည် လက်ချင်းမြဲမြဲတွဲကာ တစ်ဦးကိုတစ်ဦး ဖေးမအားပေးကာ တစ်ခုသောအရပ်ဆီသို့ ဦးတည်လျှောက်နေကြသည်။

သူတို့နှစ်ဦး၏ မျက်ဝန်းများသည် နာကျင်ကြေကွဲရိပ်တို့ လွှမ်းခြုံလျက် တစ်ချက်တစ်ချက် ဒေါသရောင် အငွေ့အသက်များ ဖုံးလွှမ်းလျက်။

တည်ငြိမ်အေးချမ်းလှသော သူတို့ဘဝလေးကို ကံကြမ္မာမုန်တိုင်း ထိုးနှက်ဝင်ရောက်လာခဲ့ပေပြီ။

သူတို့မောင်နှမနှစ်ဦး၏ ရှေ့ကံကြမ္မာသည် အဘယ်သို့ ရှိမည်နည်း။ သည်အခြေအနေက သူတို့ လွတ်မြောက်ပါမည်လော။ တွေးရင်းပင် သူတို့အား ယယ်လာမိသည်။

အားကိုးဖွယ်ရာအဖြစ် ကျောက်ထပ်ရွာသူကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးသာမြတ်ကိုသာလျှင် ပြေးမြင်မိတော့သည်။ သူကြီး ဦးသာမြတ်သည် ခမည်းတော်၏ မိတ်ရင်းဆွေဟောင်းမို့ သူတို့အခက်အခဲကို ကူညီတန်ကောင်းပါရဲ့လေဟုသာ မျှော်လင့်တကြီး တွေးနေမိတော့၏။

* * *

သူတို့မောင်နှမနှစ်ဦး ကံကောင်းထောက်မခဲ့ပါသည်။ သူတို့မောင်နှမ၏ ဒုက္ခအကြပ်အတည်းကို ကျောက်ထပ်ရွာသူကြီး ဦးသာမြတ်က ကယ်တင်စောင်မခဲ့ပါ၏။

သူတို့ ကျောက်ထပ်ရွာတွင် ဆင်းရဲသားများအသွင် မထင်မရှား လှိုု့လှိုု့ဝှက်ဝှက်နေထိုင်ရင်း သောကဝေဒနာတို့ကို ဖြေဖျောက်နေရသည်။

တကယ်တော့ နာကြည်းစရာ အတိတ်ဆိုသည်မှာ မေ့ဖျောက်ပစ်ရန် ခက်သားလား။ မတွေးချင်ပေမယ့်လည်း အတွေးတို့ကို သူ့အလိုလို ဝင်ရောက်လာတတ်



တယ် မဟုတ်လား။

မိဘတွေ လုပ်ကြံခံရသည်။ နန်းပလ္လင်လည်း လုယူခံရ၏။ သားတော်နှစ်ပါး ခွန်ချိုနှင့် ခွန်သာကိုလည်း အဝေးတစ်နေရာသို့ပို့ကာ အချိန်ကြာကြာနေထိုင်စေခဲ့၏။

ကြည့်စမ်း။ ဒါတွေဟာ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့ခြင်းလေလား။ စေ့စေ့တွေးကြည့်တော့မှ တရေးရေး စီကာစဉ်ကာ ပေါ်လာတော့သည်။

ကျွေးမွေးစောင့်ရှောက် သူကောင်းပြုခဲ့တဲ့ ကျေးဇူးတရားကိုမှမထောက်။ သားရေပေါ်အိပ်၊ သားရေနားစားတဲ့ လုပ်ရပ်နဲ့ ကျေးဇူးရှင်အပေါ် ကျေးဇူးဆပ်သတဲ့လား။

အမှန်စင်စစ်တော့ ခမည်းတော်မင်းကြီး နတ်ရွာစံခဲ့လျှင် အိမ်ရှေ့စံဖြစ်သည့် သူသာ မင်းဖြစ်မှာမလွဲ။ ဒါကို မင်းကျော်စွာတစ်ယောက် မနာလို မရှုစိမ့်ကာ နန်းပလ္လင်ကို လုယူခဲ့ခြင်းလား။

ရာရာစစ မင်းသွေးစိုးမျိုးမဟုတ်သည့် သူလို

www.burmeseclassic.com



လူမျိုးအတွက် နန်းပလ္လင်နှင့် လားလားမှမထိုက်တန်ဟု ကိုးမြို့ရှင်က စိတ်ပေါက်ပေါက်နှင့်တွေးသည်။

သူမို့ မတန်မရာ မှန်းအပ်ပလေတယ်။

တကယ်တော့ ဒါတွေဟာ ခမည်းတော်၏ ထောက်ညှာသနားမှု၊ သဘောကောင်း ယုံလွယ်မှုတို့ကြောင့် ဖြစ်ခဲ့ရတာ။ ဒါတွေဟာ အမှားပဲ။ တစ်သက်စာပဲ အမှားဖြစ်ခဲ့ရပြီ။

ခမည်းတော်လည်း သူ့အမှားအတွက် အသက်နဲ့ရင်းပြီး သိခဲ့ရပြီလေ။ သူတို့အတွက်တော့ ဘဝနဲ့ရင်းပြီး သိခဲ့ရတာပေါ့။

ခုတော့ သူတို့သည်လည်းပဲ မင်းကျော်စွာအပေါ် မကျေနပ်နိုင်ရှုံကလွဲပြီး ဘာများတတ်နိုင်ပါဦးမည်နည်း။



## အခန်း(၉)

တစ်နှစ်တာအချိန်ကာလသည် ဘာမှမကြာခဲ့။ ကုန်လွယ်လွန်းလှသည်။ အဖြစ်အပျက်တို့သည် မနေ့တစ်နေ့ကလိုပင် မမေ့နိုင်သူအဖို့ တသသရှိနေဆဲ ဖြစ်သည်။

"မောင်ကြီး ... နှမလေးတို့ ဒီမှာနေတာ တစ်နှစ်တောင်ရှိသွားပြီနော်"

နှမတော် ပုလဲယဉ်က ဗန်းငယ်လေးထဲရှိ ခရေပန်းလေးများကို သီတန်းနေရာမှ ပြောလာသည်။ သာမန်ကျေးတောသူ၊ ကျေးတောသားများအသွင် နေထိုင်ရသည်မို့ နန်းတွင်းသုံး အခေါ်အဝေါ်တို့ကို ဖျော်ကာ အရပ်သုံးစကားဖြင့် သူတို့မောင်နှမ တစ်ဦးကိုတစ်ဦး

www.burmeseclassic.com



ခေါ်ကာ နှုတ်ကျိုးနေကြသည်။

ပူအိုက်လွန်းသော နွေရာသီ၏ နေ့ရက်တစ်ရက်မို့ အရိပ်အာဝါသကောင်းသော ခရေပင်အောက်တွင် ခရေပန်းကောက်ရင်း၊ ပန်းသီရင်း တဖြူးဖြူးတိုက်ခတ်လာသော လေကို နှစ်မြို့က်စွာခံစားရင်း အေးအေးလူလူရှိနေမိကြသည်။

"အေးလေ ... ဘာလိုလိုနဲ့ အချိန်တွေတောင် အကုန်မြန်လိုက်တာ"

ကားကားစွင့်စွင့် ခရေပန်း လေးငါးပွင့်ကို နှမတော် ပန်းထည့်ရာ ဇန်းထဲထည့်လိုက်ပြီးမှ ကိုးမြို့ရှင်ကပြောသည်။

ဟုတ်သည်။ သူတို့ ဒီကျောက်ထပ်ရွာကလေးတွင် ဇာတ်မြှုပ်နေထိုင်ခဲ့သည်မှာ ယခုဆို တစ်နှစ်မျှတောင် ကြာသွားခဲ့ပြီပဲ။ မမေ့နိုင်စရာ အဖြစ်အပျက်တို့ တစိမ့်စိမ့်တွေးရင်း တမြေ့မြေ့ နာကြည်းမိရသည့်နေ့ရက်တို့မှာလည်း တစ်စတစ်စ ရှည်ကြာလွန်းခဲ့ပြီ။

သူ့အတွက်တော့ တစ်ရက်ကလေးတောင် မေ့မရနိုင်သေး။ အတိတ်ကို ပြန်တူးဆွမိတိုင်း စိတ်မကောင်းဖြစ်ရသည့်အတွက် အတတ်နိုင်ဆုံး သူတို့မောင်နှမနှစ်ယောက် အတိတ်ကိုပြန်မပြောဖြစ်ခဲ့ကြ။ စိတ်သက်သာသလို နေခဲ့ကြ၏။

သို့သော် အချိန်တို့ ကုန်လွန်လာခဲ့သည်နှင့်အမျှ နာကြည်းကြေကွဲမှုတို့ကို အမြစ်ဖြတ် ဖယ်ထုတ်ခြင်းငှာ မစွမ်းသာခဲ့။ တွေးမိတိုင်း အသည်းနာရသည်။

"မောင်ကြီး ဘာတွေတွေးနေတာလဲဟင်၊ မျက်နှာလည်း မကောင်းပါလား၊ ဘာများ အဆင်မပြေတာရှိလို့လဲ မောင်ကြီးရယ်"

နှမတော်က သူ့မျက်နှာထားကို ကြည့်ကာ စိုးရိမ်တကြီး မေးလာရှာတော့မှ သူလည်း အတွေးကမ္ဘာထဲမှ ပြန်လည်နိုးထလာရတော့သည်။

"ဘာရယ်မဟုတ်ပါဘူး နှမရယ်၊ ဟိုတွေး ဒီတွေးပါပဲ"

နှမတော်အား သူ ခပ်ဖော့ဖော့ပင် ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး၊ မောင်ကြီးမျက်နှာက မသာမယာရှိလှတော့ နှမလေးဖြင့် စိုးထိတ်သွားတာပဲ၊ ဒီရွာမှာနေရတာ မောင်ကြီးအတွက် စိတ်အနှောင့်အယှက်များ ရှိနေသလားလို့ တွေးပူသွားမိတာလေ"

"ဒီရွာလေးမှာ နေရတာ ဘာပဲဖြစ်ဖြစ် မောင်ကြီးတို့အတွက် လုံခြုံမှုရှိတယ်လေ၊ နောက်ပြီး ဦးကြီးသာမြတ်ကလည်း မောင်ကြီးတို့ မောင်နှမအပေါ် ဂရုတစိုက်လည်း ရှိတော့ အစစအရာရာ အဆင်ပြေနေသားပဲ၊ စိတ်အနှောင့်အယှက်ဖြစ်စရာ မရှိပါဘူး နှမရယ်"

"ဟုတ်တယ်နော် မောင်ကြီး၊ နှမလေးကတော့ ဦးကြီးသာမြတ်ကို သိပ်ကျေးဇူးတင်မိတယ်၊ နှမလေးတို့ကို အစစအရာရာ လိုလေသေးမရှိ ဂရုတစိုက် စောင့်ရှောက်ရှာတယ် မဟုတ်လား"

"အေးလေ၊ တို့မောင်နှမနှစ်ယောက်ကို သူ



လည်း သနားရှာတယ်ထင်ပ၊ သားရင်းသမီးရင်းလို စောင့်ရှောက်ရှာတာကလား"

ဘာရယ်မဟုတ်။ အမှုမဲ့ အမှတ်မဲ့ ပြောလိုက်ပေမယ့် သူ့စကားကို နှမတော် ပုလဲယဉ်က စိတ်ထိခိုက်သွားပုံရသည်။ တစ်စုံတစ်ရာကို သတိရသွားဟန်မျိုးဖြင့် ငြိမ်သက်သွားသည်။ လက်ထဲမှ သီလက်စ ပန်းတို့မှာလည်း တစ်ဝက်တစ်ပျက်နှင့်။

သူမ အတိတ်ကို ပြန်သတိရသွားတာ ဖြစ်ရမည်။ ခမည်းတော်၊ မယ်တော်တို့ကို သတိရနေခြင်းလား။ တပင်တိုင်စံမြန်း မင်းသမီးလေးဘဝကို တမ်းတနေတာလား။ သူတစ်ပါး၏ စောင့်ရှောက်ခြင်း ခံရသော အမိမဲ့ အဖမဲ့ဘဝမို့ အားငယ်ဝမ်းနည်းသွားရတာလား ငါ့နှမရယ်။

နှမလေးကို ဘယ်လိုစကားမျိုးဖြင့် နှစ်သိမ့်ဖြေဖျောက်ရမှန်း သူ စဉ်းစားမရ။ ငိုချင်ရက်လက်တို့ ဖြစ်သွားမှာကိုလည်း စိုးရိမ်မိသည်။

ဒါကြောင့်ပင် စကားလမ်းကြောင်း အမြဲလိုး

www.burmeseclassic.com

www.burmeseclassic.com



လွှဲ ပြောလိုက်မိသည်။

"ခုဆိုရင် သွေးသားရင်းချာဆိုလို့ တို့မောင်နှမ နှစ်ယောက်ပဲ ရှိတော့တာမဟုတ်လား၊ ဒါကြောင့် တို့မောင်နှမနှစ်ယောက် သွေးစည်းရမယ်လေ"

သူ့စကားကို စိတ်ဝင်စားသွားဟန်ဖြင့် နှမလေးက လှည့်ကြည့်လာသည်။ သူလည်း နှမလေး မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ကာ ဆက်ပြောလိုက်သည်။

"တို့တွေတစ်သက်လုံး မခွဲရအောင် အိမ်ထောင်မပြုဘဲ နေကြရအောင်လေ၊ တို့မောင်နှမ နှစ်ယောက်ရဲ့ဘဝထဲကို သူစိမ်းတရံဝင်လာပြီး သွေးခွဲမှာ မောင်ကြီးစိုးမိတယ်ကွယ်၊ ဒါကြောင့် တို့တွေတစ်သက်လုံး အိမ်ထောင်မပြုဘဲ နေကြရအောင်နော် နှမလေး"

နှမတော် ပုလဲယဉ်က မျက်လုံးလေး ဝိုင်းကားနားထောင်ရှာသည်။ ပြီးနောက် အံ့ဩသလိုနှင့် -

"မောင်ကြီး တကယ်ပြောနေတာလားဟင်"



"တကယ်ပြောနေတာပေါ့ ငါ့နှမရယ်"

သူက ဖြုံးကာပြောမိသည်။ နှမလေးက ပထမတော့ အံ့ဩသလိုလေး စိုက်ကြည့်နေသည်။ ပြီးမှ တဖြည်းဖြည်း ပြုံးရယ်လာကာ -

"မောင်ကြီးကတောင် နှမလေးအတွက် ငဲ့ပြီး အိမ်ထောင်မပြုဘဲ နေမှာ၊ နှမလေးက မောင်ကြီးကို ခွဲပြီး ဘာလို့ အိမ်ထောင်ပြုရမှာလဲ၊ နှမလေး ကတိပေးပါတယ်၊ တစ်သက်လုံး မောင်ကြီးနဲ့အတူနေမှာ၊ ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူး ... သိလား"

"လိမ္မာလိုက်တဲ့ ငါ့နှမလေး၊ မောင်ကြီးလည်း ကတိပေးပါတယ်၊ ငါ့နှမလေးကို ခွဲပြီး ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူးလို့"

မောင်နှမနှစ်ယောက် ပျော်ရွှင်စွာ ရယ်မောလိုက်သံများ လေအဝေ့ဝယ် ပျံ့လွင့်လို့သွားပါတော့သည်။

မောင်နှမနှစ်ယောက်သည် တစ်ဦးကို တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဖြူစင်သော မေတ္တာတရားတို့ လွှမ်းခြုံလျက် ကြည်ကြည်နူးနူး ကြည့်မိလိုက်ကြပါတော့၏။

နွေဦးလေပြေနှင့်အတူ ခရေပင်ထက်မှ ခရေပန်းနုံတို့သည် မွှေးမြလတ်ဆတ်နေလျက်။ မောင်နှမနှစ်ဦး၏ နှုတ်ခမ်းများထက်တွင်လည်း ချိုမြိန်သော အပြုံးတို့ တွဲခိုနေလျက် ရှိနေပါတော့၏။

ဖေဖေဖေဖေ

## အခန်း(၁၀)

အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ကိုးမြို့ရှင်အဖို့ တနုံ့နုံ့နှင့် သိချင်နေသောအရာများ အောင့်အီးစောင့်ဆိုင်းခဲ့ရ၏။

တိုင်းပြည်အခြေအနေ မည်သို့ရှိနေမည်နည်း။

နောက်ပြီး သားတော်နှစ်ပါးရော သုံးနှစ်ပြည့်လို့ ပြည်တော်ပြန်ရောက်နေပြီလား။ သို့တည်းမဟုတ် ရှမ်းပြည်နယ်မှာပဲ ဆက်လက်အုပ်ချုပ်နေဆဲလား။ ဒါမှမဟုတ် မင်းကျော်စွာတစ်ယောက် သားတော်တို့ကိုပါ လုပ်ကြံ သတ်ဖြတ်ခဲ့ပြီလား။

သူ သိပ်ကို သိချင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တိုင်းပြည်အခြေအနေအရပ်ရပ်ကို စနည်းနာရန်နှင့် သားတော်တို့ကို စုံစမ်းရှာဖွေရန် ခရီးထွက်ဖို့ ဆုံးဖြတ်မိတော့၏။

ဒါကြောင့် နှမတော် ပုလဲယဉ်အားဖွင့်ဟ တိုင်ပင်မိသည်။

"မောင်ကြီးတော့ တိုင်းရေးပြည်ရာ အခြေအနေကို သိချင်တယ်၊ ပြီးတော့ သားတော်ခွန်ချို နှင့် ခွန်သာတို့ကိုလည်း ရှာဖွေချင်သေးတယ်၊ ဒါကြောင့် ခရီးထွက်မလားလို့ စဉ်းစားထားတယ် နှမလေးရေ"

"မောင်ကြီးက ဘယ်ကို ခရီးထွက်မှာလဲ"

နှမလေး ပုလဲယဉ်က အထူးအဆန်းစကားမို့ တအံ့တသြလေး မေးလာ၏။

"သားတော်တို့ရှိတဲ့ ရှမ်းပြည်နယ်ဘက်ကို လေ"

နှမလေး ပုလဲယဉ်က သူ့စကားကြောင့် မျက်လုံးလေးဖျတ်ခနဲ ညှိုးကျသွားကာ သက်ပြင်းကို မသိ



မသာချလိုက်ပြီး ...

"နှမလေးတော့ မောင်ကြီးအတွက် စိုးရိမ်မိတယ်၊ မင်းကျော်စွာရဲ့ ရန်ကလည်းရှိသေးတယ် မဟုတ်လား"

"မစိုးရိမ်ပါနဲ့ ငါ့နှမရယ်၊ မောင်ကြီးက ရုပ်ဖျက်ပြီး သွားမှာပေါ့၊ နောက်ပြီး ရှမ်းပြည်နယ်ဆိုတာလည်း ပန်းတောင်းပြည်ကြီးနဲ့ အဝေးကြီးလေ၊ အန္တရာယ် မရှိနိုင်ပါဘူး ငါ့နှမရယ်"

"ဟုတ်တော့ ဟုတ်ပါတယ် မောင်ကြီးရယ်၊ ဒါပေမဲ့ လမ်းမှာ မောင်ကြီးတစ်ခုခုဖြစ်မှာ နှမလေး တွေးပူမိလို့ပါ၊ ဒါကြောင့် စိတ်မချနိုင်ပါဘူး မောင်ကြီးရယ်"

နှမလေး ပုလဲယဉ်၏ စိုးရိမ်ပူပန်တတ်မှုကြောင့် သူ့အပေါ် ချစ်ရှာလွန်းသည့် နှမပဲဟု တွေးမိကာ ပြုံးလိုက်မိသည်။

"စိတ်ချစမ်းပါ ငါ့နှမရယ်၊ မောင်ကြီးက ယောကျ်ားပဲ၊ ဘာမှ မဖြစ်နိုင်ပါဘူး၊ ရုပ်ဖျက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားမှာဆိုတော့ သိပ်လည်း စိုးရိမ်စရာမရှိပါဘူးကွယ်၊ ငါ့နှမလေးကိုသာ မောင်ကြီးက စိတ်မချဖြစ်ရမှာ၊ မောင်ကြီးမျက်စိအောက်မှာ မရှိနိုင်တော့ဘူးဆိုတော့ ငါ့နှမအတွက် မောင်ကြီး စိုးရိမ်မိတယ်''

''အို ... မောင်ကြီးကလည်း ဘာစိုးရိမ်စရာရှိလို့လဲ၊ ဒီရွာမှာ နှမလေးက နေသားကျနေပြီလေ၊ ပြီးတော့ ဦးကြီးသာမြတ် မိသားစုနဲ့လည်း တကယ့်ကို မိသားစုရင်းလိုဖြစ်နေပြီ၊ ကိုယ့်အိမ် ကိုယ့်ယာလိုဖြစ်နေတာပဲ၊ နှမလေးအတွက် စိုးရိမ်စရာမရှိပါဘူး မောင်ကြီးရယ်''

နှမလေးက ပျာပျာသလဲလေး ရှင်းပြသည်။ သူက နှမလေးအမူအရာကြောင့် သဘောကျသလို တစ်ချက်ပြုံးလိုက်မိသည်။

''ငါ့နှမလေးက သိပ်လှနေတာကိုး၊ ဒီရွာက ကာလသားတွေက ငါ့နှမလေးကို ပိုးပန်းနေကြတာဆိုတော့ မောင်ကြီးကိုခွဲပြီး ငါ့နှမလေး



အိမ်ထောင်ပြုသွားမှာ မောင်ကြီး တွေးပူနေမိတယ်ကွယ်''

သူ့အပြောကြောင့် နှမလေးက သဘောကျသလို ရယ်လိုက်ကာ -

''အို ... ဒါတော့ စိတ်ချစမ်းပါ မောင်ကြီးရယ်၊ နှမလေး ပြောထားတဲ့စကားကို နှမလေး မမေ့ပါဘူး၊ မောင်ကြီးကိုခွဲပြီး နှမလေး ဘယ်တော့မှ အိမ်ထောင်မပြုဘူးဆိုတာ မောင်ကြီး ယုံကြည်စမ်းပါ၊ ဒီအတွက်တော့ နှမလေးကို စိုးရိမ်မနေပါနဲ့ မောင်ကြီးရယ်''

''အေးပါကွယ်၊ ငါ့နှမကို ယုံပါတယ်၊ ဒါပေမဲ့...''

သူက အိမ်တွင်းကို ဝေ့ဝဲအကဲခတ်လိုက်သည်။

''ဒါပေမဲ့ ဘာဖြစ်လဲ မောင်ကြီးရဲ့''

အိမ်တွင်း၌ ဘယ်သူမှမရှိ။ သူတို့ မောင်နှမနှစ်ယောက် အိမ်ရှေ့ခြံဝန်းလေးထဲ၌ စကားပြောနေကြခြင်းဖြစ်သည်။ ဘယ်သူမှ မရှိပေမယ့်လည်း သူက

www.burmeseclassic.com

www.burmeseclassic.com



လေသံကို နှိမ့်၍ …

“ဦးကြီးသာမြတ်ရဲ့ သား မောင်လတ်က ငါ့နှမကို မေတ္တာသက်ဝင်နေပုံပဲ၊ သူ့ကိုတော့ နှမလေးသတိထားပါ၊ မောင်ကြီး ဒီကောင်ကို စိတ်မချဘူး၊ ငါ့နှမကို ခိုးခိုးကြည့်နေတာ မောင်ကြီး တွေ့တွေ့နေတယ်”

“မောင်ကြီးကလည်း မောင်လတ်က ရိုးသားအေးဆေးပါတယ်၊ မောင်ကြီး ထင်သလိုလည်း မဟုတ်လောက်ပါဘူး၊ နှမလေးကိုလည်း နှမရင်းလေးလို ဆက်ဆံရှာသားပဲ၊ မောင်ကြီးရယ်…တွေးပူမနေစမ်းပါနဲ့၊ နှမလေးကို မယုံဘူးလား၊ ပြော …”

“နှမအလိမ္မာလေးကို မောင်ကြီး ယုံပါတယ်ကွယ်၊ ယုံလိုက်ပါပြီ”

ဟု သူက ရွှင်မြူးမြူးလေး ပြောလိုက်သဖြင့် သူတို့မောင်နှမနှစ်ယောက်ရဲ့ အပြုံးတွေ ချိုမြိန်သွားရလေတော့၏။



နောက်တစ်နေ့ နံနက်မှာပဲ ခရီးထွက်ဖို့ ပြင်ရတော့သည်။ ရှမ်းအမျိုးသားဝတ်စုံ၊ မရိတ်မသင်ဘဲ ထားခဲ့သော နှုတ်ခမ်းမွေးတို့နှင့် ရုပ်ဖျက်ထားသည်။ ခေါင်းပေါင်းကြီးကိုလည်း ပေါင်းထားလိုက်သေးသည်။ ဖျင်လွယ်အိတ်ကြီး လွယ်ထားသော သူ့ပုံစံက တကယ့်ရှမ်းလူမျိုးတစ်ဦး၏အသွင်မျိုး ပီပြင်နေသည်။

ကိုယ့်ပုံကို ကြေးမုံပြင်ထက်တွင် ကြည့်လိုက်ပြီး သဘောတကျ ပြုံးလိုက်မိသည်။

ကျေနပ်လောက်ပြီဆိုတော့မှ အိမ်ရှေ့ လှမ်းထွက်လိုက်သည်။ အိမ်ရှေ့တွင် အသင့်ကြိုစောင့်နေသော ဦးကြီးသာမြတ်နှင့် နှမလေးတို့ကို တွေ့လိုက်ရ၏။

“ဦးကြီးကို ကျုပ်မှာခဲ့ပါရစေ၊ ကျုပ်နှမလေးကို ကျုပ်ကိုယ်စား စောင့်ရှောက်ပေးစေါ်နော်၊ ဦးကြီးကို ယုံကြည်စိတ်ချစွာနဲ့ နှမလေးကို အပ်ထားခဲ့ပါရစေ ဦးကြီးရယ်”

“စိတ်ချလက်ချသာ ခရီးကို ဖြောင့်ဖြောင့်သွားပါကွယ်၊ လူလေး နှမလေးကို ဦးကြီးစောင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ထားမှာပါ၊ လူလေးသာ ကိုယ့်ကိုယ်ကို ဂရုစိုက်နော်၊ လူလေးရဲ့ နှမလေးအတွက်တော့ စိုးရိမ်မနေပါနဲ့၊ ဦးကြီးမိသားစုကလည်း မင်းတို့မောင်နှမနှစ်ယောက်ကို သားရင်းသမီးရင်းလို ခင်တွယ် သံယောဇဉ်ဖြစ်မိနေတော့ မင်းနှမလေးအတွက် ဘာမှစိတ်ပူစရာမရှိပါဘူးကွယ်''

''ဟုတ်ကဲ့ပါ ဦးကြီးရယ်၊ ဦးကြီးရဲ့ ကျေးဇူးတွေ ကျုပ်တို့အပေါ် များလှပါပြီ၊ ဦးကြီးရဲ့ ကျေးဇူးတွေကို ကျုပ်တို့ ဒီတစ်သက် မမေ့ပါဘူး''

''ရပါတယ် လူလေးရယ်၊ ဒါတွေ ပြောစရာမလိုပါဘူးကွယ်၊ လူလေးတို့ရဲ့ ခမည်းတော်မင်းကြီးဟာ ဦးကြီးအပေါ်မှာ ကျေးဇူးရှိတယ်ကွဲ့၊ ဒါကြောင့် ခုလို မင်းတို့ကို ပြန်ပြီးကူညီခွင့်ရတာကိုပဲ ဝမ်းမြောက်လှပါပြီကွယ်''

ကိုးမြို့ရှင်က ဦးကြီးသာမြတ်ကို ကျေးဇူးတင်



လွန်းစွာ ကြည့်လိုက်ပြီးမှ အနားတွင် စိတ်မကောင်းဟန် ဖြင့်ရပ်နေသော နှမလေးအား မှာလိုက်၏။

''နှမလေးလည်း ဦးကြီးပြောစကားကို နားထောင်ရမယ်၊ လိမ်လိမ်မာမာနေရမယ်နော်''

''စိတ်ချပါ မောင်ကြီးရယ်၊ နှမလေး လိမ်လိမ်မာမာ နေပါ့မယ်''

''အေး ... အေး၊ ဒါဆို မောင်ကြီး သွားတော့မယ်နော်၊ ဦးကြီး ကျုပ်စိတ်ချပါရစေ''

''အေးပါကွယ်၊ လူလေး ဂရုတစိုက်သွားဦးနော်''

ခေါင်းညိတ်ကာ အားလုံးကို တစ်ချက်ဝေ့ကြည့်၍ လှည့်ထွက်ရန် ပြင်လိုက်၏။

''မောင်ကြီး''

နှမလေး၏အသံကြောင့် သူ ပြန်လှည့်ကြည့်မိသည်။ မျက်ရည်များဖြင့် ဝေ့သီနေသော နှမလေး၏ မျက်ဝန်းတို့ကို ကြေကွဲရိပ်တို့ စွန်းထင်နေတာကို မြင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ပြန်ခဲ့ပါနော်၊ မောင်ကြီး ပြန်အလာကို နှမလေး မျှော်နေမယ်နော်"

သူ့ရင်ထဲ ရုတ်တရက် ဆို့နစ်သွားရသည်။ မောင်နှမနှစ်ယောက် တစ်ခါမှ ခွဲခွာဖူးခဲ့တာ မဟုတ်။ ပထမဆုံးအကြိမ် ခွဲခွာခြင်းအတွက် နှမလေး ဝမ်းနည်းနေရှာပေပြီ။ သူရော ... သူလည်း ထိခိုက်ခံစားရသည်ပဲ။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ဆောင်ရွက်ဖွယ်ရာတွေက ရှိသေးသည် မဟုတ်လား။

"အေးပါ နှမလေးရယ်၊ ဆောင်ရွက်စရာ ကိစ္စတွေ ပြီးတာနဲ့ အမြန်ဆုံး ပြန်လာပါ့မယ်"

နှမလေးက မျက်ရည်များကို ထိန်းချုပ်ထားဟန်ဖြင့် ပြုံးကာ ခေါင်းညိတ်ပြသည်။ သူလည်း နှမလေး ခံစားနေရသည်ကို မမြင်ရက်နိုင်တော့သဖြင့် ကျောခိုင်းကာ လှည့်ထွက်ခဲ့တော့၏။

ကျောက်ထပ်ရွာသည်လည်းကောင်း၊ နှမလေးသည်လည်းကောင်း သူနှင့်ဝေးရာတွင် ကျန်ရစ်ခဲ့ရှာပြီ။



သူ့ခြေလှမ်းများမှာတော့ သားတော်နှစ်ပါး ရှိနိုင်မည့် ရှမ်းပြည်နယ်ဆီသို့ ဦးတည်လျက် တရွေ့ရွေ့ တရွေ့ရွေ့ လှမ်းလင့်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

တကယ်တမ်းတွေ့ရသည့်အခါ ခွန်ချို ခွန်သာတို့က သူ့ကို လာရှာကြခြင်းဖြစ်ပါသည်။ ရှမ်းပြည်နယ်ဆိုသည်က အဝေးကြီးမဟုတ်လား။ တစ်ယောက်တည်း လှို့လှို့ဝှက်ဝှက် လာရသောခရီးက အတော်ပင် ဝေးလံပင်ပန်းလှသည်။ ရှမ်းပြည်နယ်နှင့် ပန်းတောင်းပြည်တို့အကြား တောကြီးမျက်မည်းတစ်ခုတွင် ကိုးမြို့ရှင်တစ်ယောက် အဲတန်ကြာရက်လည် လမ်းမှားနေခဲ့သည်။ ထိုစဉ်မှာပင် ခွန်ချို၊ ခွန်သာတို့နှင့် သူ မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းဖြစ်သည်။

ထင်မှတ်မထားသော ဖြစ်ရပ်မို့ သူ ရုတ်တရက်



အံ့အားသင့်သွားရတော့၏။

"သားတော်တို့ ... သားတော်တို့ ဘယ်လိုက ဘယ်လို ..."

အံ့သြလွန်းနေသည်မို့ စကားတို့က အစီအစဉ်မကျ။ ရှေ့ဆက်၍ မရနိုင်အောင် ဖြစ်မိရသည်။

"ခမည်းတော်ဘုရား ဒီတောထဲကို ဘယ်လိုရောက်နေတာလဲ၊ ပြီးတော့ တစ်ယောက်တည်း ဘာလို့ ရှိနေရတာလဲ ဘုရား"

ဟု ခွန်ချိုက မေးသလို ...

"ကြည့်စမ်း နောင်တော်ရယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ ခမည်းတော်နဲ့ ဒီမှာလာတွေ့ရတယ်လို့"

ခွန်သာကလည်း ဝမ်းသာအံ့သြစွာပြော၏။

"ခမည်းတော်က သားတော်တို့ကို လာရှာတာလေ၊ တော်သေးတာပေါ့ကွယ်၊ သားတော်တို့ကို ဘေးမသီရန်မခဘဲ တွေ့ရလို့ပေါ့"

"ခမည်းတော် ... မယ်တော်ဖုရားရှေ့ကောင်၊

www.burmeseclassic.com

www.burmeseclassic.com



အခု ဘယ်မှာလဲဘုရား''

''မယ်တော်တစ်ယောက် ကျန်းကျန်းမာမာရှိရဲ့လား ဘုရား''

သားတော်နှစ်ပါးက သူတို့၏ မယ်တော်ကို သတိတရ မေးနေ၍ သူမှာပြုံးမိရ၏။

''ရှိပါတယ် သားတော်ရယ်၊ ကျောက်ထပ်ရွာလေးမှာ ကျန်းကျန်းမာမာနဲ့ ရှိနေပါတယ်ကွယ်၊ ဩော် ... ဒါနဲ့ သားတော်တို့က ဒီကို ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲကွဲ့''

သားတော်နှစ်ပါးသည် သူ့စကားကြောင့် မျက်နှာ ကွက်ခနဲပျက်သွားကာ တစ်ဦးနှင့်တစ်ဦး ကြည့်လိုက်ကြသည်။

သူတို့ပုံစံတွေက တစ်ခုခုကို လျှို့ဝှက်ထားပုံမျိုး၊ တစ်ခုခုကို နာကျင်ကြေကွဲပုံမျိုးဖြင့် သိပ်ကိုတူနေသည်။

သားတော်တို့ အမူအရာကြောင့် သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။ သားတော်တို့ ပြောကြားလာမည့် စကားတို့ကို ရင်ထိတ်နေလျက်က စိုးတထင့်ထင့်နှင့် နားစွင့်နေမိသည်။



အတန်ကြာတော့မှ သားတော်ကြီး ခွန်ချိုက သက်ပြင်းတစ်ချက်ချကာ စကားစ,လာ၏။

''ဒီစကားတွေကို သားတော် ဝမ်းနည်းစွာနှင့် ပြောရခြင်း ဖြစ်ပါတယ် ခမည်းတော်ဘုရား၊ တကယ်တော့ သားတော်တို့ ဒီကိုရောက်လာရခြင်း အကြောင်းရင်းက မလွှန်ဆန်နိုင်တဲ့ အမိန့်တော်တစ်ရပ်ကို ထမ်းရွက်ဖို့ လာခြင်း ဖြစ်ပါတယ် ခမည်းတော်''

''မင်းကျော်စွာက ဘာတွေမိန့်လိုက်လို့လဲ သားတော်''

သားတော် ခွန်ချို၏ မျက်နှာသည် အလွန်ပင် ကြေကွဲဝမ်းနည်းနေဟန်ဖြင့် သိသိသာသာပင် ဖျက်ယွင်းနေတော့၏။ တစ်ခုခုကို ပြောရခက်နေဟန်ဖြင့်လည်း တွန့်ဆိုင်းနေသည်။

''ဦးရီးတော်က သားတော်တို့ကို တာဝန်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မိန့်မှတ်ခဲ့တယ်၊ အဲဒါက ခမည်းတော်ဘုရားကို ရှာဖွေဖို့ပါပဲ၊ တွေ့ရှိရင်တော့ ခမည်းတော်ကို… ခမည်းတော်ကို ခေါင်းဖြတ်ပြီး ဆက်သ ရမယ်တဲ့ ဘုရား''

''ဟင်''

မိုးကြိုးအစင်းတစ်ရာ ပစ်လိုက်သည့်နှယ် သူ့ ခေါင်းနပမ်း ကြီးသွားမိ၏။ ဘုရား … ဘုရား …။ မင်းကျော်စွာဟာ သားတော်တို့ကို မအပ်မရာ ခိုင်းစေလိုက်သတဲ့။ ဖခင်ရင်း မဟုတ်ခဲ့ပေမယ့် ဖခင်ရင်းတမျှ ပြုစုစောင့်ရှောက်ခဲ့ရသော သူတို့သားတော်တို့က ခေါင်းဖြတ် သတ်ရမည်တဲ့လား။

ဒါဟာ ဖြစ်သင့်သတဲ့လား။ ရက်စက်လိုက်တာ မင်းကျော်စွာရယ်။ ဘယ်အငြိုးတွေနဲ့ သင်ဟာ ကျုပ်တို့အပေါ် ဒီလောက် ရက်ရက်စက်စက် ငြိုးမာန်ဖွဲ့နေတာလဲ ကျုပ် မစဉ်းစားတတ်အောင်ပါပဲ။

ခမည်းတော်နဲ့ မယ်တော်ကို လုပ်ကြံသတ်ဖြတ်ကာ နန်းပလ္လင်လုယူရုံမျှနှင့် အားမရနိုင်သေး။ ယခု



လည်း သူ့ကို … သူ့ကို ရှာဖွေသတ်ဖြတ်ရန် သားတော်တို့ကို မိန့်မှာပြန်သေးသတဲ့လေ။

''ခမည်းတော်ဟာ သားတော်တို့ရဲ့ မွေးစားဖခင်ဆိုပေမယ့် တကယ်တော့ ဖခင်ရင်းတမျှ ချစ်ရာရတဲ့သူပါ၊ သားတော်တို့ကို ဦးရီးတော်က သစ္စာရေတိုက်ပြီး နိုင်းသမျှလုပ်ဆောင်ရပါမည်လို့ သစ္စာဆိုစေခဲ့တယ်၊ ပြီးတော့ ခမည်းတော်ကို ရှာဖွေသတ်ဖြတ်ဖို့ အမိန့်တော် ပေးအပ်တော့တာပါပဲဘုရား၊ သစ္စာရေသောက်ပြီးတဲ့ သားတော်တို့ဟာ ဦးရီးတော်မင်းမြတ်ရဲ့ အမိန့်ကို မလွန်ဆန်နိုင်ခဲ့သည်မို့ ခမည်းတော်ကို လိုက်လံရှာဖွေဖို့ ထွက်လာခဲ့ရတော့တာလေ၊ သားတော်တို့ဟာ ခမည်းတော်အပေါ် ဒီလို ရက်ရက်စက်စက် အပြုအမူမျိုးကို မလုပ်ရက်ပါဘူး ဘုရား၊ မလုပ်ရက်ပါဘူး၊ ဖခင်အပေါ် သတ်ရက်တဲ့ သတ္တိမျိုး သားတော်တို့မှာ မရှိပါဘူး ခမည်းတော် ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ရယ်''

သားတော်တို့က အံကိုကြိတ်ကာ ဝမ်းနည်းစွာ ပြောရင်း အသံတိတ် ငိုကြွေးနေတော့သည်။

သူ့သားတော်နှစ်ပါးရဲ့ အခက်အခဲကို နားလည်မိလိုက်၏။

တစ်ဖက်မှာလည်း ခမည်းတော် ဖြစ်နေသူမို့ မသတ်ရက်။ တစ်ဖက်တွင်လည်း သစ္စာရေသောက်ထားပြီး သစ္စာဆို ကတိခံထားရသည်မို့ မဖြစ်မနေလုပ်ဆောင်ရတော့မည်။ ဒီလိုအခြေအနေမျိုးတွင် သားတော်တို့ ဘယ်လောက်များ ပင်ပန်းနေရရှာမလဲ။နာကျင်ကြေကွဲ နေရရှာမလဲ။ သူ စာနာ နားလည် မိပါသည်။

သူ ချစ်ရတဲ့ သားတော်တို့ ကြေကွဲဝမ်းနည်းမှုကို သူ မလိုလား။ သားတော်တို့ မျက်ရည်တစ်စက်ကြွေတိုင်း သူ့နှလုံးသားတစ်ခုလုံး တဆတ်ဆတ် နာကျင်ကြေကွဲရသည်။ သူ့ရင်၌ ပေါက်ဖွားလာသော မိဘမေတ္တာတရားတို့ဖြင့် သားတော်တို့၏ မျက်ရည်များကို ငြိမ်းသတ်စေမည်။ သားတော်တို့၏ အကျပ်အတည်းကို



ဖြေဖျောက်ပေးရမည်။ သူ့ကြောင့် သစ္စာပျက်သူများ မဖြစ်စေရ။

သူ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်မိ၏။

''သားတော်တို့ … ဤကိစ္စကို ဘာမှမစိုးရိမ်ပါနှင့်တော့၊ သားတော်တို့ရဲ့ အခက်အခဲကို ခမည်းတော် ဖြေရှင်းပေးပါ့မယ်ကွယ်''

သားတော်နှစ်ပါးက သူ့အား မျက်လုံးအဝိုင်းသားနှင့် စိုက်ကြည့်နေရှာသည်။ သူတို့ သူ့စကားကို နားလည်ပုံတော့ မရပေ။

ဒါပေမဲ့ ကိစ္စမရှိ။ မကြာခင်တော့ သူတို့ နားလည်သွားလိမ့်မည်။ သားတော်တို့လည်း ဖအေကို ကိုယ်တိုင် သတ်ဖြတ်ရတဲ့ အပြစ်မှ လွတ်စေ၊ သစ္စာဖောက်ဖျက်သူများအဖြစ်မှလည်း လွတ်စေရမည်။ သို့အတွက် သူ တစ်ခုခုလုပ်မှ ဖြစ်တော့မည်။

သူသည် လက်နှစ်ဖက်ကို ပူးယှက်တင်မြှောက်ကာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်အပေါင်းကို တိုင်

www.burmeseclassic.com

www.burmeseclassic.com



တည်၍ သစ္စာအဓိဋ္ဌာန် ပြုလိုက်၏။

"အကျွန်ုပ်သည် သားတော် ခွန်ချိုနှင့် ခွန်သာတို့၏ ဖခင်ရင်း မဟုတ်ခဲ့သော်လည်း ဖခင်အရင်းကဲ့သို့ သားတော်တို့အား အသက်တမျှချစ်ခင်တွယ်တာခဲ့ပါသည်၊ ဤစကားမှန်သည်ဖြစ်ပါက အကျွန်ုပ်၏ ဦးခေါင်းသည် သူ့အလိုလို ပြတ်ကာ သားတော်တို့၏လက်ဝယ်အတွင်းသို့ ကျရောက်ပါစေသတည်း"

"အို ... ခမည်းတော်ဘုရား"

သားတော်နှစ်ပါးက သူ၏ သစ္စာပြုချက်ကို အံ့သြစိုးရွံ့စွာဖြင့် ထိတ်လန့်တကြား ရေရွတ်သည်။

ကိုးမြို့ရှင်၏ သားသမီးအပေါ် ထားသော မိဘမေတ္တာတရား အမှန်တကယ်ပင် ဖြောင့်မတ်ဖြူစင်ခဲ့ပါသည်။

အံ့သြစရာကောင်းလောက်အောင်ပင် ကိုးမြို့ရှင်သစ္စာအဓိဋ္ဌာန်ပြုပြီး ခဏတွင်းချင်းမှာပဲ သူ၏ဦးခေါင်းသည် သွေးတစ်စက်မှ မြေသို့မခဘဲ သူ့အလိုလို ပြတ်



တောက်ကာ ခွန်ချိုနှင့် ခွန်သာတို့၏ လက်ပေါ်တွင်းသို့ ညင်သာစွာ ကျရောက်လာလေ၏။

ထိုကဲ့သို့သော ဖြစ်အင်ထူးကြောင့် ခွန်ချိုနှင့် ခွန်သာတို့မှာ ပထမတော့ အံ့သြတကြီး ကြောင်ငေးနေမိသည်။

နောက်မှ ခမည်းတော်၏ သူတို့အပေါ်ထားသော မေတ္တာစေတနာတို့ကို မျက်ဝါးထင်ထင် မြင်လိုက်ရ၍ အလွန်အမင်း ဝမ်းနည်းကြေကွဲကာ သည်းသည်းလှိုက်လှိုက် ငိုကြွေးကြလေတော့သည်။

ဖဖဖဖဖ

www.burmeseclassic.com

www.burmeseclassic.com



ကိုးမြို့ရှင် ကွယ်လွန်သွားပြီး မရေးမနှောင်းမှာပင် ဖြစ်သည်။

ကျောက်ထပ်ရွာဆီတွင် နှမကလေး ပုလဲယဉ်မှာ အစ်ကိုဖြစ်သူအား သတိတရနှင့် တမ်းတနေမိလေ၏။

"ဘယ်ဆီများ ရောက်နေပါလိမ့် မောင်ကြီးရယ် နှမလေးရွှေစိတ်တော်မကြည်မသာ ရှိလှပါတယ်၊ မောင်ကြီး ကျန်ခဲ့သာလို့ မာပါစ၊ ဟောဒီက အမိုက်မ မိပုလဲကို ပြန်တွေ့ရင်ကော ကြည်ဖြူပါ့မလားရှင်၊ မောင်ကြီးနဲ့



အတန့်တန် ကတိတွေဆိုထားခဲ့ရက်နဲ့ နှမလေးဟာ အခုတော့ မောင်လတ်နဲ့ ငြိစွန်းမိရုံမက အိမ်ယာထူထောင်ဖြစ်ခဲ့ကြလို့ အခုဆို သဲသဲလေးလို့ ချစ်စနိုးခေါ်တဲ့ သမီးလေးတစ်ယောက်တောင်ရနေခဲ့ပြီ သိလား၊ အိုးချင်းထားအိုးချင်းထိလို့ပဲ ဆိုရတော့မှာပ၊ ဘာပဲဖြစ်ဖြစ် မောင်ကြီးရဲ့တူမတော်လေးဖြစ်တဲ့ သဲသဲလေးကို မောင်ကြီးတွေ့လိုက်ရင်တော့ နှမတို့ကို စိတ်ပြေနိုင်ကောင်းပါရဲ့လို့ မျှော်လင့်ရတာပါပဲ၊ သဲသဲလေးကလေးကလေ တာကယ့်ကိုနှမလေးတို့ရဲ့ မဟာဆီမဟာသွေး ရုပ်ရည်အတိုင်းပါပဲ မောင်ကြီးနဲ့လည်း တစ်ချက်တစ်ချက် ဆင်သလို ထင်ရရဲ့၊ သိပ်ချစ်စရာကောင်းတဲ့ ကလေးပါ မောင်ကြီးရယ်"

ပုလဲယဉ်မှာ နွတ်က တီးတိုးရေရွတ်နေမိရင်းမှ အနီးပုခက်တွင်းဝယ် သိပ်ထားသော သဲသဲလေးကို ချစ်မြတ်နိုးစွာ လှမ်းမျှော်ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်မှာ ပုခက်တွင်းဝယ် ငြိမ်းချမ်းမွေ့ပျော်စွာ အိပ်မောကြီးကျလျက်။ လောက၏ ဒုက္ခ၊ နာကျင်မှုအပေါင်းကို လုံးလုံးဥပေက္ခာပြုထားနိုင်သလိုပါပင်။

ထိုစဉ်မှာပင် ...

ထူးဆန်းသော ဇာတ်စွတစ်ခုမှာ ရုတ်တရက်ဖြစ်ပေါ်၍ လာခဲ့ပါလေ၏။

ဖျပ်ကနဲ အနားမှ ခေါ်သံလိုလိုကိုကြားလိုက်ရသဖြင့် ပုလဲယဉ် လှမ်းကြည့်လိုက်မိသည်။

သူမ၏ နဖူးဆံစများအား လေလေးတစ်ချက်ဖော့ယမ်းတိုက်ခတ်လိုက်သလို ခံစားရသော်လည်း ပတ်ပတ်လည် လှည့်ကြည့်လေရာ၌ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရ။

သို့သော်

ပုလဲယဉ်စိတ်ထဲ ဇဝေဇဝါအတွေးများစွာ ဖြစ်ပေါ်သွားခဲ့ရလေ၏။

“ခုန ငါ ခေါ်သံလိုလို သေချာကြားလိုက်ရပါ



တယ်၊ အသံကလည်း မောင်ကြီး ကိုးမြို့ရှင်အသံနဲ့တူလိုက်တာ၊ ဘုရား ဘုရား မောင်ကြီးများ တစ်ခုခု ဖြစ်နေပြီလား၊ မောင်ကြီးအန္တရာယ်ကင်းလို့ ဘေးရှင်းပါစေရှင်”

ထိုစဉ်မှာပင် ...

စိတ်ဆောင်နေသောကြောင့်ဟု ထင်သည်။

ပုလဲယဉ်လှမ်းကြည့်နေမိသော သစ်ပင်ပင်စည်ထက်၌ မောင်ကြီးကိုးမြို့ရှင်၏ အသွင်သဏ္ဍာန်လိုလို မြင်မိရ၏။

မျက်မှောင်နက်နက်တန်းတန်းက အထင်းသား။

မျက်ဝန်းများမှာလည်း တင်းမာခက်ထန်လှစွာရှိနေလေ၏။

“အမယ်လေး... မောင်ကြီးသာ တစ်ခုခုဖြစ်သွားပြီဆိုရင်တော့ ငါရင်ကျိုးရချေရဲ့၊ ငါ့လုပ်ရပ်တွေကိုလည်း မောင်ကြီးက ခွင့်လွှတ်တော့မှာ မဟုတ်ဘူး၊ ငါ့ရဲ့ တစ်ဦးတည်းသော သားချင်းဖြစ်တဲ့ မောင်ကြီးသာ ဒီလောကမှာ မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ရင်တော့ ငါလည်း ဆက်အသက်မရှင်နေချင်တော့ပါဘူးလေ”

တကယ်တော့ ...

ပုလဲယဉ်မှာ ကလေးမီးဖွားပြီးစ သွေးနုသားနုကလေးသာ ရှိသေးသည်ဖြစ်၏။

ယခုကာလပိုင်းအတွင်း ဆက်တိုက်လိုလို ကြုံခဲ့ရသော လောကဓံတရားများကလည်း သူမနှလုံးသားများကို နွမ်းနယ်စေအောင် ဖန်တီးခဲ့လေ၏။

ပြီးတော့ ...

တစ်ယောက်တည်းရှိနေချိန် လွင့်လွင့်မျောမျောအတွေးများနှင့် ယုံထင်ကြောင်ထင် ကြားမြင်မှုများက သူမအား ရက်ချည်းပင် ပြင်းထန်စွာနှိပ်စက်ခဲ့ပါလေ၏။

ပိုဆိုးသည်မှာ မွေးကင်းစသမီးကလေးမှလွဲ၍ ထိုအချိန် သူမနားမှာ ဘယ်သူမှမရှိ။

ပြင်းထန်စွာ နွမ်းနယ်သွားလေသော နှလုံးသားသည် မောဟိုက်ပင်ပန်းမှုများစွာ ဖြစ်ပွားစေခဲ့လေ၏။

ရုတ်တရက် နှလုံးလေရိုက်ကာ



ပုလဲယဉ် လဲကျသွားခဲ့သည်။

အသံကလေးယဲ့ယဲ့ဖြင့် ကူကယ်ရာကို သူမခေါ်ပါသေးသည်။

သို့သော် ဘယ်သူကမှ မကြားခဲ့ကြ။

သို့ဖြင့် ...

အချိန်အနည်းငယ်အကြာမှာတော့ ...

ပုလဲယဉ်တစ်ယောက် နှလုံးသွေးရပ်ကာ ကွယ်လွန်ခဲ့ရရှာတော့၏။

သူတို့အတွက် ...

ကံဆိုးမှုတွေကတော့ ဆက်တိုက်ဆိုသလိုပါပင်။

ပုလဲယဉ်သေဆုံးနေသည်ကို ဘယ်သူမှမသိကြ၍ သူမနှင့် ရင်သွေးငယ်ကလေးကို ဒီတိုင်းအကြာကြီး ပစ်ထားမိကြသည်။

ပုလဲယဉ်ကွယ်လွန်အပြီးတွင်

တိုက်တိုက်ဆိုင်ဆိုင် ကြောင်တစ်ကောင်က သူမတို့အနား ရောက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင်အား မောင်းမည့်သူက မရှိ။

ကြောင်မှာ ဟိုခုန်တက်ဒီခုန်တက် လုပ်လေတော့သည်ပေါ့။

မွေးကင်းစကလေးငယ် သဲသဲလေး၏ ပုခက်တွင်းသို့ ရုတ်တရက် ခုန်ချလိုက်သောအခါ …။

ညနေစောင်းလို့ …

အလုပ်ကိစ္စတစ်ခုဖြင့် အပြင်သို့သွားနေခဲ့သော မောင်လတ်ပြန်ရောက်လာသောအခါမှာတော့ …

နှလုံးသွေးရပ်ကာ ကွယ်လွန်သွားခဲ့သော ဇနီးနှင့် ထိတ်လန့်သေဆုံးသွားခဲ့သော ရင်သွေးငယ်၏ မြင်ကွင်းကသာ မရှုရက်စရာ ဆီးကြို၍နေလေတော့သည်။

ခရီးအမြန်နှင်လာခဲ့ရသော မောင်လတ်တစ်ယောက် အမောဆို့သွားရ၏။

ကြေကွဲဆို့နင့်တက်လာသော နှလုံးသားမှာ ရုတ်တရက် ရင်ကွဲနာကျ …

သူသည်လည်း သွေးမြည့်သေဆုံးသွားခဲ့ရပါလေတော့၏။

ဖြေဆေဆေဖြေ



# အပိုင်း (၂)

# ပခန်းဦးမင်းကျော်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို လူတွေက **ကိုကြီးကျော်**လို့ ခေါ်ကြတယ်။ ကျုပ်နာမည်ရင်းက မင်းကျော်စွာပေါ့။ ကျုပ်ဝါသနာပါတာ သုံးခုရှိတယ်။ မြင်းစီးတာရယ်၊ အရက်သောက်တာရယ်၊ မိန်းကလေးတွေကို ချော့မြူ ဆော့ကစားရတာရယ်ပဲ။

ဒါတွေက လွဲရင်တော့ ကျုပ်ဟာ လူကောင်းပါ။ ဒါပေမဲ့ ဒီလောက်ဝါသနာလေးတွေကိုပဲ လူတွေကတော့ လက်ညှိုးထိုး ယိုးမယ်ဖွဲ့ချင်ကြတယ်။ ကျုပ်ကတော့ ဂရုမစိုက်ပါဘူး။ မှန်တယ်ထင်သလို နေမယ်။ လုပ်ချင်ရာ လုပ်မယ်။ ကိုယ်ကောင်းရင် ခေါင်းမရှေ့ဘူး ဆိုတဲ့ လူစားမျိုး။ လူတွေက တော်တော်ခက်တယ်။ ဟန်ဆောင်နေပြတာကိုမှ တန်ဖိုးထားကြတယ်နဲ့ တူပါရဲ့။ ကျုပ်ကတော့ ဟန်ဆောင်ရတာကို အမုန်းဆုံးပဲ။ ဒါကြောင့်မို့လို့လည်း ကျုပ်ဘဝရဲ့ ကြေကွဲစရာ ဇာတ်လမ်းတွေ ဖြစ်ခဲ့ရတာပါလေ။



## အခန်း(၁)

ကျုပ်က သေရည်နဲ့ မိန်းကလေးတွေကို မရှိမဖြစ် လိုအပ်တဲ့ ဘဝရဲ့ သုခချမ်းသာတွေလို့ ထင်မိတယ်။

ပူနွေးနွေး ရှိန်းမြမြ သေရည်လေးကို သောက်ပြီး လှပပြေပြစ်တဲ့ မိန်းမငယ်လေးတွေနဲ့ လောကီစည်း စိမ်ကို ခံစားရတဲ့ အရသာတွေဟာ တယ်လည်း ကျေနပ် ပျော်ရွှင်စရာ ကောင်းလှတာကလား။

ခါးသက်သက် သေရည်ကလေး လည်ချောင်းတစ်လျှောက် စီးဆင်းသွားပြီဆိုမှဖြင့် သွေးသားတွေ ဆူဝေပြီး တဏှာရာဂရေယာဉ်ကြောမှာ အတောမသတ်နိုင်အောင် မျောချင်တိုင်း မျောတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း အဆုံးအစမရှိတဲ့ လောကီစည်းစိမ်ကို ခံစား၍မဝနိုင်အောင် ဆားငန်ရေနှယ် သောက်လေ သောက်လေ ငတ်မပြေ ဖြစ်နေရတော့တာကိုး။

"ငြိမ်ချက်သား ကောင်းလှချည်လား အဆွေတော်ရဲ့၊ ဘာတွေများ တွေးတောနေတာလဲ၊ ဒီ လောက် ငြိမ်ပုံထောက်ရင် မဟုတ်မှလွဲရော ကစ္စပဒေဝီလေးအကြောင်းတွေးပြီး ကျေနပ်နေတာမဟုတ်လား အဆွေတော်ရဲ့၊ ပြောပါဦး၊ ကစ္စပဒေဝီလေးက အပြုအစု အယုအယတော်ရဲ့လား"

ရောင်းရင်းကြီး သူဌေးလေးက သူ၏ သေရည်ခွက်ကို ဆွဲယူကာ ငုံ့လိုက်ရင်းမှ ပြောလာသည်။

သူဌေးလေးပြောမှ ကစ္စပဒေဝီအကြောင်း ခေါင်းထဲ ရောက်လာသည်။ ကစ္စပဒေဝီဆိုတာ ပန်းတောင်းပြည် တစ်ပြည်လုံးမှာ သိပ်ချောသိပ်လှတဲ့ အလှတန်ဆာလေးပေါ့။



သူမရဲ့ အလှအပသတင်းက ကျော်စောလွန်း၍ သူတောင် စိတ်ဝင်တစား ဖြစ်ခဲ့ရသေးတာ။ ဒါကြောင့် ဟိုတစ်နေ့ကပဲ ကစ္စပဒေဝီရဲ့ စံအိမ်တော်ဆီ ရောက်ခဲ့ရတာပေါ့။

ကစ္စပဒေဝီလေးအကြောင်းတွေးရင် မင်းကျော်စွာက သဘောတကျပြုံးလိုက်၏။

"ဟော ... မျက်နှာကြီးက ပြုံးဖြီးလို့ နေပါလား၊ ပြောစမ်း ... ပြောစမ်း၊ ကစ္စပဒေဝီအကြောင်း တွေးနေတာမဟုတ်လား"

သူဌေးလေးက အတင်းအစ်အောက်မေးနေပြီ။

"မဟုတ်ရပါဘူးဗျာ၊ ကျုပ်ဟာကျုပ် အခြားအကြောင်း တွေးနေတာပါ၊ အဆွေတော် ပြောမှပဲ ကစ္စပဒေဝီလေးအကြောင်း သတိရမိတော့တယ်၊ ကစ္စပဒေဝီလေးက နာမည်ကျော်ကြားတယ်ဆိုရင်လည်း ကျော်ကြားလောက်ပါရဲ့ဗျာ၊ ရုပ်ရည်အရာမှာရော၊ အပြုအစု အယုအယမှာပါ သူမတူအောင် အပြစ်ပြောစရာမရှိလောက်

www.burmeseclassic.com



အောင် တော်ရှာပါပေတယ်”

သူ့ငွေးလေးက သူ့မျက်လုံးများကို တည့်တည့် စိုက်ကြည့်ကာ ပြုံးရယ်လိုက်ရင်း –

“ဒါကြောင့် အားရကျေနပ်လာတယ်ပေါ့”

“ဒါပေါ့ … ဒါပေါ့”

သူ့စကားကြောင့် အားလုံးက သဘောတကျ ရယ်မောလိုက်ကြ၏။ သူ့ရဲ့ အိမ်တော်တွင်း ရယ်မောသံ စကားပြောသံများ စီစီညံညံဖြင့် သက်ဝင်နေသည်။

ခုလိုနေရတာကိုက သူ့အကြိုက်မို့လား။ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများနှင့် အားလပ်တဲ့ အချိန်လေးမှာ ဝိုင်းကလေးဖွဲ့ စားလိုက်ကြ၊ သောက်လိုက်ကြနှင့် ပျော်ရွှင်စရာ နိဗ္ဗာန်လေးတစ်ခု ဖြစ်နေခဲ့သည်။

ဒါမှမဟုတ်ရင်တော့ ဝိုင်းကောင်းကောင်းလေးများ ရှိရင်လည်း လာထားစမ်းပါ။ သူက ကြက်ပွဲအစ ကြွေအံအဆုံး သူ မနွှဲရတဲ့ပွဲ မရှိစေရ။

တစ်ခါတလေကျတော့လည်း မိန်းမလှလေး



တွေရဲ့ ရင်ခွင်ထဲမှာ နေရတာကမှ ကြည်နူးစရာအကောင်းသား မဟုတ်လား။

သူကတော့ သူ့ဘဝကို ကျေနပ်မိသည်။ ဘုရင့်သားတော်တစ်ပါးဖြစ်လာတဲ့သူက ဒီလိုစည်းစိမ်သုခမျိုး ရရှိသင့်သည်ဟု သူ ထင်မိသည်။

ကြည့်စမ်း … သူ့ကံကြမ္မာသည် ဘယ်လောက်ပြောင်းလဲခဲ့သလဲ။ အတိတ်ပြန်စဉ်းစားတိုင်း သူ ကြည်နူးမိရသည်။

ဘုရင့်အထိန်းတော်တစ်ဦးဖြစ်သည့် သူ့အဖေ ဗလကျော်ဒင်၏ မျက်နှာကြောင့် အဖေကွယ်လွန်သွားသည်နှင့် ဗိုလ်မှူးတစ်ဦးအဖြစ်မှ ဘုရင့်သားတော်ဖြစ်ခဲ့ရသည့် သူ့အဖြစ်ကို သူ အံ့သြဝမ်းသာလိုက်ရသည် ဖြစ်ခြင်း။

ပေးလာတဲ့ ကံကြမ္မာအခွင့်အရေးကို သူ အပြည့်အဝကြီး ခံစားပစ်လိုက်ပြီ။ ပျော်သလိုနေမည်။ မွေးစားဖခင်ကြီး ခိုင်းစေမည့် အမိန့်တာဝန်ကိုတော့ ဦးလည်မသုန် ထမ်းရွက်ရမည်။ ဒါမှ ခမည်းတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီး၏ ငြိုငြင်မှုကို မခံရမှာဖြစ်သည်။

ထိုသို့ တွေးကောင်းကောင်းနဲ့ တွေးနေစဉ်မှာပဲ မင်းချင်းတစ်ယောက်သည် သူရှိရာသို့ ပြေးဝင်ရောက်လာကာ -

“မင်းတရားကြီး အခေါ်တော်ရှိကြောင်းပါ အရှင့်သား”

“ဘုရင်မင်းမြတ်က အခေါ်တော်ရှိတယ်ဆိုပါလား၊ ဘာကိစ္စပေါ်လေပြီလဲ မသိဘူး အဆွေတော်”

မိတ်ဆွေတစ်ယောက်က ဝင်ပြောသည်။

“မိုင်းပြည်က ကိစ္စပဲဖြစ်ရမယ်”

ဟု မင်းကျော်စွာက တီးတိုး ရေရွတ်သည်။ သူ့စကားကြောင့် ကျန်လူများ အံ့အားတသင့် ဖြစ်သွားကြပြီး ...

“အဆွေတော်က တယ်သိနေပါလား”

ဟု မယုံသလိုပြော၏။ မင်းကျော်စွာက တစ်ချက် မဲ့ပြုံးပြုံးလိုက်ကာ လက်ထဲရှိ သေရည်ခွက်ထဲမှ



လက်ကျန်သေရည်များကို ခွပ်ခနဲ သောက်ချလိုက်ပြီး-

“ကျုပ်က လူကသာ ထိုင်နေတာ၊ ကျုပ်ရဲ့ နားတွေ၊ မျက်စိတွေကိုတော့ အမြဲဖွင့်ထားတာလေ၊ ကျုပ်မှာ မျက်စိနဲ့ နားနဲ့တူတဲ့ အပေါင်းအသင်းတွေလည်း အများကြီးမှ အများကြီးပဲ၊ ဟောဒီလောကမှာ ကျော်စွာမသိဘဲ လေတောင်လည်လို့မရဘူးမှတ်”

သူက ပြောရင်းမှ လက်ထဲမှ သေရည်ခွက်ကို စားပွဲပေါ်သို့ ဆောင့်ခနဲ ချလိုက်သည်။

ထို့နောက် အားလုံးကိုကျောခိုင်းကာ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းထွက်သွားတော့၏။

သူ၏ ဝတ်ရုံနီစသည် နောက်ကျောပြင်တွင် လှုပ်ကာရမ်းကာ တလွင့်လွင့် ခါယမ်းနေတော့သည်။

ဖအာလာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ခမည်းတော်ဘုရင်ကြီး ခေါ်ရသည့် အကြောင်းရင်းမှာ ကျော်စွာ ထင်သည့်အတိုင်း မိုင်းပြင်က ကိစ္စပဲ ဖြစ်၏။

တကယ်တော့ ဤသို့ တင်ကြိုသိခဲ့ခြင်းမှာလည်း အဆန်းမဟုတ်။ နံနက်က မိုင်းပြင်နယ်မှ ခြေမြန်တော်တစ်ဦး ခမည်းတော်ဆီ အခစားဝင်တယ်လို့ သူ့ကို သတင်းပေးသူက လာပေးခဲ့ပြီး မဟုတ်လား။

ခမည်းတော်က သူနှင့် ကိုးမြို့ရှင်ကို မိုင်းပြင်နယ်သို့ စစ်ကူပေးရန် စေလွှတ်ခဲ့သည်။

ခမည်းတော် ပေးအပ်တဲ့တာဝန်အရ သူနှင့် နောင်တော် ကိုးမြို့ရှင်တို့ မိုင်းပြင်နယ်သို့ ရောက်လာခဲ့



ရပြီ။

မိုင်းပြင်သည် ရန်သူ့လက်တွင်း ကျဆုံးလုလု ဖြစ်နေချေပြီ။ မိုင်းပြင်စော်ဘွား စောခွန်ကြည်မှာတော့ သူတို့မရောက်ခင်မှာဘဲ ကျဆုံးသွားခဲ့ရှာပြီဖြစ်၏။

တော်ပါသေးသည်။ သူတို့ညီနောင်နှစ်ပါးသည် မိုင်းပြင်နယ်ကို ရန်သူ့လက်အတွင်းမှ သီသီကလေး ကယ်တင်လိုက်နိုင်ပါ၏။

ကျူးကျော်လာသော ရန်သူ့တပ်များသည် စားရခါနီး ထမင်းလုတ်ကို ပုတ်ချခံလိုက်ရသည့်နှယ် ဆတ်ဆတ်ထိမခံ ဖြစ်သွား၏။ ကမ္ဘူးရှုးထိုး တဇွတ်ထိုး ဝင်တိုက်တော့၏။

သို့သော် ဤသည်ကိုက သူတို့အတွက် အသာစီးရခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲကို မနားတမ်း ဆင်နွှဲခဲ့ရသည့် ရန်သူ့တပ်များမှာ အားအင်ချိနဲ့နေကြပြီဖြစ်၏။ မိုင်းပြင်နယ်ကို ရခါနီးပြီဟူသော ဖွဲ့ကလေးဖြင့် သူတို့ ဤမျှထိ ကြံ့ကြံ့ခံနေခြင်းပင်။ ယခု စားရခါနီးမှ လွှတ်ထွက်တော့မည့်အဖြစ်ကို သူတို့ မရှုနိုင် မကယ်နိုင်ဖြ

www.burmeseclassic.com

www.burmeseclassic.com



ကာ အတင်းတိုးဝင်တိုက်ခိုက်လာတော့သည်။

သူတို့တပ်များကလည်း မိုက်ရူးရဲဆန်ဆန် တိုးဝင်လာသော ရန်သူတပ်များကို ဟောတစ်ယောက်၊ ဟောတစ်ယောက် အေးအေးလူလူပင် ချေမှုန်းတိုက်ခိုက်ပစ်နေရသည်။

တဖြုတ်ဖြုတ်နှင့် ကျဆုံးနေရရှာသော ရန်သူတပ်များကိုကြည့်ကာ 'သနားစရာတောင် ကောင်းလှပါလား'ဟု တီးတိုးပင် ရေရွတ်မိ၏။ နောင်တော့်ကို လှမ်းကြည့်တော့လည်း အေးအေးဆေးဆေးပဲ။ ရန်သူများကို ပန်းသီးအခွံနွှာသလို ချေမှုန်းပစ်နေပါလားကွယ်ရို့။

မိုင်းပြင်တပ်များသည်လည်း သူတို့တပ်များရောက်လာတော့မှ အားကိုးရှိသွားဟန်ဖြင့် အတင်းကိုဖိတိုက်နေတော့သည်။

ရန်သူများမှာ မိမိတို့ အခြေအနေမလှတော့ပြီကို သိ၏။ ထို့ကြောင့် ဆုတ်ခွာထွက်ပြေးရန် ကြိုးစားသည်။ ဒါပေမဲ့ ဘယ်ရမလဲလေ။



ထိုအခြေအနေကို ကြိုတင်ရိပ်မိထားသဖြင့် သူတို့က ရန်သူများကို ညှပ်ပူးညှပ်ပိတ်ဖြစ်အောင် ဝိုင်းရံတိုက်ထားသည် မဟုတ်လား။

ကဲ ... ပြေးစမ်း။ ဘယ်လိုပြေးမလဲ။ မြေကိုလျှိုး၍ မိုးကိုပျံတောင် မလွတ်နိုင်တော့။ အဘက်ဘက်မှ ပြေးပေါက်လမ်းမရှိအောင် ပိတ်ထားပြီးပြီ။

နောက်ဆုံးတွင် ရန်သူတပ်များသည် ကျားများအလယ်မှာ ရောက်နေသော သခင်ငယ်၏ အဖြစ်မျိုး မိမိတို့ ကြုံနေရပြီမှန်း သိရှိသွားရသည်။

ထို့ကြောင့် မျက်စိစုံမှိတ် ခေါင်းငိုက်စိုက်ချရင်း ကျားတို့၏လက်တွင်း ကျရောက်သက်ဆင်းခဲ့ရရှာတော့သည်။

ကျူးကျော်စစ်ပွဲသည်လည်း ဤရွေ့၊ ဤမျှနိဋ္ဌိတံခဲ့လေပြီ။

www.burmeseclassic.com

## အခန်း(၃)

လူကြမ်းကြီးဟု အများက လှို့ဝှက်ခေါ်နေကြသော သူ၏နှလုံးအိမ်တွင်း နူနယ်သိမ်မွေ့သော မေတ္တာလှိုင်းများ ဖြတ်သန်းတိုက်ခတ်လာစေခဲ့ခြင်းမှာ လူမမယ်ကလေးလေးနှစ်ယောက်ကြောင့်ဟု ဆိုရလျှင် အံ့သြစရာအကောင်းသားဟု ထင်ကောင်း ထင်မိကြပေလိမ့်မည်။

ထိုကလေးနှစ်ယောက်နှင့် ပတ်သက်ခဲ့၍လည်း သူ့ဘဝအတွက် ကြေကွဲဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်တွေ ကြုံဆုံစေခဲ့ရတာပါလေ။

တကယ်တော့ မိုင်းပြင်စော်ဘွား စောခွန်ကြည်၏ သားတော်နှစ်ပါးဖြစ်သည့် ခွန်ချိုနှင့် ခွန်သာကလေးအား သနားကရုဏာစိတ်ကလေး ဝင်ရောက်နိုကပ်မိ



သည်မှ အစပြုခဲ့ခြင်းဖြစ်ပေတော့သည်။

မိုင်းပြင်နယ်မှ ခွန်ချိုနှင့် ခွန်သာ ကလေးတို့ကို ခေါ်လာမိခဲ့ပြီ။ ကလေးနှစ်ယောက်ရဲ့ ရှေ့ရေးအတွက် ရတာက်မအေးနိုင်သဖြင့်လည်း ဤကဲ့သို့ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

သနားစရာကောင်းလှသော အဖမဲ့သားကလေးတွေ ဖြစ်ရှာခဲ့သော ခွန်ချိုနှင့် ခွန်သာလေးတို့အပေါ်၌ မြင်မြင်ချင်းပင် သံယောဇဉ်ဖြစ်သွားမိရပြီ။

ထို့ကြောင့် ပန်းတောင်းနေပြည်တော်သို့ ပြန်ရောက်လေလျှင်တော့ ခမည်းတော်ဘုရင်ကြီးထံမှ ခွင့်ပန်ပြီး ဒီကလေးနှစ်ယောက်ကို မွေးစားဖို့ တောင်းယူရမည်ဟုလည်း သူ ကြံစည်စိတ်ကူးနေမိ၏။

"ဦးရီး ဗိုလ်မှူးကြီး … ဗို့ ဦးရီးဗိုလ်မှူးကြီး"

အတွေးဘယ်လောက်ကြာအောင် နစ်မျောနေမှန်းမသိ။ အသံစာစာနှင့် သူ့အား ခေါ်နေသံကြားလိုက်တော့ သူလှည့်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေါယာဥ်ထက်ဆီမှ စီးနင်းလိုက်ပါလာသော ကလေးနှစ်ယောက်က ပြတင်းလိုက်ကာစကို လှန်ကာ ခေါင်းပြူ၍ သူ့အား လှမ်းခေါ်နေသည်ကို တွေ့လိုက်ရသည်။

"ဟော့ … ဘာလဲကွ"

အကြီးကောင် ခွန်ချိုက သူ့ညီတော်အား မေးဆတ်ပြရင်း …

"ညီတော်က ရေသောက်ချင်လို့တဲ့ ဦးရီး မိုလ်မှူးကြီး"

ဟော … ခရီးလမ်းက တော်တော်ဝေးဝေးသို့တောင် ပေါက်လာခဲ့ပြီဆိုတော့ ဝေါယာဥ်ထက်မှာ အခန့်သားစီးနင်းရင်း ဒင်းကလေး မောရှာနေတာကိုး။

"သြော် … အေး အေး၊ သောက်ရမှာပေါ့ကွယ်"

သူက ပြောလိုက်ရင်းမှ နံဘေးရှိ ရဲမက်အား လှမ်းခေါ်လိုက်သည်။

"ဟေ့ … ရဲမက်၊ ရေကြည်တော်ဆက်



စမ်း"

ရဲမက်က အလျင်အမြန်ပင် ရေသွားယူလာကာ ဆက်၏။ ဆက်သလာသော ရေခွက်ကို ကလေးနှစ်ယောက်အား လှမ်းပေးလိုက်သည်။

"ကဲ ကဲ … ရော့"

ခွန်ချိုက သူပေးသောရေခွက်ကို လှမ်းယူလိုက်ပြီးမှ သူ့ညီတော်အားတိုက်သည်။ ခွန်သာကလေးက ရေတော်တော်တော်နေရှာ၍ထင့် တဂွပ်ဂွပ်နှင့် ခွက်ထဲရှိသမျှရေကို ကုန်စင်အောင် သောက်ပစ်လိုက်၏။ ခွက်ထဲ ရေကုန်သွားတာကိုကြည့်ရင်း ခွန်ချိုကလေးက သူ့အား မဝံ့မရဲ လှမ်းကြည့်ကာ -

"အနော်လည်း ရေသောက်ချင်တယ်"

ဟု ရှုံ့တွန့်တွန့်လေးပြော၏။

သူတို့လေးတွေ သူ့အား ကြောက်ရွံ့နေရှာပုံရသည်။ ဘာဖြစ်လို့လဲ။ သူ့ရဲ့ ခက်ထန်တဲ့ ရုပ်ရည်ကြောင့်လား။ သို့တည်းမဟုတ် သူ့ဆီက ရနေတဲ့ သေရည်နံ့ကြောင့်လားဟု သူ တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သူ စကားကို ခပ်ထန်ထန်ပြောမိလို့လား။ အေးလေ … သူ့ပုံစံ၊ သူ့စရိုက်ကို ကလေးတွေ ထိတ်လန့်နေရှာပေမပေါ့။ ဘာပဲဖြစ်ဖြစ် အတတ်နိုင်ဆုံးတော့ နူးနူးညံ့ညံ့ ဆက်ဆံရမှာပဲဟု သူ စဉ်းစားမိသည်။

သူက ရဲမက်လက်ထဲရှိ ရေတကောင်းကို ဆွဲယူလိုက်ကာ ခွန်ချို လက်ထဲရှိ ရေခွက်ထဲ လောင်းထည့်ပေးလိုက်၏။

"သောက်ပါ ကလေး"

ထိုအခါမှ ခွန်ချိုကလေးက ရေကို အငမ်းမရ သောက်တော့သည်။ သြော် … သူတို့လေးတွေ တော်တော် ရေငတ်နေရှာကိုး။ ဘယ်အချိန်ကတည်းက အောင့်ထားရှာလဲ မသိဘူး။ သူ့ကို မပြောရဲ၍ဖြစ်မည်ထင်သည်။

သူသည် ကလေးနှစ်ယောက်ကိုကြည့်ကာ သနားသွား၏။ ထို့ကြောင့် အနားရှိ ရေကြည်တော်ဆက်သူ ရဲမက်အား …



"ဟော့ … မောင်မင်းက ဒီကလေးနှစ်ယောက်ကို ရေကြည်တော်ဆက်ရမယ်၊ သူတို့အနားက တစ်ဖဝါးမကွာလိုက်နေ၊ ဒီကလေးနှစ်ယောက် အလိုတော်ရှိလာတာနဲ့ အသင့်ရှိစေဟုတ်လား"

"နာခံလျှက်ပါဘုရား"

သူက ကလေးနှစ်ယောက်ဘက် လှည့်ကာ–

"ကဲ … ကလေးတို့ အလိုရှိတာကို ဒီရဲမက်ကိုပြော၊ ဟုတ်ပလား၊ သူ ဆောင်ရွက်ပေးလိမ့်မယ်ကွဲ့"

ခွန်ချိုနှင့် ခွန်သာကလေး မျက်လုံးဝိုင်းကလေးများနှင့်ကြည့်ကာ ခေါင်းညိတ်သည်။ သူက ကလေးနှစ်ယောက်ကို ပြုံးပြလိုက်ရင်းမှ …

"ခရီးဆက်မယ်ဟေ့"

ဟု လှမ်းအော်နှိုးဆော်လိုက်ရသည်။ နောင်တော် ကိုးမြို့ရှင်က သူ့အား လှမ်းကြည့်နေသည်ကို တွေ့လိုက်ရ၏။ နောင်တော်သည် မပြုံးမရယ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ရပ်အား ကျေနပ်သလို ကြည့်နေခြင်းဖြစ်သည်။

* * *

မိုင်းပြင်နယ်မှ ထွက်လာခဲ့ပြီးနောက် ခရီးလမ်းတစ်လျှောက်လုံး ကလေးနှစ်ယောက်က လိုလေသေးမရှိရအောင် မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။

တစ်ခါတစ်ရံ တောလမ်းအတွင်းရှိ ထူးထူးဆန်းဆန်းလေးများတွေ့ရင်လည်း ပြရသေးသည်။

သူတို့လေးတွေ ဆော့ကစားဖို့ သစ်သီးကလေးများ ပန်းပွင့်ကလေးများကိုလည်း သူ ခူးဆွတ်ပေးခဲ့၏။

ဤသို့ ဂရုတစိုက် လုပ်ဆောင်မှုကြောင့်လည်း ကလေးနှစ်ယောက်မှာ သူ့အား တစ်စတစ်စ ပိုမိုခင်တွယ်လာကြသည်။

သူ့အား မငုံမရဲ ကြောက်ရွံ့ထိတ်လန့်ခြင်းများ အလျှဉ်းမရှိတော့။ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောဖြင့်ပင် ခရီးတစ်လျှောက်လုံး လိုက်ပါလာခဲ့ကြသည်။



သူတို့ ဖခမည်းတော် သေဆုံးခဲ့ရသည့်အဖြစ်ကိုလည်း သူတို့ မေ့လျော့သွားကြလေပြီ။

ကလေးနှစ်ယောက် ပျော်ရွှင်နေတာကိုကြည့်ပြီး သူလည်း ပျော်မိရသည်ပေါ့။ ဤသို့ဖြင့် သူသည်လည်းပဲ ကလေးနှစ်ယောက်အပေါ်၌ သံယောဇဉ်ကြိုးတစ်စတစ်စ ရစ်တိုးနှောင်ဖွဲ့မိခဲ့လေပြီ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ပန်းတောင်းပြည်သို့ ပြန်ရောက်ခဲ့လေလျှင် နောင်တော် ကိုးမြို့ရှင်က ကလေးနှစ်ယောက်ကို မွေးစားလိုကြောင်း ခမည်းတော်အား လျှောက်တင်ပြောကြားတော့သည်။

ခမည်းတော်က နောက်တစ်နေ့မှ မွေးစားနိုင်းမည့်သူကို အမိန့်တော်ချမှတ်ရန် ပြောကြားခဲ့၏။

ထို့ကြောင့် သူ ရင်ပူလာရသည်။ ညီလာခံမှာတုန်းက သူလည်း ကလေးနှစ်ယောက်ကို မွေးစားချင်ကြောင်း မပြောခဲ့ရဘူးလေ။ ခမည်းတော်က သူ့ကို မွေးစားဖို့ ဆန္ဒမရှိဘူးလို့ ထင်နေရှာဦးမယ်။ မဖြစ်ဘူး။ ခမည်းတော်ကို သီးသန့်သွားပြောဦးမှဟု သူ ကြံစည်



စိတ်ကူးမိသည်။

နောင်တော်ကြည့်ရတာလည်း ကလေးတွေအပေါ် သံယောဇဉ်ရှိရှာပုံပဲ။ ဒါကြောင့် မွေးစားဖို့တောင်းဆိုရှာတာပေါ့။

သူ့လို လူကြမ်းကြီးကတောင် ကလေးတွေအပေါ် သံယောဇဉ် ဖြစ်မိရှာသေးတာပဲ။ နောင်တော့်လို နူးညံ့သိမ်မွေ့သူတစ်ယောက်က ကလေးတွေကို သူ့ထက်ပို၍ ချစ်ရှာပေမပေါ့ဟု သူ တွေးမိသည်။

တကယ်ဆို ခမည်းတော်က နောင်တော်နှင့် သူ့အား ကလေးနှစ်ယောက်ကို တစ်ယောက်စီ မွေးစားဖို့ ခွဲဝေပေးသင့်သည်။

ဘာစဉ်းစားစရာလိုသလဲ။ နောင်တော်လည်း ကလေးတွေကိုချစ်တယ်။ သူလည်း ချစ်တာပဲ။ ဒါဆို အဆင်ပြေပြီပေါ့။ တစ်ယောက်စီ မွေးစားပြီး ကျွေးမွေးစောင့်ရှောက်ကြတာပေါ့။

ခမည်းတော်က တစ်ခါတည်း အမိန့်တော်ချမှတ်လိုက်ပြီးရော။ ခုတော့ သူ ရင်ပူရအောင် လုပ်မှ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ မဖြစ်သေးပါဘူး။ ခမည်းတော်ကို ခုပဲသွား ပြောရချေမယ်။

မင်းကျော်စွာသည် ဆုံးဖြတ်ပြီးသည်နှင့် ဘုရင်ကြီး မင်းစည်သူရှိရာ အတွင်းတော်သို့ ဝင်ရောက်ခဲ့တော့သည်။

အတွင်းတော်သို့ရောက်လျှင် ခမည်းတော်သည် သူ့ကိုမြင်သည်နှင့် အံ့သြသွားတော့၏။

"သားတော် ကျော်စွာ၊ အချိန်အခါမဟုတ် ဘယ်အရေးကြောင့် ခမည်းတော်ဆီ အခစား ဝင်လာသလဲကွဲ့"

သူက ခမည်းတော်အား လက်နှစ်ဖက်ယှက်ပူးလျက် ဒူးတုပ်ဝပ် ခစားလိုက်ပြီးနောက် ...

"သားတော်မှာ ခမည်းတော်အား တောင်းဆို လျှောက်ထားစရာလေး ရှိကြောင်းပါဘုရား"

"ဟေ ... ဘာများတုန်း သားတော်ရဲ့၊ တင်ချေစမ်း"

"ဒီလိုပါ ခမည်းတော်ဘုရား၊ နံနက်က ညီလာ



ခံမှာ မိုင်းပြင်နယ်က ခေါ်လာတဲ့ ခွန်ချိုနဲ့ ခွန်သာ ကလေးနှစ်ယောက်ကို သားတော်လည်း မွေးစားလိုကြောင်း မပြောလိုက်ရ၍ ယခုမှ ခမည်းတော်ထံ လာရောက်ပြောကြားရခြင်း ဖြစ်ပါတယ်ဘုရား"

သူ့စကားကြောင့် ခမည်းတော်သည် ခေါင်းတဆတ်ဆတ်ညိတ်ကာ စဉ်းစားဟန်ပြုသည်။

"သားတော်က ကလေးတွေကို ဘာကြောင့် မွေးစားချင်ရတာတုန်း"

ခမည်းတော်က အမေးတော် ရှိလာပြီမို့ သူလည်း မဆိုင်းမတွပင်ဖြေဆိုလိုက်၏။

"ကလေးတွေကို သံယောဇဉ်ဖြစ်မိလို့ပါဘုရား"

ခမည်းတော်က ခေါင်းတဆတ်ဆတ်ညိတ်ကာ ကြည့်သည်။

"အိမ်း ... အိမ်း၊ ခမည်းတော်လည်း မွေးစားနိုင်းမယ့်သူကို မစဉ်းစားရသေးဘူးကွဲ့၊ နံနက်

www.burmeseclassic.com

www.burmeseclassic.com



ဖြန် ညီလာခံကျမှပဲ အဓိန့်တော် ချမှတ်တော့
မယ် သားတော်''

ခမည်းတော်က ခေါင်းလည်း မညိတ်၊ ခေါင်းလည်းမခါဘဲ တစ်ခါတည်းစကားကို မလွန်မကျွံ အပြီးသတ်ပြောလေပြီ။

ဒါဆိုလည်း သူ ပြန်ရုံကလွဲပြီး ဘာလုပ်ရတော့မည်နည်း။

''ကောင်းပါပြီ ခမည်းတော်ဘုရား၊ ဒါဆို သား
တော်ကို ခွင့်ပြုပါဦး''

ဟု ဦးခိုက် နှုတ်ဆက်လိုက်ရင်း အလိုက်တသိပင် ထပြန်ခဲ့ရတော့သည်။

ခမည်းတော်၏ မတင်မကျစကားကြီးကို သူ ဘဝင်မကျနိုင်ပေ။ သူ့ကို မွေးစားခွင့်ပေးမည်လား။ မပေးဘူးလား။ ဘာကိုမှ ခန့်မှန်း၍မရနိုင်အောင် ခမည်းတော်က ပိရိလွန်းလှသည်။

သူ့စိတ်ထဲ တနုံ့နုံ့နှင့် ထိုညကို အိပ်၍မပျော်နိုင်အောင် ဖြတ်သန်းခဲ့ရသည်။



နံနက်မိုးသောက်လေလျှင်တော့ ခမည်းတော်ဘုရား ဘယ်လိုများ မိန့်မှတ်တော်မူလေမလဲဟု တထင့်ထင့်တွေးကာ စိတ်လှုပ်ရှားနေမိရတော့၏။

ထိုညသည် သလွန်ထက်တွင် လူးကာလွန့်ကာ စိတ်လှုပ်ရှားနေရင်း ကုန်ဆုံးသွားခဲ့ရလေတော့သည်။

ဖေႏၵာဿဴဖ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

တကယ်တမ်းတော့ နောက်တစ်နေ့နံနက် ညီလာခံတွင် သူ၏ မျှော်လင့်ချက် ရွှေတောင်ကြီး ပြိုကျပျက်စီးခဲ့လေ၏။

ခမည်းတော်မင်းမြတ်သည် သူ့အား ခွန်ချိုနှင့် ခွန်သာကလေးကို မွေးစားခွင့်ကို မပေးခဲ့။ ချွေးသိပ်နှစ်သိမ့်ရုံအဖြစ် ပခန်းမြို့ကလေးကိုသာ အပိုင်စားပေးခဲ့သည်။

ခမည်းတော်၏ လုပ်ရပ်အပေါ် သူ မယုံနိုင်သလို အံ့ဩမိရကာ စိတ်အပျက်ကြီး ပျက်မိရ၏။ နောင်တော် ကိုးမြို့ရှင်နှင့် နှမတော် ပုလဲယဉ်တို့ မောင်နှမနှစ်ယောက်ကိုသာ ခွန်ချိုနှင့် ခွန်သာအား မွေးစားခိုင်း



သတဲ့။

ဘယ့်နှယ့် ... ဒါဟာ ဖြစ်သင့်သတဲ့လား။

ခေါ်ဆောင်လာသူ နောင်တော်နှင့် သူ့ကိုသာ တစ်ယောက်စီ ခွဲဝေမွေးစားခိုင်းသင့်သည် မဟုတ်လား။ ယခုမူ ခမည်းတော်သည် သူ့အပေါ်ဘာကြောင့် ဒီလိုလုပ်ရက်လေသလဲ။ သူ စဉ်းစား၍ မရနိုင်။

ခမည်းတော်၏ အမိန့်တော်ကို သူ နည်းနည်းလေးမှ မကျေနပ်မိ။ မတရားလိုက်တာဟုလည်း တွေးနေမိသည်။

သူ့မျှော်လင့်ချက်တွေ တစ်စစီပြိုကွဲခဲ့ရပြီ။ ခဲလေသမျှ သဲထဲရေကျ ဖြစ်ရလေပြီတကား။

* * *

စိတ်ကူးထဲက ရွှေတောင်ကြီး ပြိုကျပျက်စီးခဲ့ရ၍ မကျေမလည် အားပျက်ခွေယိုင် ဖြစ်နေခဲ့ရသော သူ့အဖို့ ပို၍ နာကြည်းအမျက်ထွက်စရာ ကိစ္စတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ကို အမိန့်တော်ချမှတ်ပြီး နောက်တစ်နေ့နံနက်ခင်းတစ်ခုတွင် ကြုံဆုံခဲ့ရပါလေ၏။

ထိုနေ့က သူသည် နောက်တော်ပါ အခြွေအရံသုံးလေးယောက်နှင့် မြို့တွင်း ဈေးတစ်နေရာသို့ ဖြတ်သန်းသွားမိရာမှ မိန်းမနှစ်ယောက်ပြောနေသော စကားများကို အမှတ်တမဲ့ ကြားခဲ့ရခြင်းဖြစ်သည်။

"ရှမ်းပြည်နယ်ကခေါ်လာတဲ့ ကလေးနှစ်ယောက်အကြောင်း ကြားပြီးပြီလား"

"ဟို ... အိမ်ရှေ့မင်းသား ကိုးမြို့ရှင်နဲ့ ဗိုလ်မှူး မင်းကျော်စွာတို့ခေါ်လာတဲ့ ကလေးနှစ်ယောက်လား"

နောက်ပါ အခြွေအရံတို့က ထိုမိန်းမနှစ်ယောက်ကို လှမ်းဟန့်ရန် ပြင်လိုက်သည်။ သူက အခြွေအရံတို့ကိုလက်ကာပြကာ တားလိုက်ပြီး မိန်းမနှစ်ယောက်ပြောလာမည့် စကားတို့ကို ဆက်နားစွင့်နေမိ၏။

ထိုမိန်းမနှစ်ယောက်ကတော့ သူတို့ကိုကျောပေးကာ သတင်းထူးကို အပြန်အလှန် ဖောက်သည်ချ



နေတော့သည်။

"ဟုတ်တယ်လေ၊ အခု ဘုရင်မင်းမြတ်က မွေးစားခိုင်းဖို့လူကို အမိန့်တော်ချမှတ်လိုက်ပြီတဲ့"

"ဟယ် ... ဘယ်သူ့ကို မွေးစားခိုင်းတာတဲ့လဲ"

"သြော် ... ဘယ်သူရမလဲ၊ အိမ်ရှေ့မင်းသားလေး ကိုးမြို့ရှင်နဲ့ သူ့နှမတော် ပုလဲယဉ်တို့ကို မွေးစားခိုင်းလိုက်တာတဲ့လေ"

"ဟုတ်လား၊ ဒါဆို ဗိုလ်မှူးမင်းကျော်စွာကို မမွေးစားခိုင်းခဲ့ဘူးပေါ့"

"ဗိုလ်မှူးမင်းကျော်စွာလက်ထဲ အပ်လိုက်ရင် ရှမ်းပြည်နယ်က ကလေးတွေ လူဆိုးဂျပိုး ဖြစ်သွားမှာပေါ့ဟဲ့၊ ဖအေလုပ်သူရဲ့ ခြေရာအတိုင်း လိုက်နင်းကုန်ရင် မခက်ကုန်ဘူးလား၊ မင်းကြီးလည်း ဒါကိုတွေးမိတယ်နဲ့တူတယ်၊ ဒါကြောင့် ဗိုလ်မှူးမင်းကျော်စွာကို မမွေးစားခိုင်းတာ နေ

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

ကြားလိုက်ရသောစကားကြောင့် သူ့ဒေါသ သွေးတို့ လှိုက်ခနဲ ဆူဝေလာသလို ဖျင်းခနဲ ခံစားလိုက် ရ၏။

လက်တွင် ကိုင်ဆောင်ထားသော ဓားအိမ်မှ ဓားကို သတိလက်လွတ် ဆွဲထုတ်မိတော့မလိုဖြစ်သည်။ ဓားသည် ဓားအိမ်အတွင်းမှ တစ်ဝက်ခန့်လောက်ထိပင် ရောက်နေပြီ။

သူသည် တောက်တစ်ချက် ပြင်းပြင်းခေါက် လိုက်ကာ ဓားကို ဓားအိမ်ထဲသို့ ပြန်ဆောင့်ထည့်လိုက် ၏။

ထို့နောက် နေရာမှ ချာခနဲလှည့်ထွက်ခဲ့လိုက် သည်။

သူ၏ ကျယ်လောင်လှသော တောက်ခေါက် သံကြောင့်ထင့် မိန်းမနှစ်ဦး၏ ထိတ်လန့်တကြား ရေ ရွတ်လိုက်သံများ သူ့နောက်နားဆီမှ လွင့်ပျံ့လာသေး တော့သည်။



သူ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်မိ ပြန်သည်။

ဘာတဲ့ ... သူလိုလူမျိုးကို မွေးစားခွင့်ပေး လိုက်လျှင် ကလေးတွေ လူဆိုးဂျပိုး ဖြစ်သွားမတဲ့လား။

သူက ဘာများဖြစ်နေ၍လဲ။ သေရည်သောက် တာကို ယိုးမယ်ဖွဲ့ချင်ကြတာလား၊ လက်ညှိုးထိုးချင်ကြ တာလား။

ခမည်းတော်ကရော ဒီလိုတွေးတောကြံစည် ကာ သူ့အား မွေးစားခွင့်မပေးခြင်းလား။ စဉ်းစားကြည့် တော့လည်း ဟုတ်သလိုလိုတော့ရှိသည်။ အခြားသော တွေး တောစရာ ဘာအကြောင်းမှမရှိ။ ဒီထက်နိုင်လုံတဲ့ အကြောင်း ရှိပါဦးမလား။

သို့ဆိုလျှင် ခမည်းတော်မင်းမြတ်သည် သူ့အား အရှက်ခွဲခဲ့တာပေါ့။ နှစ်ကိုယ်တည်း သေသေချာချာ ပြောဆိုလျှောက်တင်ထားပါရက်နဲ့ အမိန့်တော်သည် တစ်မျိုးတစ်ဖုံ ဖြစ်နေခဲ့သည့်အကြောင်းကို သူ့မှာ တနေ့ နွေးနွေး စဉ်းစားအဖြေရှာခဲ့ရသည်။ ယခုမှပင် အဖြေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တော့သည်။

ကြည့်စမ်း ... ဒါဟာ စော်ကားသမှု ပြုလိုက်တာပေါ့။ သူ့အဖြစ်သည် လုံးလုံးအသုံးမကျတဲ့ လူချည်ဖတ်ကြီး ဖြစ်နေရှာပြီပေါ့။ တစ်တိုင်းတစ်ပြည်လုံး သူ့အတင်းကို မြိန်ရည်ယှက်ရည် ပြောနေကြပေတော့မည်။ ဒီလိုအဖြစ်မျိုးဖြစ်အောင် ခမည်းတော်လုပ်သူ ဘုရင်ကြီးက လုပ်ခဲ့တာတဲ့လား။

အရိပ်ပြတာတောင် အကောင်မမြင်၊ အကောင်လိုက်ကြီးပြမှပင် သြော် ... ဒါအကောင်ပါလားရယ်လို့ သိခဲ့ရတဲ့ သူ့အဖြစ်ကို သူ တော်တော် ယူကျုံးမရ ရင်နာ မိသည်။

ရှက်လည်း အရမ်းရှက်မိ၏။

"တောက် ... တွေ့ကြသေးတာပေါ့ကွာ၊ ငါ့အကြောင်း ပြရသေးတာပေါ့"

သူ့စိတ်သည် ရုတ်ခြည်း ရိုင်းစိုင်းခက်ထန်သွားရပြီ။ တစ်စုံတစ်ရာသည် သူ့အား ဖိအားပေးထိုးနှက်နေ၏။ ထိုအရာသည် ရှက်စိတ်၊ နာကြည်းသိမ်ငယ်စိတ်၊



အမုန်းတရားတို့ အုံဖွဲ့ဖြစ်တည်စိတ်တို့ပင်ဖြစ်သည်။

ထိုအရာတို့၏ လှုံ့ဆော်အားပေးမှုကြောင့် သူ တစ်စုံတစ်ရာ ခပ်ရဲရဲ ဆုံးဖြတ်လိုက်မိပါတော့၏။

"သင်တို့ ခက်ဖွယ်ရယ်ကြုံဖို့သာ ပြင်ထားပါတော့လေ"

ဖဖဖဖ

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၆)

"ကဲ ... သွေးသောက်၊ သည်တစ်ချီတော့ တို့တွေ စွန့်စားလိုက်ကြရအောင်၊ ကိုယ်တော် အထွဋ်အထိပ်ရောက်ရင် မင်းတို့လည်း အထွဋ် အထိပ်ပေါ့ကွယ်"

သူ၏ ထူးဆန်းသောစကားကြောင့် နောက် တော်ပါအခြွေအရံများ အံ့အားတသင့်ဖြစ်သွားကြသည်။

"ကိုယ်တော်လေး ဘာကိုဆိုလိုသလဲဆိုတာ ကျွန်တော်မျိုးတို့ သိပ်နားမလည်ဘူးဘုရား"

အခြွေအရံတို့၏ နားမလည်သလို အမူအရာ ကြောင့် သူက သဘောကျသလို တစ်ချက်ပြုံးလိုက်ပြီး သေရည်ခွက်ထဲမှ သေရည်လက်ကျန်ကို ကောက်ယူ မော့ချလိုက်သည်။ သေရည်အရသာ ရှိန်းမြမြက လည် ချောင်းတစ်လျှောက် ပူဆင်းသွားတော့သည်။ ကိုယ်တွင်း ရှိ အခိုးအငွေ့များ ချက်ချင်းရုန်းကြွလာသလို ခံစား လိုက်ရ၏။

ထိုခံစားမှုအရသာမျိုးကိုမှ သူ နှစ်ခြိုက်တပ်မက်မိ၏။

သေရည်တွေ ခန္ဓာကိုယ်ထဲ လှည့်ပတ်စီးဝင် သွားပြီဆိုရင်ဖြင့် သွေးကြောတွေဆူဝေလာပြီး လူ တစ်ကိုယ်လုံး ရှိန်းတိန်း ဖိန်းတိန်း ရီဝေဝေ ယစ်မူးရတဲ့ အရသာဟာ ဘာနဲ့မျှ နှိုင်းယှဉ်လို့မရအောင် ခဏနိဗ္ဗာန် ပဲပေါ့။

"မင်းတို့ကို ငါ သေသေချာချာ ပြောမယ်၊ နားထောင်ကြစမ်း၊ ငါ့ကို လူပုံအလယ်မှာ အရှက်ခွဲခဲ့တဲ့ ခမည်းတော်ဘုရင်မင်းမြတ်ကို ပုန်ကန်ဖို့ ငါ ဆုံးဖြတ်ပြီးပြီ၊ ဒီတော့ မောင်မင်း တို့ကလည်း ကိုယ်တော်နဲ့အတူ သည်တစ်ချီ တော့ စွန့်စားလိုက်ကြစမ်း၊ ကိုယ်တော် နန်း

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်ပေါ်ရောက်ရင် မောင်မင်းတို့လည်း
အခြေမြင့်ပြီပေါ့ကွယ်"

သူက ဤသို့နှယ် အားပေးလိုက်သည်နှင့် နောက်ပါ အခြွေအရံတို့သည် စိတ်ကူးတိမ်တိုက်လေးစီးနင်းကာ မျက်ဝန်းရိပ်တို့ တဖျပ်ဖျပ် အရောင်လက်သွားကြတော့သည်။

"ကိုယ်တော်လေးနောက်က ဖဝါးတကြွလိုက်
ပါ့မယ်၊ ကိုယ်တော်လေး ခိုင်းစေသမျှ လိုက်နာ
ဆောင်ရွက်ပါ့မယ်ဘုရား"

အခြွေအရံတို့၏ စကားကြောင့် သူသည် ကျေကျေနပ်နပ်ကြီး ပြုံးမိရသည်။ ဒီလိုပဲ ဖြစ်ရမှာပေါ့လေ။ ကျွန်ဆိုတာ သခင်ရဲ့ အလိုဆန္ဒကို လိုက်လျောရမှာပေါ့။ အခြွေအရံတစ်ဦးက ကုန်သွားပြီးဖြစ်သော သေရည်ခွက်ထဲသို့ တကောင်းထဲမှ သေရည်များ ထပ်ငှဲ့ပေးသည်။

သူက သေရည်ကို တစ်ကျိုက်မော့လိုက်ရင်း ပုန်ကန်ရမည့်အရေးအတွက် စဉ်းစားနေမိသည်။



နေနှင့်ဦးပေါ့လေ။

သူသာ နန်းပလ္လင်ကို လုယူနိုင်ခဲ့လျှင် တိုင်းပြည်ကို လက်ဝါးကြီးအုပ်၊ ပုလဲယဉ်လေးကို မိဖုရားကြီး လုပ်ရမည်။

သူသာ ဘုရင်ဖြစ်လျှင် ပုလဲယဉ်လေးကလည်း မိဖုရားခေါင်ကြီး ဖြစ်ရပေမပေါ့။

သူသည် အတွေးစိတ်ကူးနဲ့တင် ရွှင်မြူးသွားရတော့သည်။

"ဩော် … ပုလဲယဉ်၊ ပုလဲယဉ်၊ မင်းလေး
ဟာ လှရက်နိုင်သူလေးပါလားကွယ်"

သူ့မျက်ဝန်းထဲတွင် အတိတ်မြင်ကွင်းတို့က တရေးရေး ပေါ်လာတော့၏။

ရာသီဥတု သာသာယာယာရှိသော နေ့တစ်နေ့တွင် သူသည် အမှတ်မထင်ဘဲ ပုလဲယဉ်နှင့် အခြွေအရံတချို့ ရေကစားရာ ဥယျာဉ်တော်အတွင်းရှိ ရေအိုင်ငယ်ဆီသို့ ရောက်ရှိလာမိသည်။

ရှိရှိသမျှ မိန်းမတို့အကြားဝယ် ပုလဲယဉ်၏

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်လွင်လှသော အလုတရားတို့က သူ့အားညှို့ယူဖမ်းစားနိုင်ခဲ့၏။ မရည်ရွယ်ပါဘဲနှင့် သူ တဒင်္ဂတော့ ငေးမောမိသွားရသည်။

ရေစိုနေသော ခန္ဓာကိုယ်အလှ၏ ပြေပြစ်တင့်တယ်မှု၊ ဝင်းပကြည်လင်သော အသားအရေ၏တောက်ပြောင်မှုတို့ထံ၌ သူ့မျက်ဝန်းတို့က ခွာ၍မရနိုင်အောင် ဆွဲငင်နိုင်လှ၏။

ပုလဲယဉ်၏ လှုပ်ရှားယိမ်းနွဲ့မှုတိုင်း သူ့ရင်အစုံသည် တငြိမ့်ငြိမ့်လှိုက်ခုန်နေ၏။

ပုလဲယဉ်၏ အပြုံးနုနုလေးက သူ့ရင်ကို တတို့တထိနှင့် လာရောက်လှုပ်ခတ်နေသည်။

ပုလဲယဉ်၏ မျက်တောင်တစ်မိုက်၊ ရယ်သံတစ်ချက်၊ အပြုံးတစ်ခု၊ ခြေတစ်လှမ်းကပင် သူ့ရင်ကို တဒိတ်ဒိတ်နှင့် အခုန်မြန်စေသည်။

ကြာရှည်မတ်မတ်ရပ်နိုင်ခြင်းငှာ မစွမ်းသာတော့။ သူ လှိုက်မောတုန်ရင်လာသည်။ အားပျက်ခွေယိုင်ချင်လာသလိုလို သူ့တစ်ကိုယ်လုံး အကြောအချဉ်



များ နုံးချိဖျော့တော့သွားသလို ထင်ရသည်။

ဒီထက်ကြာကြာ ငေးမောနေရလျှင် သူ နှလုံးအခုန်မြန်ပြီး မကြာမီပင် သေဆုံးရတော့မည်။

ထို့ကြောင့် နေရာမှလှည့်ထွက်ခဲ့ရ၏။ ပုလဲယဉ်၏ ပုံရိပ်တို့က သူ့မျက်ဝန်းမှတစ်ဆင့် နှလုံးသားထိတိုင်အောင် စွဲကပ်ငြိတွယ်လာခဲ့ပြီမှန်း သူ သတိပြုမိခဲ့ရလေတော့၏။

* * *

ခမည်းတော်၏ လုပ်ရပ်ကို သူ ရှက်လည်းရှက်ကာ စိတ်လည်း အနာကြီးနာမိရသည်။ သူ့ကို လူရာမသွင်းသည့်သဘော၊ သူ့ကို ယမကာလုလင်အဖြစ် ဝိုင်းပယ်ကျဉ်ထားသည့်သဘောဖြင့် လုပ်ခဲ့ကြတာ။ ဒါကို သူ နည်းနည်းလေးမှ မကျေနပ်မိ။

ဒါကြောင့် သူ ဘာလုပ်မလဲ။ ပုန်ကန်မှာပေါ့။

ခုတော့ ခမည်းတော် ဘုရင်မင်းမြတ်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာမပေးနိုင်ပြီ။ နန်းပလ္လင်ကို လက်ဝယ်မိုင်ပိုင်ရအောင် လုပ်ရမည်။ မတတ်နိုင်ဘူးလေ။ သည်နည်းမှလွဲ၍ အခြားနည်း မရှိတော့ပြီ။ နန်းရဖို့ ပုန်ကန်သည်ဆိုတော့ နည်းနည်းပါးပါး သွေးစွန်းပေမပေါ့။ နန်းပလ္လင်ကို သွားရသောလမ်းသည် သွေးခင်းသောလမ်းပင်ဖြစ်လိမ့်မည်။

သူ့စိတ်ကူးကို အကောင်အထည်ဖော်နိုင်မည့်အချိန်ကို စောင့်ရမည်။ စိတ်တိုင်းကျ လုပ်ဆောင်နိုင်မည့်အခွင့်အရေးကို သူ ငံ့လင့်နေမိ၏။ အချိန်အခါနှင့် အခွင့်အရေးသည် တစ်ပြိုင်နက်တည်း ကျရောက်မှသာ ကြံ့းပမ်းမှုသည် အရာထင်ပေလိမ့်မည်။ သည်တော့ ခေတ္တခဏတော့ သည်းခံစောင့်ဦးမှပေါ့။

* * *

သူ စောင့်မျှော်နေသည့် အခွင့်အရေးကို လက်ဝယ်မပိုင်သေးခင်မှာဘဲ ခွန်ချိုနှင့် ခွန်သာတို့မှာ တဖြည်း



ဖြည်း အရွယ်ရောက်လာပြီဖြစ်ကြောင်း သူ သတိပြုမိလိုက်တော့သည်။

ဒီပုံအတိုင်းဆိုရင်တော့ မဖြစ်ချေသေးဘူး။ ခွန်ချိုနဲ့ ခွန်သာ အရွယ်ရောက်လာရင်တော့ သူ့အကြံအစည်များ ပျက်ပြားပေတော့မည်ဟု သူ နားလည်မိသည်။

သည်တစ်ချီ သည်တစ်ခါတည်း အသေအချာကြံစည်နိုင်မှ တော်ပေမည်။ ပထမ ခွန်ချိုနှင့် ခွန်သာတို့ကို ဒီပြည်မှ အဝေးသို့နှင်လွှတ်ရမည်။ သို့မှသာ ဘုရင်မင်းကြီးအတွက် လက်ရုံးဖြုတ်သလိုဖြစ်မှာ။ ခွန်ချိုနဲ့ ခွန်သာ မရှိသည့်အချိန်မှ ခမည်းတော် ဘုရင်ကြီးကို လုပ်ကြံရမည်။ ခမည်းတော် မရှိတော့ဘူးဆိုလျှင်တော့ နန်းပလ္လင်ကို အသာကလေး တက်ထိုင်လိုက်ရုံပဲ။ ပြီးတော့ နောင်တော် ကိုးမြို့ရှင်ကို လက်စတုံးပြီး ပုလဲယဉ်လေးကိုတော့ မိဖုရားခေါင်ကြီးမြှောက်ရမည်။

သူက သူ့အတွေးကို လူယုံများနှင့် တိုင်ပင်ဆွေးနွေးမိသည်။ ခွန်ချိုနှင့် ခွန်သာကို အဝေးသို့လွှင့်ပါး

www.burmeseclassic.com

www.burmeseclassic.com



စေဖို့ ဥပါယ်တံမျဉ် ကြံစည်ရတော့၏။

ဒါကတော့ အလွယ်ကလေးပဲ။ ရှမ်းပြည်နယ်တွင် သူပုန်ထနေသည်ဟု ခမည်းတော် ယုံကြည်လာအောင် ရှေ့နားတော်သွင်းရတော့တာပေါ့။ ပြီးတော့ ခွန်ချို နဲ့ ခွန်သာကို သူတို့ပြည်အတွက် သူတို့ကိုယ်တိုင်ဦး ဆောင် နှိမ်နင်းသင့်ကြောင်း၊ သူပုန်ရန် နှိမ်နင်းပြီးရင်ဖြင့် ပြည်နယ်အေးချမ်း နေသားကျလာအောင် သုံးနှစ်တာမျှ အုပ်ချုပ်နေထိုင်သင့်ကြောင်း အကျိုးအကြောင်း နိုင်နိုင်လုံလုံ လျှောက်တင်လိုက်ရင် ခမည်းတော် ယုံကြည်တော်မူလောက်ပါရဲ့။

သည်အရေးကား လွယ်လွယ်ကူကူ လုပ်ဆောင်၍ရမည့်အရေးမဟုတ်။ သည်အရေးကို ပိပိရိရိ ကြံစည်နိုင်မှ တော်ကာကျမည်။ တိမ်မယောင်နှင့် နက်၍ လွယ်မယောင်နှင့် ခက်နေသည်မဟုတ်လား။ ယခု ရေတွင်းတူး၊ ယခုရေကြည်သောက်၍ ရမည်ဟု မျှော်လင့်၍မဖြစ်။ ဒါကိုတော့ သူ ကောင်းကောင်းသိသည်။ အချိန်၊ အချိန်၊ အချိန် … မိမိအဖို့ အချိန်ယူ



စဉ်းစားရမည်။ အချိန်ယူ ဆောင်ရွက်ရမည်။ ပြီးတော့ အချိန်ကပင် အဆုံးအဖြတ်ပေးသွားလိမ့်မည်။ သည်တော့ သူသည် အချိန်ကို သည်းခံစိတ်ဖြင့် စောင့်ရတော့သည်ပေါ့။

ဖဖဖဖဖ

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၇)

သူ မျှော်လင့်တကြီး စောင့်မျှော်ခဲ့ရသော အချိန် အခါတော့ ရောက်ရှိလာလေပြီ။

ခမည်းတော်ဘုရင်ကြီးသည် ခွန်ချိုနှင့် ခွန်သာအား ရှမ်းပြည်နယ်သို့ သူပုန်ရန်နှိမ်နင်းရန် စေလွှတ်ခဲ့၏။

ကဲ ... ခုတော့ တစ်ရန်ရှင်းပြီပေါ့။ သူ့အကြံအစည်ကို အမြန်ဆုံး အကောင်အထည်ဖော်ပြရပေတော့မည်။ ဒီည လမိုက်ညလေ။ တစ်နည်းအားဖြင့် ဘုရင်ကြီး မင်းစည်သူအတွက် နောက်ဆုံးည။ သူ့အတွက်တော့ ရွှေပုံထီးနန်း လက်ဝယ်ပိုင်မည့်ည။

သူသည် လူယုံအချို့ခေါ်ကာ ခမည်းတော်



မင်းမြတ်စံရာ စက်ဆောင်တွင်းသို့ တိတ်တဆိတ် ချဉ်းနင်းဝင်ရောက်ခဲ့သည်။

ကြိုတင်စီစဉ်ထားပြီးဖြစ်၍ စက်ဆောင်တွင်းသို့ လွယ်လွယ်ကူကူပင် ဝင်ရောက်လာနိုင်ခဲ့သည်။

ခုချိန်လောက်ဆိုရင်ဖြင့် ခမည်းတော်မင်းကြီးကတော့ မိဖုရားခေါင်ကြီး ကူနီဒေဝီနှင့် စက်တော်ခေါ်နေလောက်ပြီ။

သူတို့ တရွေ့ရွေ့ ချဉ်းကပ်ဝင်ရောက်စဉ်အတွင်း အစောင့်တပ်သား နှစ်ယောက်၊ သုံးယောက်မှာတော့ အသံမထွက်နိုင်အောင် ဇီဝိန်ပြုတ်ခဲ့ရှာပေပြီ။

ထိုစဉ်မှာပဲ ရင်ထိတ်ဖွယ် ဖြစ်ရပ်တစ်ခုနှင့်ကြုံ တွေ့လိုက်ရပါတော့သည်။ အစောင့်တစ်ဦးသည် သူတို့ကို မြင်တွေ့သွားကာ တအားထအော်တော့သည်။

"ရန်သူ ... ရန်သူ ... ရန်သူရောက်နေတယ်"

ထိုအစောင့်ရဲ့မက်၏ ပါးစပ်ကို သူတို့ မပိတ်နိုင်ရှာသေးခင် အခြေအနေသည် ရုတ်ရုတ်သဲသဲ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားရတော့သည်။ နန်းဆောင်အတွင်း အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဒီပုံဆို မဖြစ်ချေ။ သူ့အကြံ အောင်နိုင်ပါ့မလား။ သူ စိုးထိတ်သွားမိသည်။ ထို့ကြောင့် တွေ့သမျှလူ သုတ်သင်ပစ်ပြီး နန်းဆောင်ရှိရာ အမြန်ဆုံးပြေးဝင်လာခဲ့၏။

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် အားလုံး ရှုန်းရင်းဆန်ခတ်ဖြစ်ကုန်၏။ စစ်သည် ရဲမက်များ တဖွဲဖွဲနှင့် ပြေးလာကြသည်။ ဟာ … ဒုက္ခပဲ။

အစောင့်တပ်သား မများလာခင် ခမည်းတော်ကို အမြန်ဆုံးလုပ်ကြံနိုင်မှပဲ။

သူ့လူယုံများကို လူစုခွဲကာ ရဲမက်များ အာရုံပြောင်းစေလိုက်သည်။ လူစုခွဲသွားပြီဆိုတော့မှ သူသည် စက်ဆောင်တွင်းဆီသို့ အလျှင်အမြန် ဝင်ရောက်ခဲ့တော့၏။

ဟော … တွေ့လိုက်ရပါပြီ။ ဘုရင်မင်းမြတ်



နှင့် မိဖုရားခေါင်ကြီး ကုနီဒေဝီတို့။

သူ့ကိုတွေ့တော့ အံ့သြသွားပုံရသည်။ မယုံနိုင်စရာပေမို့ ထိတ်လန့်တုန်လှုပ်နေပုံနှင့်။

အစောင့်ရဲမက်အချို့နှင့် အခြေအရံအချို့သာ ရှိနေသည်။ ကိစ္စမရှိ။ ဒီလောက် လူအင်အားလောက်ကို သူ အသာကလေးချေမှုန်းနိုင်သည်။ တိုက်ပွဲအလီလီ နွှဲလာတဲ့ သူ့အဖို့တော့ ဒီလောက်က အေးအေးဆေးဆေး ပါပဲ။ ဒါပေမဲ့ အပြင်ကအစောင့်ရဲမက်တွေ မလာခင် အမြန်ဦးအောင် ရှင်းပစ်မှ။

တိုးဝင်တိုက်ခိုက်လာသော ရဲမက်အချို့ကို ခပ်မြန်မြန် ခပ်သွက်သွက် နှိမ်နင်းပစ်လိုက်သည်။ နန်းဆောင်အတွင်း အခြွေအရံတချို့ ကြောက်လန့်တကြား အော်သူအော်၊ ပုန်းသူ ပုန်းနေကြသည်။

ခမည်းတော် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးမှာ မိမိတို့ အခြေမလှတော့ပြီမှန်း သိသည်။ ထို့ကြောင့် ပြန်ခုခံရန် ကြိုးစားသည်။ ဒါပေမဲ့ ဘယ်မှာလဲ လက်နက်၊ လက်နက်မရှိဘဲနှင့် ဘယ်လိုခုခံမည်လဲ။

www.burmeseclassic.com

www.burmeseclassic.com



“ယုတ်မာပက်စက်လှချည်လား မင်းကျော်စွာ၊ ကျွေးမွေးမြှောက်စားခဲ့တဲ့ ကျေးဇူးတရားကိုမှ မထောက်”

ခမည်းတော်က ဒေါသတကြီး ကြုံးအော်သည်။

“ဘာရယ် ... ကျေးဇူးတရား၊ ဟုတ်စ၊ ကျေးဇူးတရားကကုန်သွားပြီ ခမည်းတော်ရဲ့၊ ထောက်ထားစရာ မလိုတော့ဘူး၊ ကျုပ်ကို လူရာမသွင်းချင်တဲ့သူကို ဘာကျေးဇူးတရားမှ မလိုဘူး၊ နားလည်လား”

သူက ဟားတိုက်ရယ်မောပစ်လိုက်သည်။ ကျေးဇူးတရားတဲ့။ ရယ်ပင် ရယ်ချင်သေးတော့သည်။

သူ ပေးနိုင်သည်နှင့် ညီမျှသော အခွင့်အရေးကို သူ ပြန်ရရှိခဲ့ခြင်းဟာ ကျေးဇူးတရားတဲ့လား။ တတ်လည်း တတ်နိုင်ပေ့။ ဒီဘုရင်ကြီး သေရမှာကြောက်လို့ ဘာတွေ သွေးရူးသွေးတန်း လျှောက်ပြောနေပါလိမ့်။

“သင်လို လူမျိုးကို မွေးစားမိခဲ့တာကိုက ငါ့အမှားပဲ”



ခမည်းတော်က မချိတင်ကဲအသံဖြင့် ရေရွတ်ပြန်သည်။

“ဟုတ်တယ်၊ ခမည်းတော် သိပ်မှားတယ်၊ ကျုပ်လိုလူမျိုးကို ခမည်းတော် မမွေးစားသင့်ဘူး၊ ပြီးတော့ ကျုပ်ကို လူပုံအလယ်မှာ အရှက်ခွဲခဲ့တာလည်း သိပ်မှားတယ်”

“ဟင် ... ငါ မင်းကို ဘယ်တုန်းက အရှက်ခွဲမိလို့လဲ”

ခမည်းတော်က နားမလည်သလို မေးနေ၏။

“မသိဘူးလား၊ ဟုတ်လား၊ အေးလေ ... ကိုယ်လုပ်ခဲ့တဲ့ ကိုယ့်အပြစ်ကို ကိုယ် ဘယ်ပြန်မှတ်မိတော့မလဲ၊ ဒီတော့ ပြောပြရသေးတာပေါ့၊ သေခါနီး လူတစ်ယောက်အတွက် ဘာကြောင့် သူ သေသင့်သလဲဆိုတာ ပြောပြရသေးတာပေါ့၊ ခွန်ချိုနဲ့ ခွန်သာကို ကျုပ်ကို မွေးစားခွင့်မပေးတာ ဘာသဘောလဲ၊ ကျုပ်ကို အရှက်ခွဲခဲ့တာ မဟုတ်လား ... ဟမ်”

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးနှစ်ယောက်ကို မင်းလက်ထဲ အပ်လိုက်ရင် ပျက်စီးသွားတော့မှာပေါ့၊ မင်းရဲ့မကောင်းတဲ့ အကျင့်စရိုက်တွေ ကူးကုန်မှာစိုးလို့ မပေးတာ၊ ဒါကို မင်းက ကျုပ်ကိုအငြိုးထားပြီး ပုန်ကန်ဖို့ ကြိုးစားတာပေါ့လေ"

ခမည်းတော်၏ စကားကြောင့် သူ့ဒေါသတွေ ပို၍ ဆူပွက်လာရသည်။ ဘာတဲ့။ သူ့ရဲ့မကောင်းတဲ့ အကျင့်စရိုက်တွေ ကူးကုန်မယ်တဲ့လား။

သူ တောက်တစ်ချက် ပြင်းပြင်းခေါက်ကာ ခမည်းတော်ရှိရာသို့ ပြေးသွားလိုက်ပြီး လက်ထဲမှ ဓားနှင့် ထိုးသတ်လိုက်မိတော့သည်။

"ဒါ ကျုပ်ကို စော်ကားတဲ့အတွက်၊ ကျုပ်ကို အရှက်ရစေတဲ့အတွက် ကျုပ်ရဲ့ တုံ့ပြန်မှုပဲ"

အံကြိတ်ကာ ရေရွတ်လိုက်ရင်း ဓားကို ဆွဲနုတ်လိုက်သည်။ ပြီးနောက် မျက်ဝန်းတို့က ကူနိဒေဝီ မိဖုရားခေါင်ကြီးဆီသို့ …

နာကျင်ထိတ်လန့်စွာ အော်ဟစ်လိုက်သော



အသံ ကြီး နန်းဆောင်အတွင်းတွင် ဟိန်းညံသွား၏။

ယခုတော့ နန်းဆောင်တွင်းတွင် သွေးစိမ်းရှင်ရှင် စီး၍နေချေပြီ။ သူ၏ လုပ်ကြံမှုကြီးသည်လည်း အောင်မြင်စွာ အထမြောက်ခဲ့ရပြီ။

နေဦး … လုပ်ဆောင်စရာတစ်ခု ကျန်သေးသည်။ ကိုးမြို့ရှင်။ နောင်တော်ကိုးမြို့ရှင်ကို သုတ်သင်ရဦးမည်။

"ဟဲ့ … ဟဲ့ ရှာကြစမ်းပါဦး၊ ကိုးမြို့ရှင်အိမ်ရှေ့စံကို ရှာစမ်းပါဦး၊ ဘယ်မှာလဲ"

သူက သူ့လူယုံများကို ခေါ်လိုက်ကာ ကိုးမြို့ရှင်ကို ရှာဖွေရန် လောဆော်လိုက်၏။

"ရှာမနေနဲ့တော့ ကိုယ်တော်လေး၊ အိမ်ရှေ့စံတို့ မောင်နှမနှစ်ပါးတော့ ထွက်ပြေးသွားကြပြီဘုရား"

သူ့ လူယုံတစ်ယောက်က ပြေး၍ပြောလာသည်။

"ဘာ … ထွက်ပြေးသွားပြီ၊ ဟုတ်စ"

"မှန်ပါ ကိုယ်တော်လေး၊ ကျွန်တော်မျိုး ခုပဲ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းပြီး ပြန်လာတာပါ”

“ဟာကွာ … တောက်”

သူ ကျိတ်မနိုင် ခဲမရစွာ တောက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်မိလိုက်တော့သည်။

သွားပြီ။ သူ့အလိုဆန္ဒတစ်ခု မပြည့်ဝနိုင်တော့။ ပုလဲယဉ်သည် သူနှင့်ဝေးရာသို့ ထွက်ပြေးသွားပြီ။

သူ့ရင်ထဲမှ အသည်းနှလုံး ဖြုတ်ခနဲ လွင့်ထွက်သွားသလို ခံစားမိရသည်။ သူ့ရဲ့အချစ်။ အချစ်ကို သူ ပိုင်ဆိုင်ခွင့် မရှိတော့။

ဆန္ဒနှစ်ခုမှာ တစ်ခုကိုသာ လက်ဝယ်ရရှိခဲ့ပြီး တစ်ခုကတော့ လက်မှပြုတ်ထွက်သွားခဲ့သည်။ သူ နှမြောတသစိတ်ကလေး ဖြစ်တည်သွားရသည်။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ထီးနန်းကို သူရလိုက်ပြီမို့ သူ့အတွက် ဖြေသိမ့်မျက်ပြေရပေတော့မည်။ ပုလဲယဉ်ကတော့ ရှိပါစေတော့လေ။

ဖဖဖဖဖ

အခန်း(၈)

ထီးနန်းစံနေပြီဆိုသော်လည်း သူ၏ ရှေ့ခရီးလမ်းသည် ပန်းခင်းသောလမ်း မဟုတ်ခဲ့ပါချေ။

ဆောင်ရွက်ဖွယ် လုပ်ငန်းတွေက တစ်ပုံတစ်ပင်၊ ရှင်းလင်းဖွယ်ပြဿနာတွေက တစ်ထွေးတစ်ပိုက်ကြီးရှိနေသည်။

ယင်းတို့မှ ပထမဆုံး ဖြေရှင်းရမည့်ပြဿနာမှာ ခွန်ရိုး ခွန်သာတို့အား အယုံသွင်းရေးပင်တည်း။ ထို့အတွက် သူ့တွင် ကြံစည်စိတ်ကူးပြီးသားအဖြေက အဆင်သင့် ရှိနေခဲ့သည်။

အချိန်တို့သည်ကား အကုန်မြန်လှပေချေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် ခွန်ချို ခွန်သာတို့ ရောက်ရှိလာသည့်အခါတွင်မှ သူတို့အား စေလွှတ်ခဲ့သည်မှာ သုံးနှစ်ပြည့်ပြီမှန်း သိလိုက်ရတော့သည်။

ကဲ … ခုတော့ ခွန်ချို ခွန်သာ သားတော်နှစ်ပါးအား တရားရေအေး အမြိုက်ဆေးလေး တိုက်ကျွေးရတော့ပေမပေါ့။

"တူတော်မောင်တို့ကို ဦးရီးတော် ပြောချင်တာကတော့ အခု ဦးရီးတော် အုပ်ချုပ်နေသည့် ထီးနန်းဟာ တူတော်မောင်တို့အတွက်သာဖြစ်ပေတယ်ကွယ်"

သူ့စကားကို ခွန်ချိုနှင့် ခွန်သာ စိတ်ဝင်စားလား၊ မဝင်စားလားဆိုတာ အကဲခတ်ကြည့်လိုက်၏။

အင်း … မဆိုးဘူးပဲ။ သူတို့တွေ အံ့သြနေပုံတော့ရသား။ ဆက်ပြောမှ။

"တကယ်တော့ ဦးရီးတော် အခုလို ကြံစည်ခဲ့ရတာလည်း တူတော်တို့အတွက် စဉ်းစားပြီး ကြံစည်ခဲ့ရတာပါ၊ အခုလည်း ဦးရီးတော်ဟာ



အသက်အရွယ် ကြီးရင့်လာပြီဆိုတော့ ဥပုသ်သီတင်း ဆောက်တည်ရတော့မယ်ကွယ်၊ ဒါကြောင့် ထီးနန်းကို တူမောင်တို့ကိုလွှဲအပ်ခဲ့ချင်တယ်"

ခွန်ချိုနဲ့ ခွန်သာက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ အတွင်းတော်မှာမို့ သူတို့တူရီးသုံးဦး အေးအေးလူလူ စကားပြောနေကြခြင်းပင်။ ဒီအချိန်မှာ သူ့စကားကို ထိုကလေးငယ်နှစ်ယောက် ယုံကြည်ဖို့လိုသည်။ ဒါမှ သူ့ကို အထင်တလွဲ အမုန်းမပွားစေမှာပေါ့။ သူတို့ယုံကြည်မှုရမှ၊ သူ၏ ဘက်တော်သားဖြစ်မှ ရှေ့ခရီးက ကောင်းနိုင်မည်မဟုတ်လား။

ပြီးတော့ သူ့အတွက် အန္တရာယ်မအေးနိုင်သေးပေ။ လွှတ်သွားသော နောင်တော်ကိုးမြို့ရှင်က သူထိုင်ထားသော နန်းပလ္လင်ကို လုမယူနိုင်ဘူးလို့ ပြော၍ရမည်လား။ ထို့အတွက် သူ့မှာ ရတက်မအေးနိုင်သေး။

သူ့အတွက် ရန့်စွယ်ခလုတ် ဆူးညှောင့်တွေ အမြန်ဆုံး အပြတ်ရှင်းထားမှဖြစ်မည်။ ဒါကြောင့် ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်ကို အသုံးချရပေမည်။

"ဦးရီးတော်ဟာ တူတော်တို့ကို မွေးစားခွင့် မရခဲ့ပေမယ့် ကိုယ့်သားအရင်းတွေလို ချစ်ခဲ့ရတာပါ၊ တူတော်တို့ရဲ့ ခမည်းတော်တစ်ပါး မဖြစ်ခဲ့ပေမယ့် ဖခင်တစ်ယောက်ရဲ့ မေတ္တာအပြည့် ဦးရီးတော်မှာ ရှိပါတယ်ကွယ်၊ ဒါကြောင့် တစ်မိဖမ်းတရံဖြစ်တဲ့ တူတော်လေးတို့ဟာ ထီးနန်းကို အဘယ်မှာရနိုင်ပေမတုန်း၊ ဘုရင်မင်းမြတ် ကွယ်လွန်ခဲ့ရင် အိမ်ရှေ့မင်းဖြစ်တဲ့ တူတော်တို့ မွေးစားဖခင် နောင်တော်ကိုးမြို့ရှင်က ထီးနန်းကိုရပေမပေါ့၊ နောင်တော် ထီးနန်းရရင်တော့ သူ့ရဲ့သားတော်တွေ မွေးဖွားလာတဲ့အခါ အဲဒီသားတော်ရင်းတွေကိုပဲ ထီးနန်းပေးအပ်မှာလေ၊ အဲဒီအခါ တူတော်တို့က သားတော်ရင်းတွေ မဟုတ်တဲ့အတွက် ဒီလိုအခွင့်အရေးမျိုး ဘယ်ရလိမ့်မတုန်း၊ ဒါကြောင့် တူတော်တို့ကို ချစ်မြတ်နိုးတဲ့ ဦးရီးတော်က ဒီ



အရေးကို စဉ်းစားမိလို့ တူတော်တို့အတွက် အခုလို ထီးနန်းလုယူထားလိုက်တာပဲကွဲ့"

သူ့စကားကို ခွန်ချိုနဲ့ ခွန်သာတို့ ယုံကြည်သက်ဝင်သွားပုံရသည်။ ခေါင်းကလေး တညိတ်ညိတ်နှင့် စိတ်ဝင်တစား နားထောင်ရှာသည်။

ကဲ ... ခုတော့ သူ့အကွက်ထဲ ဝင်လာပေပြီ။ သူ ကြံစည်စဉ်းစားထားသည့်အတိုင်း လုပ်ရပေတော့မည်။

"အေးလေ ... တူတော်တို့က ဦးရီးတော်အပေါ် ဘယ်ယုံကြည်ပါ့မလဲ၊ ဟိုစဉ်တုန်းကလည်း ဦးရီးတော်က တူတော်တို့နဲ့ လက်ပွန်းတတီး မရှိခဲ့တော့ ဦးရီးတော်ရဲ့ ချစ်ခင်မှုကို တူတော်တို့ ဘယ်ယုံကြည်ပါ့မလဲကွယ်"

သူက မျက်နှာလေး ငယ်၊ လေသံပျော့လေးနှင့် ပြောလိုက်သည်။ သူ့အမူအရာကြောင့် တူတော်နှစ်ပါး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြကာ -

"ဤသို့ မဟုတ်ရပါ ဦးရီးတော်ဘုရား၊ ဦးရီး

www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့ တူတော်တို့အပေါ် ချစ်ခြင်းကို ယုံကြည်ပါတယ်၊ ဝမ်းလည်းဝမ်းသာမိရပါတယ် ဘုရား"

"ဟုတ်ပါတယ် ဦးရီးတော်၊ ဦးရီးတော်ကို တူတော်တို့ ယုံကြည်ပါတယ်"

ညီနောင်နှစ်ပါးက ပျာပျာသလဲ လျှောက်တင်ကြသည်။ သူက ဝမ်းသာဟန် မပြဘဲ ...

"တူတော်တို့က ဦးရီးတော် စိတ်ချမ်းသာအောင် ဆိုတတ်ကြပါပေတယ်ကွယ်၊အေးလေ၊ ရတ်တရက်ကြီးဆိုတော့ ယုံကြည်ရန် ခက်သားလားကွယ်၊ ဦးရီးတော် နားလည်ပါတယ်"

သူက အထွန့်တက်စကား ဆိုလိုက်ပြန်တော့ ညီနောင်နှစ်ပါးသည် ပို၍ ထိတ်ပျာသွားကြပြီး ...

"ဦးရီးတော်ကို တူတော်တို့ တကယ်ယုံကြည်ပါတယ်ဘုရား"

"အဟုတ်အမှန် ပြောရပါသည်ဘုရား"

ညီနောင်နှစ်ပါးက လှိုက်လှိုက်လှဲလှဲပင် ပြောနေသော်လည်း သူက ယုံဟန်မပြသေးဘဲ ...



"ဤသို့ဆိုလျှင် သစ္စာရေသောက်ပြီး ပြောမလား တူတော်တို့၊ ဒါမှ ဦးရီးတော်လည်း ယုံကြည်တော်မူမယ်"

"သောက်ပါ့မယ် ဦးရီးတော်ဘုရား"

နိပ်ဟ။ အကွက်ထဲ တည့်တည့်ကြီးဝင်တိုးလေပြီ။ ဒီတော့ သစ္စာရေ တိုက်ရပေမပေါ့။ သစ္စာရေတိုက်ပြီးလေလျှင်တော့။

"ကဲ ... ဒါဆို သစ္စာရေသောက်ပြီး ဦးရီးတော်ခိုင်းစေသမျှ လုပ်ဆောင်ပါမည်ဟု ပြောဆိုကြလော့"

သူ ခိုင်းစေသည့်အတိုင်း ခွန်ချိုနှင့် ခွန်သာတို့က လုပ်ဆောင်ကြလေ၏။

"သစ္စာရေလည်း သောက်ပြီးကြပြီဖြစ်လို့ ဦးရီးတော် ယုံကြည်ပါပြီကွယ်၊ ဒါနဲ့ တူတော်တို့ကို ဦးရီးတော် ခိုင်းစေလွှတ်စရာတစ်ခုရှိတယ်ကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ဦးရိုးတော်၊ မိန့်တော်မူပါဦး ဘုရား"

သူက သလွန်ထက်တွင် ထိုင်စံစားနေရာမှ ဆင်းလိုက်ကာ ဟိုဘက်သည်ဘက် လမ်းခဏလျှောက်ကာ အချိန်ဆွဲလိုက်သည်။

ခုတော့ ခွန်ချိုနှင့် ခွန်သာသည် သူ၏သစ္စာတော်ခံ ဘက်တော်သားများ ဖြစ်သွားကြပြီ ။ ဒီတော့ သူ ခိုင်းစေသည်ကို ငြင်းဆိုနိုင်မည်မဟုတ်တော့။ ဒီလို အကွက်ထဲ ဝင်နိုင်အောင်လည်း သူက ကြိုတင်စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

သူ့ဆန္ဒတို့ ပြည့်ဝရတော့မည်။

သူ ကျေကျေနပ်နပ် အားရပါးရပြုံးလိုက်မိသည်။ သူ့မျက်ဝန်းရိပ်တို့ တဖျပ်ဖျပ်လက်ကာ တောက်ပြောင်နေမည်မှန်း မကြည့်ဘဲနှင့်သိ၏။

"တူတော်တို့ လုပ်ရမှာက နောင်တော် ကိုးမြို့ရှင်ကို ရှာဖွေပေးဖို့ပဲ"

ခွန်ချိုနှင့် ခွန်သာတို့ မျက်ဝန်းများ ဖျပ်ခနဲ



အရောင်လဲ့သွားကြသည်။ အံ့အံ့သြသြနှင့် ...

"နောင်တော် ကိုးမြို့ရှင်ကို တွေ့ရှိရင်တော့ ခေါင်းဖြတ်ပြီး ဆက်သရပေမည် ... အမိန့်တော်"

"ဒါ ... ဒါကတော့ ..."

ခွန်ချိုနှင့် ခွန်သာက သူ့အမိန့်ကို တထိတ်တလန့်နှင့် ငြင်းဆိုရန် ကြိုးစားသည်။

"ဒါ ပန်းတောင်းပြည့်ရှင်ရဲ့ အမိန့်တော်နော်၊ တူတော်တို့ ငြင်းပယ်ဝံ့လို့လား၊ တူတော်တို့ဟာ သစ္စာရေသောက်ပြီး ငါကိုယ်တော်ခိုင်းသမျှ လုပ်ဆောင်ပါမည်လို့ သစ္စာဆိုပြီးခဲ့ပြီနော်၊ ဒါကို ဖောက်ဖျက်ချင်လို့လား"

သူက အမိအရ မလွှပ်မသာအောင် အပိုင်ပြောလိုက်တော့မှ ခွန်ချိုနှင့် ခွန်သာ ညီနောင်နှစ်ပါး ခေါင်းငိုက်စိုက်ကျသွားလေသည်။

"ဦးရိုးတော် ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ကို နာခံပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း တိုးတိတ်ညင်သာစွာ ပြောလေတော့၏။

သူသည်လည်း ကျေနပ်အားရစွာ အပြုံးတစ်ခု ဆင်မြန်းထားလိုက်ပါတော့သည်။

ဖဖဖဖ

အခန်း(၉)

ခွန်ချိုနှင့် ခွန်သာအား ကိုးမြို့ရှင်၏ ဦးခေါင်းကိုဖြတ်ယူ၍ ဆက်သရမည်ဖြစ်ကြောင်း အမိန့်ပေးနိုင်းစေလိုက်ပြီးနောက် သူသည် အိမ်တော်ဝန် ဦးညိုနှင့်အတူ နောက်တော်ပါ အခြွေအရံများခေါ်ယူ၍ ငွေးချိုတောင် စံကားဝါရိပ်သာစခန်းတွင် စံတဲနန်းနှင့် အသင့်စောင့်ဆိုင်းနေမိ၏။

ထိုသို့ စောင့်ဆိုင်းနေစဉ်မှာပဲ အိမ်ထောင်ဝန် ဦးညိုသည် မင်းကျော်စွာအား သွေးထိုး နားချစကားများ ပြောကြားလာသည်။

"အရှင်မင်းကြီးအတွက် အနှောင့်အယှက် ရန်စွယ် ရန်ညှောင့်ဟူသမျှကို အမြစ်ပြတ် ချေမှုန်း

www.burmeseclassic.com

www.burmeseclassic.com



မှသာ သင့်တော်ပေလိမ့်မည်ဟု ကျွန်တော်မျိုး လျှောက်တင်လိုပါသည် ဘုရား”

အိမ်တော်ဝန်ဦးညို၏ စကားကြောင့် သူ အံ့သြထူးဆန်းသွားသည်။

“ဝန်မင်းက ဘာကိုဆိုလိုတာလဲ၊ ကိုယ်တော် နားရှင်းအောင် တင်စမ်းပါဦး”

“မှန်လှပါ အရှင်မင်းမြတ်၊ ကျူပင်ခုတ် ကျူငုတ်မကျန်စေနဲ့ဆိုသလို ခွန်ချို ခွန်သာ ညီနောင်နှစ်ပါးကို သုတ်သင်သင့်ပါကြောင်း ပါဘုရား”

ဝန်မင်း၏ စကားဆုံးတော့ သူ တုန်လှုပ်သွားမိသည်။ ခွန်ချိုနှင့် ခွန်သာကို သုတ်သင်ပစ်ရမတဲ့။

အို ... ဒီလိုလုပ်လို့ ဘယ်ဖြစ်မတုန်း။ ခွန်ချို ခွန်သာဆိုတာ သူ့သားအရင်းလို ချစ်ခင်ရတဲ့သူတွေပဲ။ မဖြစ်ချေဘူး။ မဖြစ်ချေဘူး။

ထိုစဉ်မှာပင် သူ့နားဆီမှ မြင်းခွာသံတခွပ်ခွပ်ကို ကြားလိုက်ရလေတော့သည်။

အပြေးအလွှားပင် စံတဲနန်းထဲမှထွက်၍ အပြင်



သို့ကြည့်လိုက်မိ၏။

“ဟာင်”

တွေ့လိုက်ရသည်မှာ ခွန်ချိုနှင့် ခွန်သာ ညီနောင်နှစ်ပါး မြင်းစီး၍ အဝေးဆီသို့ထွက်ခွာသွားခြင်းပင်။ အခြေအနေကို ချက်ချင်း သူ ရိပ်စားမိလိုက်သည်။ ဟာ...သွားပြီ။ ဘယ်အချိန်ကတည်းက ရောက်နှင့်နေလဲမသိသော တူတော်နှစ်ပါးမှာ သူတို့ပြောနေသောစကားများ ကြားသွားပုံရသည်။

သူတို့ကို သတ်မည်ဟု ထင်ကာ အထင်လွဲထွက်ပြေးသွားခြင်းဖြစ်ရမည်။

“အရှင်မင်းကြီးဘုရား ... ခွန်ချိုနဲ့ ခွန်သာတို့ ကြားသွားကြပြီဖြစ်တယ်၊ ဒီပုံဆိုရင်တော့ အရှင်မင်းကြီးကို ပုန်ကန်ကြတော့မယ်နဲ့ တူတယ်၊ သူတို့ကို အရှင်မင်းကြီး ဒီအတိုင်း လွှတ်လိုက်တော့မလို့လား ဘုရား၊ အရှင်မင်းကြီးကို ပုန်ကန်လာမည့်အရေးမို့ စဉ်းစားချင့်ချိန်တော်မူပါ ဘုရား၊ စဉ်းစားတော်မူပါ”

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်ဝန် ဦးညိုက အတင်းတိုက်တွန်း နှိုးဆော်နေသည်။ အခြေအနေသည် သူမျှော်လင့်ထားသလို မဟုတ်တော့ပေ။ တူတော်နှစ်ပါးသည် သူ့အား အထင်တော်လွဲကာ ပုန်ကန်ပေတော့မည်ဖြစ်သည်။ ဤသို့ဆိုလျှင် သူ မက်မောသော ထီးနန်းစည်းစိမ်နှင့် အဝေးကြီးဝေးရမည့်အခြေအနေကို ဖြစ်ပေါ်လာတော့မည်။

ဒီလိုဆိုရင်ဖြင့် သူ ဘာလုပ်သင့်သလဲ။ လုပ်ဆောင်စရာတစ်ခုပဲ ရှိတော့သည်။

"ဟော့ … ရဲမက်တွေ … ထွက်ပြေးသွားတဲ့ ဟိုညီနောင်နှစ်ပါးနောက်ကိုလိုက်ပြီး သုတ်သင်လိုက်ကြစမ်း"

သူ့အမိန့်တော် ဆုံးသည်နှင့် ရဲမက်များ ခွန်ချိုခွန်သာတို့နောက် တရကြမ်း လိုက်လေတော့၏။

မတတ်နိုင်ဘူး။ အခြေအနေက ဤသို့ လုပ်ဆောင်မှ ဖြစ်တော့မည်မလား။ အခုအချိန်မှ ခွန်ချိုခွန်သာတို့ကို ခေါ်ယူရှင်းပြလေလျှင်လည်း သူ့အား



ယုံကြည်တော့မည်မဟုတ်။

မထူးတော့မည့်အတူတူ မထူးဇာတ်ဘဲ ခင်းရချေတော့မည်။ သို့ပေမယ့် သံယောဇဉ်ငြိတွယ်နေမိသော သူတို့လေးတွေအပေါ် ဤသို့ လုပ်ဆောင်လိုက်ရသည်ကိုပင် သူ စိတ်မကောင်းဖြစ်နေမိ၏။

သို့သော် မတတ်နိုင်ပြီ။ လူသည် လူသာလျှင်ဖြစ်၏။ အကျဉ်းအကျပ်သို့ ရောက်တိုင်း လူသည် ကိုယ်ကျိုးသာကြည့်သည်။ ကိုယ်ကျိုးမှလွဲ၍ တခြားဘာကိုမှ မကြည့်တတ်။ မိမိကိုယ်အကျိုးစီးပွား ဖြစ်ထွန်းမှုသည်သာ အရေးကြီးဆုံး မဟုတ်လား။

သည်တော့ လူထဲက လူမှုသာ ဖြစ်သော သူသည်လည်း မိမိရာဇပလ္လင်ကို တစ်စုံတစ်ယောက်က လာ၍ ကိုင်လှုပ်လာမည့်အရေးကို တွေးတော၍ 'ထမင်းလုံး တစ္ဆေခြောက်' နေမည်ဆိုက အဆိုးမဆိုသာပေ။

လူဆိုသည်မှာ လူမှုသာတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ထွက်သွားတာကြာပြီဖြစ်၍ သူ စိတ်ပူ ရင်ထိတ်နေမိသည်။ အခြေအနေသည် မည်သို့ရှိလေပြီလဲ။ သူ ဘာမျှမသိရသေး။ ခွန်ချို၊ ခွန်သာတို့ ညီနောင်နှစ်ပါး၏ကံကြမ္မာက အသို့နည်း။

စံတဲနန်းတွင် သတင်းကိုမျှော်ရင်း သူ စောင့်စားနေမိသည်။ ခွန်ချို ခွန်သာတို့ ယူဆောင်လာသောကိုးမြို့ရှင်၏ ခေါင်းပြတ်ကြီးကိုလည်း တဲနန်းထောင့်တွင် တွေ့ခဲ့ရပြီးပြီ။

ညီနောင်နှစ်ပါးသည် သူ့အမိန့်ကို ကျေပွန်အောင် ဆောင်ရွက်ခဲ့ရှာသား။

တာဝန်ထမ်းဆောင်ပြီးလို့ပြန်လာတဲ့ သူတို့ကို



ရင်ဝဆီး ကန်ခံလိုက်ရသည့်အဖြစ်မျိုးမို့ သူတို့တော်တော်ခံပြင်းသွားကြမှာပေါ့။ သူ့ကိုလည်း တော်တော်နာကြည်းသွားကြမှာပေါ့။

မွေးစားဖခင်၏ ခေါင်းကို ဖြတ်ယူစေလာပြီးတာဝန်တော် ကျေပွန်ခဲ့သည့် သူတို့အတွက် ရလဒ်ဟာဒါလားဟူ၍ သူတို့ နာကျင်ကြေကွဲသွားရှာပေတော့မည်ဟု သူတွေးမိသည်။

ထိုသို့ တွေးမိတော့ သူ့ရင်ထဲ မကောင်းနိုင်တော့။

ဩော် ... ကံကြမ္မာရယ်။ ဘာကြောင့် ဒီလိုအဖြစ်ဆိုးမျိုးတွေကိုမှ ကြုံဆုံစေခဲ့ရတာလဲလေ။

* * *

မြင်းခွာသံ တခွပ်ခွပ် ကြားရလေပြီ။

သူ စံတဲနန်းမှ အပြင်သို့ထွက်ကာ မျှော်ကြည့်လိုက်သည်။ သူ၏ရဲမက်များ ပြန်လာနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ညီနောင်နှစ်ပါးကို ကွပ်မျက်ခဲ့ရဲ့လား"

သူက သိချင်စိတ်ကြောင့် အလောတကြီးပင် မေးလိုက်သည်။ ရဲမက်တစ်ဦးက -

"ခွန်ချိုနှင့် ခွန်သာ ညီနောင်နှစ်ပါးမှာ ကျွန်တော်မျိုးတို့အား ပြန်လည်ခုခံရင်း ချောက်တစ်ခုအတွင်းသို့ ခုန်ချသွားပါတယ်၊ သေဆုံးသွားပြီလို့ မှတ်ယူရသဖြင့် ကျွန်တော်မျိုးတို့ ပြန်လှည့်လာခဲ့ရခြင်း ဖြစ်ကြောင်းပါဘုရား"

"ဘာ ... ချောက်ထဲ ခုန်ချသွားတယ်"

သူ အလန့်တကြားပင် အော်မိလိုက်သည်။ သုတ်သင်ပစ်ဖို့ အမိန့်ပေးခဲ့ပေမယ့် တကယ်တမ်း သေဆုံးသွားပြီဟု သိရတော့ သူ့ရင်ထဲ ဆို့နစ်လာရသည်။ သူ ဝမ်းနည်းကြေကွဲစွာ ခံစားရ၏။

သူချစ်သော သံယောဇဉ်ရှိရှာလွန်းသော ထိုကလေးနှစ်ယောက်အပေါ်၌ သူလုပ်ရပ်သည် မှားခဲ့လေသလားဟူ၍ပင် နောင်တရချင်လာမိသည်။



သူ လက်ဝါးပေါ်မျက်နှာအပ်ကာ အတန်ကြာ စဉ်းစားနေမိသည်။ သူ မှားခဲ့ပြီလား။ မှားခဲ့ပြီလားဟူသော မေးခွန်းတို့က သူ့ကိုယ်တွင်း အဆက်မပြတ် ရိုက်ခတ်နေသည်။

ဘုရား ... ဘုရား။ သူ သိပ်မှားသွားခဲ့ပြီပဲ။ ကြည့်စမ်း ... သူ တစ်ကိုယ်ကောင်းဆန်မိခဲ့သည်။ အရာရာကို သူ အတ္တကြီးစွာ ဇွတ်တရွတ်လုပ်ဆောင်မိခဲ့သည်။ စေ့စေ့တွေးကြည့်မှ သူ့အမှားတွေကို သူ မြင်လာမိသည်။

သူ ဘာတွေလျှောက်လုပ်ခဲ့ပါလိမ့်။

မွေးစားခွင့်မပြုခဲ့တာလေးနှင့် သူ ခမည်းတော်အပေါ် ရန်ငြိုးထား လုပ်ကြံမိခဲ့သည်။ ထီးနန်းကို အဓမ္မသိမ်းယူခဲ့သည်။ ပြီးတော့ နောင်တော် ကိုးမြို့ရှင်အပေါ် သူ ရက်စက်မိခဲ့သည်။ ခုတော့ တူတော်နှစ်ပါးကိုပါ သူ့ကို ပုန်ကန်မည့်အရေးကို တုန်လှုပ်ပြီး သူ ကွပ်မျက်ခိုင်းခဲ့သည်။

အို ... ဒါတွေဟာ မင်းကျော်စွာရဲ့ လုပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



တွေတဲ့။ ပန်းတောင်းပြည့်ရှင်မင်းမြတ်ရဲ့ မဖွယ်မရာ လုပ်ရပ်တွေတဲ့လား။

အဖြစ်အပျက်တွေကို တစ်ခုချင်းစီကာစဉ်ကာ ပြန်တွေးကြည့်တော့မှ စက်ရာသလွန်မှ လန့်နိုးလာသလို သူ ဆတ်ခနဲ တုန်လှုပ်သွားမိသည်။ ချက်ချင်းပင် ခွန်ချို ခွန်သာ ကျသွားခဲ့သော ချောက်ရှိရာသို့ သူ ထွက်လာမိသည်။

သူ့လုပ်ရပ်ကို နားမလည်စွာ အိမ်တော်ဝန် ဦးညိုနှင့် အမတ်အချို့က တားဖို့ကြိုးစားခြင်းသည် …

သူ နားမထောင်နိုင်တော့။ ဒီအချိန် ဘယ်သူ့စကားကိုမှ နားဝင်နိုင်တော့မည်မဟုတ်။

သူ စိတ်ပိုင်းဖြတ်ပြီးသွားပြီ။ ခွန်ချိုနှင့် ခွန်သာတို့အလောင်းကို ပြန်ရှာရမည်။ တူတော်တို့၏ ရုပ်အလောင်းကို ခန့်ထည်စွာ သင်္ဂြိုဟ်ပေးရမည်။ သူ့အတွက် ဒါဟာ တူတော်တို့အပေါ် လုပ်ဆောင်နိုင်မည့် နောက်ဆုံးအခွင့်အရေးပဲ။

ထို့ကြောင့် …



"အရှင်မင်းကြီး မဆင်းပါနဲ့၊ အန္တရာယ်ရှိတယ် ဘုရား"

သူက ခွန်ချို၊ ခွန်သာ ကျသွားသော ချောက်အတွင်းသို့ တရွေ့ရွေ့ ခက်ခက်ခဲခဲဆင်းသည်။ အိမ်တော်ဝန် ဦးညိုက စိုးရိမ်တကြီး လှမ်းအော်သတိပေးနေသည်။ ဒါကို သူ လုံးဝဂရုမစိုက်။ သူ့အတွက် အရေးကြီးနေသည်မှာ တူတော်တို့ အလောင်းကိုရှာဖို့၊ တူတော်တို့ရဲ့ နောက်ဆုံးရုပ်အလောင်းကို ခန့်ထည်စွာ သင်္ဂြိုဟ်စီမံပေးဖို့ ဒါပဲ သူ့ခေါင်းထဲမှာရှိနေသည်။

သူ ချောက်အတွင်းသို့ လုံးဝ လှမ်းမကြည့်။ တောင်နံရံတွေကိုသာကြည့်ရင်း ဂရုတစိုက် ဆင်းလာသည်။ တရွေ့ရွေ့နှင့် ချောက်အလယ်သို့ပင် ရောက်ရှိလာခဲ့ပြီ။ အိမ်တော်ဝန် ဦးညိုသည် သူ့ကို စိတ်မချ၍ထင်။ သူပါ ချောက်ထဲသို့ လိုက်ဆင်းလာသည်။ တားမရသည့်အတူတူ သူ့အား အနီးကပ် စောင့်ရှောက်ရန် သူ လိုက်လာခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အဖော်ရှိတော့ သူ့အားတက်

www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်။ ဒါမှ တူတော်တို့ အလောင်းကို မြန်မြန် ရှာဖွေနိုင်မှာ။ သူတို့သည် တရွေ့ရွေ့ ဆင်းရင်း ဆင်းရင်း ချောက်ဆုံးသို့တောင် ရောက်ရှိလာခဲ့လေပြီ။

သို့သော် ချောက်အတွင်းတွင် ခွန်ချို ခွန်သာတို့ အလောင်းကိုမတွေ့။ နေရာအနှံ့ ရှာကြည့်သည်။ လုံးဝ ကို မတွေ့။

"ဝန်မင်း ... တူတော်တို့ အလောင်းလည်း မတွေ့ပါလား၊ ဘယ်ရောက်သွားကြတာလဲ မသိဘူး"

"အရှင်မင်းကြီး ... တောကောင်တွေ ဘာတွေ ဆွဲသွားသလား မသိဘူးဘုရား"

"တောကောင်တွေ ဆွဲရင် သွေးစလက်နလေး တော့ ကျန်မှာပေါ့၊ ခုတော့ ဘာဆိုဘာမှမတွေ့ ဘူး၊ ဝန်မင်း စဉ်းစားကြည့်စမ်း၊ ဒါ ဘာဖြစ် နိုင်မလဲ"

"ကျွန်တော်မျိုးအထင်တော့ သူတို့ ချောက်ထဲ မကျလာဘူးထင်တယ်"



"ဟင် ... ဒါဆို သူတို့ လွတ်မြောက်သွား တာပေါ့"

"ဤသို့ပင် ထင်မိပါသည် မင်းကြီး"

သူ ထိတ်ခနဲ ဝမ်းသာသွားမိသည်။ ချောက်တွင်းမှာလည်း သေချာရှာပြီးပြီ။ မတွေ့။ ဒါဆို သူတို့ လွတ်မြောက်သွားကြတာပေါ့။

"ဝန်မင်းရေ ... ကျုပ်တို့တွေ ပြန်တက်ရ အောင်"

သူ့မျက်နှာအနေအထားကို အိမ်တော်ဝန် ဦးညို က အံ့သြနားမလည် ဖြစ်နေပုံရသည်။

ဖြစ်ပေမပေါ့။ သူက သတ်စေအမိန့်ပေးခဲ့ပြီးမှ တူတော်တို့ အသက်မသေသည့်အဖြစ်ကို သိလိုက်ရ၍ ဝမ်းသာနေတာကို ဝန်မင်းအံ့သြရှာမှာပေါ့။

သူသည် ရွှင်လန်းဝမ်းမြောက်စွာဖြင့် ချောက်တွင်းမှ ပြန်တက်ခဲ့သည်။

ဒါဆို တူတော်တို့ ဘယ်ရောက်သွားပြီလဲ။ ချောက်တွင်းသို့ ခုန်ချဟန် အရောင်ပြပြီးမှ ထွက်ပြေး

www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်သွားကြတာလား။ ဤသို့ဆိုလျှင် ကောင်းပေလိမ့်မည်။ အသက်မသေတာကိုဘဲ သူ ဝမ်းသာရမည်။

သူ့ကို မကျေနပ်၍ တူတော်တို့ ပုန်ကန်လာခဲ့လျှင် ထီးနန်းကို အသာတကြည်လွှဲပေးလိုက်ဖို့ သူ ဆုံးဖြတ်မိသည်။

သူတို့သည် ချောက်အတွင်းမှ တရွေ့ရွေ့တက်လာရာ ချောက်၏အလယ်သို့ပင် ရောက်ရှိလာခဲ့ပေပြီ။

ထိုစဉ် သူတို့နားထဲ၌ တကျွီကျွီနှင့် အသံတစ်ခုကို ကြားလိုက်မိ၍ အပေါ်သို့ မော့ကြည့်လိုက်ရာ ...

သူတို့နှင့် မနီးမဝေး ချောက်အလယ် ကမ်းပါးယံ အစွန်း၌ ပေါက်နေသော စကားဝါပင်၏အရင်းမှာ တွယ်ကပ်ရပ်တည်နေကြသော ခွန်ချိုနှင့် ခွန်သာတို့အား တွေ့လိုက်ရလေသည်။

သူ ဝမ်းသာအားရဖြင့် လှမ်းခေါ်မည်ပြု၏။ ထိုစဉ်မှာပင် စကားဝါပင်ကြီးသည် တကျွီကျွီနှင့် လှုပ်ယမ်းလာသည်။ ခွန်ချိုနှင့် ခွန်သာက စကားဝါပင်ရင်းမှ



နေ၍ ...

"လူယုတ်မာကြီး သေပေတော့"

ဟု အော်ဟစ်ဆိုကာ စကားဝါပင်ကို အမြစ်မှ ခုတ်ကာ လှဲချနေသည်။

ထိုအခါမှ စကားဝါပင်၏ အောက်တည့်တည့်၌ သူတို့ရောက်ရှိနေသည့်အဖြစ်ကို သတိထားမိရတော့သည်။

"ဟာ ... မလုပ်နဲ့ တူတော်တို့"

သူ့ရဲ့ အော်ဟစ်တားဆီးသံကိုပင် အဆုံးမသတ်နိုင်သေး။ ရှည်လျားလှသော စကားဝါပင်ကြီးသည် အမြစ်မှကျွတ်ကာ ချောက်ကမ်းပါးမှ တွယ်ကုပ်တက်နေသော မင်းကျော်စွာနှင့် အိမ်တော်ဝန် ဦးညိုကြီးရှိရာ တည့်တည့်သို့ ဝုန်းခနဲ ပိကျလာလေတော့၏။ မင်းကျော်စွာတို့ နှစ်ဦးမှာ လုံးဝ ရှောင်ချိန်မရှိတော့။

ခွန်ချိုနှင့် ခွန်သာတို့မှာလည်း ယင်းတို့တွယ်ကပ်နေသော စကားဝါပင်ကြီးနှင့်အတူ ချောက်တွင်းသို့ ကျရောက်ခဲ့ လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံး ပြီးဆုံးသွားခဲ့ချေပြီ။

အမုန်း၊ အငြိုး၊ အာဃာတ တရားတို့နှင့် ပြည့်နှက်နေသော လူ့လောကကြီးမှ သူတို့ ထွက်ခွာလာခဲ့ကြသည်။

ယခုတော့ သူတို့သည်လည်း ဘဝသစ်မှာ ဖြစ်တည်ခံစားရင်း ဒီဘဝ ဒီမျှနဲ့သာ အာဃာတ အမုန်းတရားတွေ ပျက်ပြယ်ပါစေတော့ရယ်လို့ ဆုတောင်းနေမိပါတော့သည်။



ဒဿကျော်စွာ

www.burmeseclassic.com